# ဝေဿန္တရာပျို့

စာဆိုတော်ဦးနိုး

mgyoe.com

ISBN 9789997118875
ANB126
9 789997 118875
2,500.00KS

ဝေဿန္တရာပျို့၊ စာဆိုတော်ဦးနိုး
စာမျက်နှာ ၂၁၆++ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ စက်တင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၁ ရှေးဟောင်းစာပေနှင့်ယဉ်ကျေးမှုဌာနစိတ်ထုတ်မှု၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

ဘိုးတော်မင်းတရားကြီးလက်ထက်

ထင်ရှားကျော်စောသော

စာဆိုတော်ဦးနိုး ဖွဲ့ဆိုသီကုံးသည့်

# ဝေဿန္တရာပျို့

ဦးလှတင်(လှသမိန်)

(အထက်တန်းအရာရှိ ရှေးဟောင်းစာပေဌာန)

တည်းဖြတ်သည်။

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၉

mgyoe.com

mgyoe.com

စာဆိုတော်ဦးနိုး၏ ဝေဿန္တရာပျို့မှလွှဲ၍
ယခုသတ်ပုံ ပြင်ဆင်ထားပါသည်။

mgyoe.com

mgyoe.com

ဘိုးတော်မင်းတရားကြီးလက်ထက်
ထင်ရှားကျော်စောသော
စာဆိုတော်ဦးနိုး ဖွဲ့ဆိုသီကုံးသည့်

# ဝေဿန္တရာပျို့

ဦးလှတင်(လှသမိန်)
(အထက်တန်းအရာရှိ၊ ရှေးဟောင်းစာပေဌာန)
တည်းဖြတ်သည်

[စာဆိုတော် ဦးနိုး၏ ဝေဿန္တရာပျို့မှလွဲ၍
နိဒါန်းကို ယခုသတ်ပုံအတိုင်း ပြင်ထားပါသည်။]

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

မြန်မာစာပေလောကတွင် ဝေဿန္တရာပျို့*သုံးစောင်ရှိသည်ဟု ပိဋကတ်သမိုင်းနှင့်တကွ စာပေညွှန်းများတွင် ဖော်ပြခဲ့ကြလေသည်။ ထိုသို့သုံးစောင်ရှိသည့်အနက် ဘိုးတော်ဘုရားလက်ထက် တွင်းသင်း တိုက်ဝန်မဟာစည်သူ ဦးထွန်းညို (၁၀၈၈-၁၁၇၁) ဖွဲ့ဆိုသော (မဟာကပ္ပ) အစချီ ဝေဿန္တရာပျို့ကို ပုံနှိပ်ထုတ်ဝေခဲ့ဖူး၍ ကျန်ပျို့နှစ်စောင်မှာ ပျောက်ကွယ်နေခဲ့လေသည်။ ဦးထွန်းညို၏ ဝေဿန္တရာပျို့မှာ ၁၁၆၀ ပြည့်နှစ်တွင် ရေးသာဖွဲ့ဆိုခဲ့၍ ထိုထက်စောစွာ သက္ကရာဇ် ၉၅၄ ခုနှစ်ကပင် တောင်ဖီလာဆရာတော် အရှင်ဥပါလိ† (၉၄၀-၁၀၁၃) ဖွဲ့ဆိုတော်မူခဲ့သော (သမ္ဗာသမ္ဗုဒ္ဓ)အစချီ ဝေဿန္တရာပျို့တစ်စောင် ပေါ်ထွက်ခဲ့လေသေးသည်။ ယင်းပျို့ကိုကား ရှာဖွေမတွေ့ရှိရသေးပေ။ ဝေါဟာရတ္ထပကာသနီနှင့် ကဝိလက္ခဏာဒီပနီတို့တွင် တောင်ဖီလာဆရာတော်၏ပျို့မှ

* ၄ စောင်ဟုလည်း ညွှန်းကြသေး၏။ ဦးနိုးကိုယ်တိုင်မှ နိဂုံး၌ ရှေးက ၂ စောင်ရှိခဲ့ကြောင်း ဆိုသည်။

† ၈၄၁-၉၃၉ ဟူ၍လည်း အမှတ်အသားရှိသည်။

mgyoe.com

mgyoe.com



ထုတ်နုတ်ကိုးကားချက်များကို တွေ့ရှိရလေသည်။ ကျန်တစ်စောင်ဖြစ်သော ဝေဿန္တရာပျို့မှာကား စာဆိုတော်ဦးနိုးဖွဲ့ဆိုသည့် (ဇာတိဝံသ၊ မြတ်သေဋ္ဌဖြင့်) အစချီသောပျို့ပင် ဖြစ်လေသည်။ ယခု ရိုက်နှိပ်ထုတ်ဝေသော ဝေဿန္တရာပျို့မှာ ဦးနိုး၏ပျို့ပင် ဖြစ်လေသည်။

ဦးနိုး၏ ဝေဿန္တရာပျို့ကို ကျွန်ုပ်တို့သည် တောင်တွင်းကြီးမြို့၊ ရှေးဟောင်းစာပေထိန်းသိမ်းရေးအဖွဲ့ ပိဋကတ်တိုက်တွင် ရှာဖွေတွေ့ရှိခဲ့ရပေသည်။ ထိုပျို့စာမူတွင်ကား နိဂုံးပိုဒ် အပြည့်အစုံမပါရှိချေ။ သို့ရာတွင် ထိုပျို့ကို စက်တင်ပုံနှိပ်နေဆဲတွင် မန္တလေးမြို့ အနောက်ခင်မကန် ပါဠိတက္ကသိုလ် ကျောက်ဆောက်ကျောင်း အရှင်ဝါသဝ၊ သာသနဓဇသိရီပဝရဓမ္မာစရိယထံမှ ပျို့ပေမူနှစ်စောင်ကို ချီးမြှင့်သနားခြင်းခံရသဖြင့် ပုံနှိပ်စာမူကြမ်း ပြင်ဆင်ရာတွင် အတော်အတန် တည်းဖြတ် ညှိနှိုင်းခွင့်ရရှိသည့်ပြင် နိဂုံးပိုဒ်များကိုလည်း အပြည့်အစုံ ဖြည့်သွင်းနိုင်ခွင့်ရရှိခဲ့လေသည်။

ပျို့နိဂုံးအရ ထိုပျို့ကို ၁၁၃၇ ခုနှစ်တွင် ရေးသားပြီးစီးကြောင်း သိရှိရလေသည်။

တောင်တွင်းကြီးပေမူအဆုံးတွင် ထိုပျို့စာမူကို ၁၁၆၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့တွင် မူလကူးယူကြောင်းနှင့် ၁၂၁၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ စနေနေ့တွင် ထပ်ဆင့်ကူးယူထားကြောင်းများကို ဖော်ပြထားလေသည်။ မန္တလေးမြို့မှပေမူမှာ ၁၂၀၂ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ တနင်္လာနေ့ ကူးပြီးပေမူဖြစ်လေသည်။

ဤဝေဿန္တရာပျို့ကို ဦးနိုးရေးသားကြောင်း အထောက်အထားကား ဤပျို့ "ရဟန်းစင်စစ်၊ မဖြစ်တုံပါ" ချီအပိုဒ်တွင် "ရဟန်းစင်စစ်၊ မဖြစ်တုံပါ၊ ဤသည်စာကို၊ လင်္ကာလုပ်လျက်၊ တောမထွက်မူ၊ အိမ်ဝက်ရွှံ့တွင်၊ လူးသောသွင်သို့၊ လူတွင်ငနိုး၊ မိုက်လှဆိုးဟု၊ အမျိုးလေးပါး၊ ကျွန်ုပ်အားကို၊ အများကဲ့ရဲ့၊ ဖွယ်ဖြစ်ခဲ့လည်း" စသည့်စကားရပ်ပင်

mgyoe.com

mgyoe.com



ဖြစ်လေသည်။ ဦးနိုး၏ပျို့သည် ဝေဿန္တရာဇာတ်တော်ကြီး စကားပြေ ထက်ပင် ဇာတ်ကြောင်း ပြည့်စုံလှ၍ အလင်္ကာဂုဏ်အားဖြင့်လည်း ပြောင်မြောက် အဆင့်အတန်းမီလေသည်။ ဦးနိုးသည် ဇာတ်တော်ပါဠိ နိဿယနှင့် အဋ္ဌကထာကို မှီတည်၍ လင်္ကာသွားဖြင့် ပြန်ဆိုခြင်းပင်ဖြစ်၍ ဇာတ်တော်တစ်စောင်လုံး ချြမိငုံမိအောင် ပြည့်ပြည့်စုံစုံ ရေးသားနိုင်သည် မှာ ချီးမွမ်းဖွယ်ပင်ဖြစ်လေသည်။ ဝေဿန္တရာဇာတ်တော်ကြီး စကားပြေ သည် ၁၁၄၅ ခု၊ တပေါင်းလတွင် ပေါ်ထွက်ခဲ့ရာ ဦးနိုး၏ ဝေဿန္တရာပျို့ သည် ဇာတ်တော်ကြီးစကားပြေထက်ပင် ရှစ်နှစ်စောကြောင်း သိရှိရလေ သည်။

## ဦးနိုး

ပျို့စာဆိုဦးနိုးကား ဘိုးတော်ဘုရားလက်ထက်တွင် ထင်ရှားသော စာဆိုတော်ကြီးတစ်ဦး ဖြစ်လေသည်။ သို့ရာတွင် ဦးနိုး၏အတ္ထုပ္ပတ္တိကို စုံလင်ကျနစွာ ရှာဖွေမရရှိနိုင်ခဲ့ပေ။ ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိနိုင်သမျှမှာ ဦးနိုး၏စာပေများမှ ရှာဖွေမွှေနှောက် ရရှိသည့်အချက်အလက်အချို့မျှသာ ဖြစ်ပေရာ ထိုသို့ရမိသမျှသော် အောက်ပါအတိုင်း မှတ်သားရလေသည်။

ပိဋကတ်သမိုင်းတွင် ဦးနိုးရေးသားခဲ့သော စာပေများအဖြစ်–

ဝေဿန္တရာပျို့

ဇနကပျို့

ဘုရားကြီးသမိုင်းပျို့

ပဋ္ဌာစာရီပျို့

ရှင်မာလဲပျို့

ဟူ၍ ပျို့ ၅ စောင်ကို ဖော်ပြခဲ့လေသည်။

ထိုပျို့များအနက် ရှင်မာလဲပျို့ကို မြန်မာစာညွှန့်ပေါင်းကျမ်းတွင်

mgyoe.com

mgyoe.com



ဖော်ပြရာ၌ ဦးနိုး၏အကြောင်းကို အမရပူရ ပထမနန်းတည်မင်းတရား (ဘိုးတော်ဘုရား) လက်ထက် ၁၁၆၆ ခုနှစ်ပြီး၊ ကုလားလူမျိုးမောင်နိုးရေး ရှင်မာလဲပျို့ဟူ၍ ဖော်ပြထားလေသည်။ နိုင်ငံတော်စာကြည့်တိုက်ရှိ ရှင်မာလဲပျို့ပေမူတွင်ကား နိဂုံးကြွင်းကျန်နေသဖြင့် တိုက်ဆိုင်ကြည့်ရှုခွင့် မရပေ။ ကုလားလူမျိုးဟူသောစကားကို အဘယ်သို့ မြန်မာစာညွှန့်ပေါင်း ဆရာ ရသည်ကားမသိရချေ။

ဦးနိုးရေး ၁၁၄၈ ခုနှစ်၊ ဝါဆိုလပြီး ဘုရားကြီးသမိုင်းပျို့ခေါ် မဟာမြတ်မုနိသမိုင်းပျို့တွင်ကား ဦးနိုးသည် မိမိအကြောင်းကို အတန်ငယ် ထည့်သွင်းဖော်ပြထားသဖြင့် အတ္ထုပ္ပတ္တိအချက်အလက်တချို့ကို ရရှိနိုင် ပေသည်။ ယင်းပျို့ အပိုဒ် ၉ တွင်–

မှတ်သိစေငှာ၊ သမိုင်းစာတွင်၊ လာသည့်တိုင်းကို၊ လင်္ကာဆို၏၊
နောက်ကိုနောင်ဖွား၊ အမျိုးသားတို့၊ စကားတီးတိုး၊ မောင်နိုးဆရာ၊
လင်္ကာဆန်းပြား၊ စကားမပြေ၊ စာဆိုလေဟု၊ မချေငါ့အား၊
စကားနောင်လျှင်၊ ပြစ်မတင်နှင့် –

ဟူ၍လည်းကောင်း

ယင်းပျို့အပိုဒ် ၄၉ တွင်–

အမရပူရာ၊ ရွှေပြည်သာမှ၊ ဖြောင့်စွာဖြူးဖြူး၊ နောက်စူးစူးဝယ်၊
ကြူးတုံတာသော်၊ နှစ်သောင်းကျော်၌၊ ထင်ပေါ်ကျေးသီး၊ မြင်း
စီး လယ်စား၊ မှည့်ပြားနာမာ၊ မုံရွေးရွာ၏၊ မြောက်သာအပါး၊
လမ်းမခြားလျက်၊ လေးပါးစက်စုံ၊ ရွာကြေးမုံဟု၊ ခေါ်တုံပညတ်၊
တောင်စွန်ရပ်တွင်၊ ပျော်ချင်မှန်စွာ၊ နေစဉ်ခါတွင် –

ဟူ၍လည်းကောင်း

ပန်းလျှင်ကုံးသို့၊ သိမ်းကျုံးသံချို၊ လင်္ကာဆိုသား၊ ကျွန်ုပ်အားမူ၊
အများခေါ်ကြ၊ ပဍ္ဍင်းဖဟု၊ ဘောဂဒါယကာ၊ ရက္ခာသိရိ၊ မြတ်လှ

mgyoe.com

mgyoe.com



ဘိ၍၊ မြတ်အဆင်း၊ ထင်ခြင်းတော်ဘိ၊ ဗောဓိဒါယကာ၊ ပလ္လင်
ပါလျက်၊ ရွှေသာညီးညီး၊ ဘုရားကြီးဒါယကာ၊ ငယ်မည်မှာမူ၊
ဝေါဟာခေါ်ငြား၊ ကျော်ထင်ရှားသည်၊ အများခေါ်ကြ မောင်နိုး
တည်း

ဟူ၍လည်းကောင်း ရေးသားထားသဖြင့် ဦးနိုးသည် မုံရွေးရွာ မြောက်၊ ကြေးမုံရွာ၊ တောင်စွန်ရပ်တွင်နေထိုင်၍ ပဉ္စင်းဒါယကာ၊ ဗောဓိ ပင်ဒါယကာ၊ ဘုရားကြီးဒါယကာဖြစ်ကြောင်း သိရှိရလေသည်။ ကဗျာ သင်္ဂဟမေဒနီ၌လည်း မုံရွေးရွာဇာတိ ဦးနိုးဟုပင် ဖော်ပြလေသည်။

တစ်ဖန် ဦးနိုးရေး ဝေဿန္တရာပျို့တွင်လည်း-

ရဟန်းစင်စစ်၊ မဖြစ်တုံပါ၊ ဤသည်စာကို၊ လင်္ကာလုပ်လျက်၊
တောမထွက်မူ၊ အိမ်ဝက်ရွံ့တွင်၊ လူးသောသွင်သို့၊ လူတွင်ငနိုး၊
မိုက်လှဆိုးဟု၊ အမျိုးလေးပါး၊ ကျွန်ုပ်အားကို၊ အများကဲ့ရဲ့၊
ဖွယ်ဖြစ်ခဲ့လည်း

ဟူ၍ဖော်ပြထားရာ ဝေဿန္တရာမင်းကြီး တောထွက်ခန်းကို ကဗျာလင်္ကာ ရေးဖွဲ့မြောက်ချီးနေငြားသော်လည်း စာဆိုဆရာကား ရဟန်းလည်းမဟုတ်၊ အိမ်မှုကိစ္စ ဃရာဝါသတွင် နစ်မြုပ်လျက်ပင် တောမထွက်နိုင်ဘဲ ရှိပေရကား မိမိကိုယ်တိုင် တောမထွက်နိုင်ဘဲလျက် သူတစ်ပါး တောထွက်ရန် ရေးသည်မှာ လျော်ကန်အံ့လောဟု လူအများကဲ့ရဲ့ဖွယ်ဖြစ်သော်လည်း... စသည်ဖြင့် မိမိအပြစ်လွတ်အောင် အဖြေကိုးကား ရေးသားခဲ့လေသည်။ ထိုအချက်ဖြင့် ဦးနိုးသည် လူဝတ်ကြောင်ဖြစ်၍ အိုးအိမ် ထူထောင်နေထိုင် သူဖြစ်ကြောင်းကိုလည်း ထင်ရှားသိရပြန်လေသည်။ ထိုမှတစ်ပါး ထိုပျို့ မှာပင်-

လင်္ကာဆိုသူ၊ ကျွန်ုပ်မူကား၊ မြန်လူတခွင်၊ သိတင်ခေါ်ကြ၊
ပဉ္စင်းဖဟု၊ ဘောဂဒကာ၊ ငယ်မည်မှာမူ၊ မေတ္တာမောက်ဖြိုး၊

mgyoe.com

mgyoe.com



မောင်မြတ်နိုးသည်၊ မညိုးဂုဏ်အင်
ဟူ၍လည်းကောင်း

ရတနာပူရ၊ ရွှေအင်းဝသည်၊ ဋ္ဌာနအစစ်၊ ချက်မြှုပ်ဖြစ်၍၊ ×××
ငါသာတစ်ဖန်၊ ပြောင်းလဲပြန်၍၊ အမှန်ရှေးက၊ လျှုကြွေးချသည်၊
ဒါနပြုရာ၊ မုံရွေးရွာဟု၊ ရတနာပူရ၊ ရွှေအင်းဝက၊ နောက်မျှမစွန်း၊
မြောက်ခပ်ယွန်းတွင်၊ ခန့်ချင်တာသော်၊ နှစ်သောင်းကျော်၌၊ ရွာ
သော် ကျေးသီး၊ မြင်းစီးလယ်စား၊ မည်ပြားသညာ၊ ရွှေရွေးရွာဟု
ဟူ၍လည်းကောင်း ဖော်ပြထားသေးသဖြင့် ပဋ္ဌင်းဒါယကာဖြစ်၍ ငယ်မည်
မောင်မြတ်နိုးဖြစ်ကြောင်းကိုလည်း အခိုင်အမာ သိရှိရလေသေးသည်။

သို့ရာတွင် ဝေါဟာရလိနတ္ထဒီပနီ၌ ကတိုးကူတော်ရွာ၊ ဒွါရ
ကျော်ထင်ယောက်ဖ၊ စကုမြို့ဇာတိ၊ ကျမ်းဂန်တတ် ရဟန်းလူထွက်
မောင်နိုးရေး ၁၁၂၃ ခုနှစ်ပြီး ရွှေတိုးဂါမံချီမြင်းကြန်လင်္ကာ ဟူ၍ ဖော်ပြ
ထားသည်ကို တွေ့ရပြန်ရာ သက္ကရာဇ်အားဖြင့် မဟာမုနိသမိုင်းပြီးချိန်
နှင့် များစွာမကွာခြားသဖြင့် ထိုဦးနိုးသည်လည်း ပျို့ဆရာ ဦးနိုးပင်ဖြစ်
သည်ဟု အမှတ်မှဲ့ယူဆစရာရှိလေသည်။ သို့ပါသော်လည်း အကြောင်း
အရာမှာကား မုံရွေး၊ ကြေးမုံရွာကိုလည်းကောင်း၊ ပဋ္ဌင်းဒါယကာကိုလည်း
ကောင်း၊ ပျို့ဆရာအဖြစ်ကိုလည်းကောင်း ဖော်ပြပါရှိခြင်းမရှိဘဲ စကုမြို့
ဇာတိဟူ၍လည်းကောင်း၊ ရဟန်းလူထွက်ဟူ၍လည်းကောင်း ဖော်ပြထား
ရာ တိုက်ဆိုင်သောအချက်အလက် နည်းပါးနေလေသည်။ လူဝတ်ကြောင်
ဖြစ်ကြောင်းနှင့် ကျမ်းဂန်တတ်ဖြစ်ကြောင်းမျှလောက်သာပင် တူညီနေ
လေသည်။ ထိုအချက်များမှာ အရေးကြီးလှသောအချက်များ မဟုတ်ဘဲ
အမည်ကို ထောက်သဖြင့်လည်းကောင်း၊ ရေးသားသောအရည်အချင်းကို
ထောက်သဖြင့်လည်းကောင်း အကြမ်းအားဖြင့် ကောက်ချက်ချယူ၍
ရနိုင်သောအချက်မျှပင် ဖြစ်လေသည်။ အကြောင်းအရာနှစ်ရပ်တွင်

mgyoe.com

mgyoe.com



ဇာတိအားဖြင့် ဝေါဟာရလိနတ္ထဒီပနီက စကုမြို့ဟုဆို၍ ဦးနိုးကိုယ်တိုင်က ဝေသန္တရာပျို့တွင် ဇာတိအင်းဝ၊ မဟာမြတ်မုနိသမိုင်းတွင် ပဝတ္တိကြေးမုံရွာဟုဆိုပေရာ ဦးနိုးချင်း ကွဲပြားကြောင်း သတိပြုနိုင်ပေသည်။ ထိုမှတစ်ပါး ၁၁၅၈ ခုနှစ်ဖွားဖြစ်သော ဝေါဟာရလိနတ္ထ ဒီပနီဆရာသည် အမှတ်အသား စေ့စပ်လှသဖြင့်တစ်ကြောင်း၊ ထိုခေတ်တွင် ပေါ်ထွက်ပြီး ဝေသန္တရာပျို့၊ မဟာမြတ်မုနိသမိုင်းပျို့များကို တွေ့မြင်သိရှိမည်ဖြစ်ပြီး ကြေးမုံရွာ ဦးနိုးအကြောင်းကိုပါ သိရှိပြီး ဖြစ်နိုင်သောကြောင့် တစ်ကြောင်း၊ ဦးနိုးအကြောင်းကို ဖော်ပြရာတွင် ထင်ရှားပြီးသော ကြေးမုံရွာနေ၊ ပဋ္ဌင်းဒါယကာ၊ ပျို့ဆရာဟူသော နာမဝိသေသနများကို ထည့်တန်လျက် မထည့်မသွင်းဘဲ အခြားတစ်နည်းတစ်ဖုံဖြစ်သော နာမဝိသေသနတို့ကိုသာ ဖော်ပြခြင်းသည် မြင်းကြန်လင်္ကာ ဦးနိုးမှာ အခြားဦးနိုးတစ်ယောက်ပင် ဖြစ်ဖွယ်ရှိကြောင်း ထင်ရှားစေပေသည်။ မြန်မာစာညွန့်ပေါင်းပါ ကုလားလူမျိုး ဦးနိုးဟူသောစကားမှာ ဆင်ကြန်လင်္ကာရေး ဆရာဝန်ကြီး ဦးနဲ (ကုလားလူမျိုးဟု မှတ်သားရသည်) နှင့် မှားယွင်းမှတ်သားမိ လေသလောဟုလည်း တွေးတောစရာရှိလေသည်။

ဦးနိုးအကြောင်းကား ဤမျှသာ စူးစမ်းရရှိပေသေးသည်။

ဦးနိုးသည် ပျို့အချီအချများကို သမတာဂုဏ်မြောက်သောချီနည်း ချနည်းများဖြင့်လည်း ဖွဲ့နွဲ့လေသည်။ စကားပရိယာယ်အစွမ်းပြ ဖွဲ့နွဲ့ချက်များလည်း ပါရှိလေသည်။ အရှင်တေဇောသာရ၏ အချီအချများကို အတုယူ ဟန်တူလေသည်။ ကာရန်အဖွဲ့အနွဲ့များကိုလည်း ကွန့်ဆန်းကာ-

နှမကြင်တုံ၊ မောင်ကြင်တုံလျှင်၊
စုံလည်းစုံသင့်၊ ရွှေထီးဖွင့်၍၊
နတ်နှင့်နတ်နှယ်၊ နတ်သူငယ်သို့၊
ရွယ်လယ်ရွယ်ချင်း၊ ပစ်မျိုးကင်း၍၊

mgyoe.com

mgyoe.com



မင်းလည်းမင်းပင်၊ မျိုးသန့်စင်၏၊
ကြင်လည်းကြင်သင့်၊ သလွန်မြင့်ထက်၊
စက်တင့်စက်တော်၊ စက်ကြသော်လည်း
စသည်ဖြင့်လည်းကောင်း
သက်ချင်းဝေဝေ၊ သလွန်ရွှေဝယ်၊
နေလည်းနေသင့်၊ ရွှေထီးဖွင့်၍၊
တင့်လည်းတင့်တော်၊ စံမွေ့လျော်၏၊
ပျော်လည်းပျော်ပါး၊ ရွှေဖော်များနှင့်၊
သွားလည်းသွားကာ၊ ရွှေဟာသ်ာသို့၊
လာလျှင်လာချင်း၊ တူမကင်းတည့်၊
မင်းလည်းမင်းပင်၊ မင်းမျိုးဝင်၍၊
ထိုင်လျှင်ထိုင်ချင်း၊ နတ်မယွင်းလျှင်၊
သက်နှင်းသက်ဝေ၊ ချစ်ကြိုးခွေ၍၊
ရွှေလည်ရွှေရင်၊ စုံလျက်ပင်နှင့်၊
ရှင်လည်းရှင်ချင်း၊ ရွှေနန်းတွင်း၌
စသည်ဖြင့်လည်းကောင်း စပ်ဆိုထားသည်မှာ အနုပ္ပါသမဓုရတာဂုဏ်
မြောက်လှပေသည်။ ထိုမှျမကာ-
မော်သည်ဘုန်းတော်၊
ကျော်သည်သတင်း၊
ပြင်းသည်တန်ခိုး၊
စိုးသည်ရွှေနန်း၊
မြန်းသည်ရွှေပြည်၊
ပေးသည်ဒါန
ဟူ၍လည်းကောင်း

mgyoe.com

mgyoe.com



လျှင်ဆောတက်၍၊
ထွက်တော့ဘုရား၊
သွားတော့ခုပင်၊
ပြင်တော့တန်ဆာ၊
လာတော့သခင်

စသည်ဖြင့် စကားလုံးထပ် စပ်ဆိုပုံများမှာလည်း ပသာဒဂုဏ် မြောက်ပေသည်။

ဦးနိုးသည် ပါဠိပရိယာယ်ကြွယ်ဝကြောင်းကိုလည်း ဂုဏ်ယူဖော်ပြထားပေသေးသည်။

နတ်လျှင်မာဃ၊ ဝါသဝဟု၊ ဣန္ဒဒေဝါ၊ သူဇာပတိ၊ ပုရိန္ဒဒေါ၊ သင်္ကြောတွင်ပြန်၊ ရှစ်မည်ခံသည့်၊ ဇယန်ဘုံနန်း၊ စိုးမြန်းပိုင်ကား၊ နတ်သိကြားလည်း
ဟူ၍လည်းကောင်း

ဗုဒ္ဓေါသတ္ထာ၊ စက္ခုမာနှင့်၊ ဘဂဝါနာထော၊ သုဂတောက၊ ဇိနော စသည့်၊ ဝရပညော၊ သမ္ဗုဒ္ဓေါနှင့်၊ သင်္ကြောတွင်ညီ၊ မဟေသီက၊ အင်္ဂီရသော၊ မုနိန္ဒောနှင့်၊ လောကဂုရု၊ သဗ္ဗညုက၊ ဓမ္မသာမိ၊ မာရဇိဟု၊ ဘူရိပညော၊ သိဒ္ဓတ္ထောနှင့်၊ ဒေဝါဒေဝါ၊ မဟာမုနိ၊ ကျော်ဘိဟိုးဟိုး၊ သုံးဆယ့်ကိုးပင်၊ အမည်တွင်သား၊ မြတ်ဘုရား၌
ဟူ၍လည်းကောင်း

တဏှာက္ခယော၊ နိရောဓောက၊ မောက္ခောပရံ၊ မရူပံနှင့်၊ တာဏ်လေဏံ၊ နိဗ္ဗာနံက၊ ဒီပေါစသည်၊ မနလယံ၊ အမတံဟု၊ သန္တံသစ္စံ၊ သရဏံနှင့်၊ ခေမံသန္တိ၊ ဝိသုဒ္ဓိက၊ မုတ္တိသိဝံ၊ အက္ခရံက၊ ပါရံစသား၊ အပဝဂ္ဂေါ၊ ဝိရာဂေါနှင့်၊ ယောဂက္ခေမံ၊ ကေဝလံက၊ ပဒံဓုဝံ၊ အစ္စုတံနှင့်၊ ပဏီတံသုဒ္ဓိ၊ ဝိမုတ္တိက၊ အနိဒဿနံ၊

mgyoe.com

mgyoe.com



အကတံဟု၊ တွင်ပြန်တုံမြောက်၊ လေးဆယ့်ခြောက်စင်၊ မည်များ
ကျင်သည်၊ ပြည်တွင်သီရိ၊ ရပ်ဘုမ္မိသို့

ဟူ၍လည်းကောင်း သိကြားပရိယာယ်၊ နိဗ္ဗာန်ပရိယာယ်များကို ကြွယ်ဝစွာ ထည့်သွင်းစပ်ဆိုထားလေသည်။ ဤကဲ့သို့ အလင်္ကာရသ၊ ကြွရွပေါ်ထွန်းအောင် စပ်ဆိုနိုင်သော စာဆိုတော်ကြီးဦးနိုး၏ တိမ်မြုပ်နေသော ဝေသန္တရာပျို့ကို ထုတ်ဖော်တင်ပြနိုင်ခြင်းအားဖြင့် စာပေလောကအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာပင် ဖြစ်ပေသည်။ ဤပျို့ကို ထုတ်ဖော်တင်ပြခွင့် ရရှိအောင် ကူညီဆောင်ရွက်ခဲ့သော တောင်တွင်းကြီးမြို့၊ ရှေးဟောင်းယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့အားလည်းကောင်း၊ အရှင်ဝါသဝ၊ သာသနဓဇ၊ သိရီပဝရဓမ္မာစရိယအားလည်းကောင်း၊ မန်းတက္ကသိုလ် မြန်မာစာကထိက ဦးမောင်မောင်တင်အားလည်းကောင်း၊ တည်းဖြတ်ရာတွင် မစညွှန်ကြားတော်မူသော မြင်းခြံခရိုင်၊ တောင်သာဆရာတော် (ယခုကမာရွတ် သာသနာ့မာရ်အောင် ကမ္မဋ္ဌာန်းဌာန) ဝိသုဒ္ဓိမဂ် အရှင်ရေဝတအားလည်းကောင်း အထူးကျေးဇူးတင်ရှိ ပူဇော်အပ်ကြောင်းကို ဖော်ပြအပ်ပါသည်။

လှတင် (လှသမိန်)
ယဉ်ကျေးမှုအထက်တန်းအရာရှိ
ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုဌာန

❐

mgyoe.com

mgyoe.com

# ဝေဿန္တရာပျို့

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
## ရတနတ္တယံ အဟံ ဝန္ဒာမိ

ဇာတိဝံသ၊ မြတ်သေဋ္ဌဖြင့်၊ ပုညရှေးကျိုး၊ အလျှုပျိုး၍၊ ထက်မိုးရပ်မှာ၊ ကြယ်ပမာသို့၊ ကမ္ဘာများလှ၊ စေ့ပျိုးမှလျှင်၊ ဘဒ္ဒတွင်စွာ၊ ဤကမ္ဘာ၌၊ သကျာဝတ၊ မင်းမျှားအပေါင်း၊ ရှစ်သောင်းဇေဋ္ဌ၊ မွေးဖသုဒ္ဓေါ်၊ မယ်တော်မာယာ၊ အခါရောက်ကျွန်း၊ ဆယ်လစွန်းက၊ ပန်းတိလှိုင်မော၊ အင်ကြင်းတောဝယ်၊ မယ်စောမြတ်ကျော်၊ ဖွားမြင်မြော်သော်၊ မြေပေါ် ရိုက်ဟည်း၊ ထိန့်ထိန့်ကြည်းသည်။ ။ တော်လည်းအုတ်အော်တနာတည်း။

အုတ်အော်တနာ၊ ဖွားမြင်ခါ၌၊ မာတာမိဖုရား၊ နတ်ပြည်လားသော်၊ ဆပွားသိမ်းမွေး၊ နို့ဖြင့်ကျွေး၍၊ မိထွေးဂေါတမီ၊ ပိုက်ချီရင်ခွင်၊ တင်ထက်တင်၍၊ ရင်ပြင်ပိုက်ချုပ်၊ သိမ်းအုပ်ရငြား၊ ကြီးမြောက်မြားသော်၊ မြောက်သားယသော်၊ စည်းစိမ်ပျော်၍၊ သားတော်ရာဟု၊ မျက်ရှုလွန်းကြင်၊ ဖွားမြော်မြင်က၊ ကြည်လင်လန်းပြီး၊ စည်းစိမ်းငြီး၍၊ ညည့်ကြီးခါတန်၊

mgyoe.com

mgyoe.com


ကြက်ဦးတွန်တွင်၊ (သန်းခေါင် ၁၂ နာရီ) ဆေနက္ခုန်ရင်း၊ ဖွားဖက်မြင်းနှင့်၊ ညဥ့်တွင်းလုံးလုံး၊ တီးတုံးတိုင်ပင်၊ မွေ့ရာခွင်ဝယ်၊ ရွှေစင်ကိုယ်လှ၊ အသာထမှ၊ ယုယတိုးတိုး၊ ဆိတ်ဆိတ်ခိုးလျှင်၊ မနိုးစေပဲ၊ ရွှေနန်းထဲက၊ မင်းရဲနရ၊ မောင်ဆန္နနှင့်၊ ကဏ္ဍကမြင်းကြီး၊ ကုန်းထက်စီး၍၊ အမြီးဆေန်၊ ခွာစွန်ခွာဖျား၊ မကြားအသံ၊ ဘီလူးခံမှ၊ ခုန်ပျံကွန့်မြူး၊ နော်မာကူးသော်၊ ရွှယ်လူးမင်းရဲ၊ သံလျက်စွဲ၍၊ ပုလဲအသွင်၊ သဲပလ္လင်ထက်၊ ငါးအင်္ဂါနွှေ၊ ထက်ဝယ်ခွေမှ၊ ဆံခွေမည်းကျော၊ လျင်တဆောလျှင်၊ မင်းစောသိဒ္ဓတ်၊ ဆံတော်ဖြတ်သည်။ ။ လူနတ်ကြည်ညွတ် သဒ္ဓါတည်း။

လူနတ်တကာ၊ ကြည်သဒ္ဓါ၍၊ နောင်လာစီးပွား၊ ဖြစ်စေသားဟု၊ သိကြားတမူ၊ ဆံတော်ယူ၍၊ ကြိုက်ဆူကြေငြာ၊ အံ့အာသရဲ၊ မြေကြီးကွဲမျှ၊ သဲသဲအုတ်အော်၊ ပူဇော်သကာ၊ ဝတီသာဝယ်၊ စူဠာတိုင်ထိ၊ မြတ်မုနိဟု၊ ကြီးဘိမြင့်ရှည်၊ စေတီတည်၍၊ လေးမည်သန္တာ၊ လောင်းပွင့်လျာမူ၊ ဗြဟ္မာဆက်ကပ်၊ သင်္ကန်းမြတ်ကို၊ လက်သပ်ကိုင်ယူ၊ ဝတ်တော်မူမှ၊ နည်းတူမပြား၊ ရှေးဘုရားထက်၊ တက်ပွားဆဆ၊ ဒုက္ကရစရိယာ၊ မြင့်ကြာကျော်လစ်၊ အနှစ်ခြောက်ပြန်၊ ကြာမြင့်လွန်မှ၊ တဖန်လည်းကောင်း၊ စောင်းနှင့်သိကြား၊ ဆုမ္မငြား၍၊ နတ်လားနိုင်းဆွယ်၊ တင့်ဘွယ်ပစ်ဝေး၊ သဌေးသမီး၊ စံသီးကလျာ၊ သုဇာတာလျှင်၊ ကောင်းစွာလုပ်ငြား၊ ရွှေဖလားနှင့်၊ လှူသားရှင်လန်း၊ ဃနာဆွမ်းကို၊ မြစ်ကမ်းနေရဉ်၊ ချောင်းနားယှဉ်၍၊ တင်ပျဉ်ထက်ဝယ်၊ နေစမ္ပါယ်မှ၊ လေးဆယ်ကိုးလုတ်၊ မယုတ်အင်ပြည့်၊ သပ္ပါယ်ဖြည့်၍၊ ဝှက်ဈ့်သဘော၊ ရွှေခွက်မျှောသော်၊ မျောသည်ရွှေခွက်၊ ဟူးဟူးတက်မှ၊ ထွားညက်ရောင်မြ၊ သောတ္ထိယလျှင်၊ လှုံ့ချင်ကပ်ဆက်၊ ရှစ်ဆုပ်မြက်ကို၊ ကိုင်လျက်ဝှဲဝှဲ၊ ဖြန့်ကာကြဲက၊ ရဲရဲရောင်ထင်၊ ဗောဓိပင်၌၊ ပလ္လင်လည်းပေါက်၊ မာရ်စစ်ရောက်သော်၊ လွှင့်ဖျောက်နိုင်မှု၊ ရှေးကပြုသား၊ ကောင်းမှုဒါန၊ ပဥ္စဝှဲချီး၊ မိန့်တုံပြီးက၊ မြေကြီး

mgyoe.com

mgyoe.com


လည်းတုန်၊ ဝသုန္ဒရေ၊ ဆံရေခွဲဝှက်၊ ပေါ်လှာထွက်က၊ ကျေပျက်ပြေး ပုန်း၊ မာရ်စစ်ရှုံး၍၊ မြတ်ဆုံးဝရ၊ ဗုဒ္ဓတန်ဆောင်၊ အခေါင်စုလစ်၊ ဘုရား ဖြစ်သည်။ ။ တက်သစ်နေဝန်းပမာတည်း။

နေဝန်းအသွင်၊ လူတွင်တုမရစ်၊ ဘုရားဖြစ်က၊ သတ္တသတ္တာ၊ ခုနစ်ခါလျှင်၊ ဌာနပျော်မွေ့၊ နေပြီး၍လျှင်၊ ဘုန်းဟော့မုနိ၊ ကြံတော်ရှိ၍၊ ရှေးတိလွန်လေ၊ သချော်လေးထပ်၊ တသိန်းကပ်က၊ ဖြည့်လတ်ပုည၊ ဒါနပါရမီ၊ ဂမ္ဘီနက်ကျယ်၊ ပြည့်သုံးဆယ်ကြောင့်၊ ခုဝယ်စင်စစ်၊ ဘုရား ဖြစ်မှ၊ ငါ့သာရသား၊ ငါ့တရားလျှင်၊ ကြီးမားတုံ၍၊ သိမ်မွေ့နက်နဲ၊ နာသူခဲ၍၊ သုံးကွဲမျိုးပြား၊ လူနတ်အားကို၊ တရားသင်္ဂြိုဟ်၊ မဟောလိုဟု၊ ပုဂ္ဂိုလ်မုနိ၊ ကြံတော်ရှိ၍၊ ကြီးဘိရွှေကုံး၊ မြင်းမိုရ်လုံးသို့၊ ထက်ဆုံးဗြဟ္မာ၊ တောင်းပန်လှာသော်၊ သကျာဗုဒ္ဓေါ၊ တုဏှိဘော်ဖြင့်၊ နေတော်မူမှ၊ ရှေးကလည်းမှီ၊ ယောဂီဆရာ၊ အာဠာရနွှ၊ ဥဒကကို၊ ဓမ္မချီးကျူး၊ တရား ဦးဖြင့်၊ ဆွတ်နူးစေတနာ၊ ဟောအံ့ငှာလျှင်၊ ဉာဏ်ဆင်ခြင်က၊ မရှင် အသက်၊ ပျက်ခဲ့တုံစွာ၊ အရူပါဌ္ဌ၊ ပြောင်းခွာစုတေ့၊ ဖြစ်တုံ၍လျှင်၊ ဘုန်း ဟော့ လူ့မှူး၊ သံတော်ကြူး၍၊ နှစ်ဦးဆရာ၊ အာဠာဥဒက၊ ဆုံးလေစွဟု၊ လောကမှန်ကူ၊ မိန့်တော်မူမှ၊ ကြည်ဖြူသဒ္ဒါ၊ ရှေးသောခါဌ္ဌ၊ ဒုက္ကရာ စရိယ၊ ကျင့်ဦးစက၊ ယုယလွန်ကြူး၊ လုပ်ကျွေးဘူးသား၊ အကြောင်း အားကြောင့်၊ ငါးပါးဝဂ္ဂီ၊ နေမှီပျော်ရာ၊ မိဂဒါဟု၊ ဗာရာဏသီ၊ ပြည်၏ အနီး၊ သစ်သီးပန်းစုံ၊ ရဂုံသာမော၊ သမင်တောဌ္ဌ၊ ရှင်စောဘုရား၊ တရား ဓမ္မစကြာ၊ မြိုက်ရသာကို၊ သံသာရင့်ရှူ၊ ဟောတော်မူမှ၊ ဝါလကျွတ် မြောက်၊ သုံးယောက်ညီနှောင်၊ ရှင်တစ်ထောင်ကို၊ တိမ်မှောင်မိစ္ဆာ၊ ဒိဋ္ဌိ ခွာ၍၊ အရာနောက်တော်၊ ပါအောင်ခေါ်မှ၊ ပြည်ကျော်နဂိုရ်၊ ရာဇဂြိုဟ် တွင်၊ ဘုရင်ဗိမ္ဗိသာ၊ ရှေးခါပဋ္ဌမ၊ မိတ်ဦးစကြောင့်၊ ကြွတော်မူခါ၊ ဗိမ္ဗိသာလည်း၊ ဗိုလ်ပါ ရံပေါင်း၊ သိန်းနှစ်ဆေ သာင်းနှင့်၊ ဆယ်ချောင်းလက်

mgyoe.com

mgyoe.com


ယှက်၊ ဖူးလှာထွက်က၊ မဂ်သောတာပန်၊ တည်စေပြန်၍၊ ရွှေလှုံခြောင်းခြောင်း၊ တမောင်းမောင်းလျှင်၊ ရွှေကျောင်းသာလွန်၊ ဝေဠုဝန်၌၊ မြတ်မွန်ဘုန်းထူ၊ နေတော်မူသည်။ ။ နတ်လူဖူးညွှတ်လှာကြတည်း။

ထိုသို့မြတ်မွန်၊ ဝေဠုဝန်ဝယ်၊ လေးတန်ဣရိယာ၊ နေသောခါ၌၊ တကာတော်ရင်း၊ မွေးဖမင်းက၊ သတင်းစကား၊ ဆင့်ဆင့်ကြား၍၊ ငါ့သားသခင်၊ ငါ့ရှင်ပင်သည်၊ အကြင်စင်စစ်၊ ဘုရားဖြစ်က၊ ကြီးလှကျေးဇူး၊ တင်ပေဘူးသား၊ ငါဖအားကို၊ တရားသံရင့်၊ ဟောပါသင့်လျက်၊ ထောက်ချင့်မစာ၊ လက္ခဏာကို၊ ချမ်းသာရရေး၊ ရှေးဦးကြွေး၍၊ သံရေင့်ရော်၊ တရားဖော်သည်၊ မလျှော်မသင့်၊ ငါ့ထံပင့်အံ့၊ ရှင်ပင့်အဖ၊ ငါကစ၍၊ မြေးလှရာဟု၊ ညီပုမင်းနန်၊ ဆင်းကြန်စုံလှ၊ နှစ်မကလျာ၊ ကြယ်ယာယသော်၊ ဒွေးတော်ဂေါတမီ၊ စုံစီမျိုးပေါင်း၊ ဆွေရှစ်သောင်းကို၊ သားလောင်းမင်းလျာ၊ စွန့်ပစ်ခွာ၍၊ လူ့ရွာရပ်မြေ၊ ပျော်ပါးလေသည်၊ သက်ဝေသားလှ၊ မသင့်စွတည့်၊ လျင်ကြွမနေ၊ ပင့်ရစေဟု၊ ပြီးထွေများမြောင်၊ ဗိုလ်တထောင်နှင့်၊ စာစောင်တမန်၊ စေလိုက်ပြန်က၊ သံတော်ဇဟိ၊ ကြူးသည်ရှိသော်၊ မြွေးငြိအဝိဇ္ဇာ၊ စင်လွင့်ကွာ၍၊ ရဟန္တာလျှင်၊ ဖြစ်တုံကျင်၍၊ ထိုတွင်တမန်၊ မပြန်၍ပ၊ မသိရဟု၊ ထိုမျှနည်းဆောင်၊ တထောင်တစ်ခါ၊ စေပြန်ပါလည်း၊ မလာသည်ချည်း၊ တချက်တည်းလျှင်၊ ထိုနည်းလည်းကောင်း၊ ကိုးကြိမ်ပေါင်းဖြင့်၊ ထပ်လောင်းကာကာ၊ မရောက်ပါ၍၊ ထွေရာကြောင်းစ၊ မသိရခဲ့၊ ကာလများဖြင့်၊ ကြာမည်ထင်စွ၊ ဗိုလ်လျှင်ကိုးထောင်၊ များမြောင်တုံမြောက်၊ မတ်ကိုးယောက်လည်း၊ တခေါက်တခါ၊ မလာပါတုံ၊ အစင်ကုန်ခဲ့၊ သုံးဘုံပဝင်း၊ သားသက်နှင်းနှင့်၊ မယွင်းတခြား၊ တူပြိုင်ဖွားသည်၊ သည်းချားမျက်ရှု၊ ကာလုဒါယီ၊ ခုပင်ချီလော့၊ စုံစီများမြောင်၊ ဗိုလ်တထောင်နှင့်၊ သားမောင်နေရာ၊ ပင့်ချေပါလော့၊ ရှေးခါအလား၊ တရားသံတော်၊ ဟောချွတ်သော်လည်း၊ နားတော်

mgyoe.com

mgyoe.com


ပန်ထွာ၊ လျှောက်၍သာလျှင်၊ ပြန်ပါခဲ့မင်း၊ စေလိုက်လျှင်းသည်။ ။ ချင်ခြင်းကြီးလှလွန်စွာတည်း။

ချင်ခြင်းကြီးလှ၊ မွေးဖသုဒ္ဓေါ်၊ စေပြန်သော်လည်း၊ ကျွန်တော်ကာလှ၊ များဗိုလ်ထုနှင့်၊ တစုဝေးမြေ၊ ချီထွက်လေသော်၊ သီးထွေပွင့်တုံ၊ ရဂုံသာမော၊ ထိုထိုတောဥ္ဆ၊ ဖော်နှောများစွာ၊ ဟင်းသာဝမ်းပဲ၊ တွန်သဲသောင်းသောင်း၊ ဥဒေါင်းကြိုးကြာ၊ တမာဖောင်းကား၊ ကျေးကုလားတို့၊ ပျော်ပါးမြူးရွှင်၊ ကြူးသံရှင်နှင့်၊ သစ်ပင်နားတုံ၊ မြေနားတုံလျှင်၊ တူစုံလည်ရှက်၊ ဆွေပျော်ဖက်နှင့်၊ တခက်ကနား၊ တခက်သွား၍၊ ဝမ်းပါးဝမ်းမြူး၊ ကြည်နူးဘွယ်သာ၊ မြင်သောခါဥ္ဆ၊ မြတ်စွာဘုရား၊ ရွှေစက်ပါးတွင်၊ ညွှတ်တွားပန်ထွာ၊ လျှောက်မည်သာဟု၊ များစွာအုပ်ထွေ၊ သွားကြလေသော်၊ ဗုဒ္ဓေဝရ၊ မုနိန္ဒ၏၊ ပါဒခြေရင်း၊ ရောက်လေလျှင်းမှ၊ ဝပ်စင်းရိုသေ၊ သင့်ရာနေက၊ သံချေနက်လေး၊ မြွက်ကာမေး၏၊ မြတ်လေးသက်စု၊ မောင်ကာလှ။ ။ ယခုငါ့မှာ၊ ဘယ်ကြောင့်လာဟု၊ လှစ်ကာပုံ့ပျူး၊ ရွှေနှုတ်ကြူး၍၊ ကြည်နူးအယူ၊ မေးတော်မူသော်၊ တူရှုထိပ်တွင်၊ လက်စုံတင်၍၊ ကြည်လင်တုံ့ခေါက်၊ နားတော်လျှောက်၏၊ တောက်ရောင်ဝင်း၊ လောကမင်း။ ။ သောင်းတွင်းမြေပေါ်၊ ပတ်လွှံ့ကျော်သည်၊ ခမည်းတော်ရင်း၊ လူ့မှန်ကင်းက၊ ကြောင်းချင်းစကား၊ ဖြစ်သည်များကို၊ ထွက်သွားသည်မှ၊ မကြားရ၍၊ ကြောင်းစသိချင်၊ ကိုးကြိမ်စင်တည့်၊ အလျှင်စေပါ၊ မတ်တကာတို့၊ မြတ်စွာယခု၊ ရဟန်းပြု၍၊ သုံးလူ့ထွတ်ဖျား၊ သိမ်း၍ထားခဲ့၊ ဘုရားရှိသည်၊ မရှိသည်နှင့်၊ ကြွမည်ကြောင်းစ၊ မကြားရ၍၊ ခဏမနေ၊ မောင်သွားချေဟု၊ စေပေသောလျှောက်၊ ထုံတော်ရောက်ဟု၊ လျှောက်သည်စကား၊ နားတော်ကြားက၊ မွေးဖရန်နှင့်၊ ငါ့ဖခင်က၊ ညီလှမင်းနန်၊ ဆင်းကြန်စုံလှ၊ ပဒကလျာ၊ ရာဟုလာက၊ ယသော်စသည်၊ ဖြေးလှအင်ညီ၊ ဂေါတမီက၊ စသည်အပေါင်း၊ ဆွေရှစ်သောင်းတို့၊ မထောင်းတိုင်းကား

mgyoe.com

mgyoe.com


ရောဂါ၊ ချမ်းသာ၍လော၊ မေးစစ်ကြောသော်၊ မင်းစောဘုရား၊ ဘုန်းတော်အားကြောင့်၊ ပြည်ရွာ၊ စည်ပင်စွာ၍၊ ချမ်းသာကုန်ကြ၊ ရှိပြီးမှလျှင်၊ ဘုရား့စကား၊ ဆင့်ဆင့်ကြား၍၊ လွမ်းအားပြင်းစွ၊ ဖူးချင်လှ၍၊ သောကဗျာပါ၊ ယခုသာလျှင်၊ တကာတော်မင်း၊ လျှောက်လိုက်ခြင်းကို၊ ရှင်ရင်းပါဒ၊ ဆန်ပါမှလျှင်၊ ဓမ္မရည်၈၊ တိုက်တုံကျေးမှ၊ ချမ်းသာရအံ့၊ မြွက်ဟစကား၊ လျှောက်ပေကြားသည်။ ။ ဘုရားကြွစိမ့်သောငှာတည်း။

ကြွစိမ့်သောငှာ၊ လျှောက်ပန်ထွာငြား၊ မြတ်ဘုရားလည်း၊ မိန့်ငြားသံမြ၊ ဤသို့ဟ၍၊ ကြီးလှပညာ၊ သာရိပုတ္တရာ၊ မဟာမောဂ္ဂလာန်၊ ထေရ်ရှင်ပြန်တို့၊ နိဗ္ဗာန်ရဆု၊ အကြောင်းပြု၍၊ ကာလုတမန်၊ ဖမင်းကျွန်ကို၊ အမှန်မနေ၊ ရှင်ပြုလေဟု၊ မိန့်ပေရကား၊ ထေရ်မြတ်ဖြားတို့၊ လျှောက်လျှားထိုက်စွာ၊ ကာလုဒါနှင့်၊ ပါသည်များမြောင်၊ ဗိုလ်တထောင်ကို၊ ကျဉ်းဆောင်ကြလေ၊ သာမဏေမှ၊ ပဉ္စင်းရ၍၊ လောကထွတ်ထား၊ မြတ်ဘုရားလည်း၊ ဟောကြားတိုက်တွန်း၊ ကမ္မဋ္ဌာန်းကို၊ ပြည့်ညွှန်းပေထ၊ ရှင်ထိုမျှတို့၊ ရာဂတဏှာ၊ ကင်းစင်ကွာ၍၊ ထိုခါမရှည်၊ ကာလုထေရ်လည်း၊ ကြည်သည့်စေတနာ၊ လက်စုံကာလျှင်၊ ဂါထာခြောက်ဆယ်၊ နိဒါန်းသွယ်၍၊ ဘုန်းကြွယ်သကျ၊ မုနိန္ဒအား၊ မွေးဖသုဒ္ဓေါ်၊ မိဒွေးတော်လျှင်၊ ဖူးမြော်ချင်လှ၊ မှာသမျှနှင့်၊ ပေါက်ပြုထင်ပေါ်၊ ယသော်ဓရာ၊ ရာဟုလာတို့၊ ပူဆာသောက၊ သုံးလူ့ဖကြောင့်၊ ဖြစ်ကြပေငြား၊ ရှင်ပင်သွား၍၊ တရားသံရင့်၊ ဟောပါလင့်ဟု၊ ထပ်ဆင့်ကာကာ၊ လျှောက်ပန်ထွာသော်၊ တကာသုဒ္ဓေါ်၊ ခမည်းတော်က၊ စသည်အပေါင်း၊ ဆွေရှစ်သောင်းအား၊ တရားစောင့်ပင့်၊ ဟောသင့်ပေငြား၊ ငါလျှင်သွားအံ့၊ ဘုရားဘုန်းထူ၊ မိန့်တော်မူမှ၊ ညွတ်ခတုံမြောက်၊ တဖန်လျှောက်၍၊ ထက်အောက်ထုတ်ချင်း၊ သိမကြွင်းသည့်၊ ရှင်ရင်းသုံးလူ့၊ သဗ္ဗညု။ ။ ယခုဘုရား၊ ကျွန်ုပ်သွား၍၊ ကြားပါချိမ့်မည်၊ ပန်ဝံ့သည်ဟု၊ လျှောက်သည်စကား၊

mgyoe.com

mgyoe.com


နားတော်ကြားက၊ ကောင်းစွမနေး၊ သွားခွင့်ပေးမှ၊ ထိုခဏနှိုက်၊ သီသ ဝန္ဒနာ၊ ပြုပြီးခါလျှင်၊ ရဟန္တာများမြောင်၊ ခြံရံဆောင်လျက်၊ မိုးခေါင် တိမ်ဖျား၊ ပြန်လေသွားက၊ ကပိလသို့၊ ခဏမသွေ၊ ရောက်တုံလေ သည်။ ။ မပြေမေတ္တာထပ်လောင်းတည်း။

မပြေမေတ္တာ၊ ထပ်လောင်းကာလျှင်။ ရာဇာမှန်ကင်း၊ သုဒ္ဓေါမင်း ကား၊ ကြောင်းချင်းစစ်ဆေး၊ ဤသို့မေး၏၊ ရင်သွေးသက်စု၊ မောင် ကာလု။ ယခုငါ့သား၊ ထွတ်ဘုရားကား၊ ကြောင်းလျားဘယ်သို့၊ မိန့်တုံ မြို့ရှင်၊ နှစ်လို့ခြင်းရာ၊ လာမလာကို၊ မောင်သာသဘော၊ ငါ့ကိုပြောဟု၊ အဆောတလျင်၊ မေးတုံကျင်က၊ ကြောင်းအင်စကား၊ ဟုတ်တိုင်းကြား၏၊ တရားမင်းမြတ်၊ နားတော်ညွတ်လော့၊ လူ့ထွတ်မှန်ကင်း၊ သုံးလူ့မင်းကား၊ ဆောင်းတွင်းကုန်စ၊ နွေဦးလဒ္ဒ၊ ကြွတော်မူမည်၊ မှာလိုက်သည်ဟု၊ ပြန် လည်စကား၊ နားတော်ကြားက၊ အားပါးရစွာ၊ ရွှင်ဝမ်းသာ၍၊ ထိုခါမနေး၊ ဆွမ်းလုပ်ကျွေးမှ၊ ရွှေနှုတ်ဟ၍၊ မွေးဖမျက်ရှု၊ မောင်ကာလု။ ယခုကဲ့သို့၊ ငါနှစ်လို့စွ၊ ရှင်တို့ဆရာ၊ ငါ့သည်းချာကို၊ ကပ်ပါစေချင်၊ လျှောက်ဦးတင် သော်၊ ဘုရင်းမင်းလှ၊ မကြောင့်ကြနှင့်၊ လောကထွတ်ဖျား၊ သားဘုရား သည်၊ ရောက်ငြားသောခါ၊ ကျိန်းနေရာလျှင်၊ ကျောင်းသာမသွေ၊ ဆောက် နှင့်စေလော့၊ စေပေရှေးက၊ လူထိုမျှနှင့်၊ ခုပင်ငါ့မှာ၊ ရဟန္တာလျှင်၊ မှန်စွာ ဖြစ်ပေ၊ ယွင်းမသွေတည့်၊ ကိလေစည်းစိမ်၊ လောကီအိမ်သည်၊ တစ်ကြိမ် တို့မှာ၊ မထိုက်ပါဟု၊ ထွေရာကြောင်းစ၊ ပြောတော့မှလျှင်၊ ကြီးလှအံ့ဘွယ်၊ ဆန်းတကြယ်တည့်၊ ပျော်ဘွယ်သာယာ၊ နိဂြောဓာကို၊ ရာဇာမင်းကောင်း၊ ဆောက်နှင့်ရှောင်း၍၊ ရွှေကျောင်းသာလွန်၊ ပြီးစိမ့်မှန်သည်။ ။ လူ့ထံ နတ်ပြည်ကျော်သောင်းတည်း။

လူ့ထံနတ်ရပ်၊ နှံ့စပ်ကျော်သီး၊ ကျောင်းတော်ပြီးက၊ သုံးလူ့ဖ လည်း၊ များလှသဃ်ာ၊ ရဟန္တာနှင့်၊ ဟေမာဘုံပြောင်း၊ လတပေါင်းဝယ်၊

mgyoe.com

mgyoe.com


ပြည်ကောင်း၌ာန၊ ကပိလသို့၊ ပါဒရွှေစက်၊ ချီခဲ့ထွက်သော်၊ အရက် ခြောက်ဆယ်၊ လူတို့နှယ်လျှင်၊ ဘုန်းကြွယ်သရဖူ၊ ကြွတော်မူက၊ ဆွဖြူ ထွားထွား၊ မဲသားနိုင်နိုင်၊ နံ့ကြိုင်မွှေးမွှေး၊ မြတ်လေးကြည်လင်၊ မွေးဖ ပြင်၍၊ ရက်လျှင်မချာ၊ ကာလုဒါလျှင်၊ မှန်စွာမပြတ်၊ နေ့တိုင်းကပ်က၊ သုံးလူ့ဖလည်း၊ များလှတုံရှောင်း၊ နှစ်သောင်းသဃ်ာ၊ ရဟန္တာနှင့်၊ ကြိုင် စွာလန်းလန်း၊ မွေးဖဆွမ်းကို၊ ကြင့်နှန်းဘုံထင်၊ ခံတုံကျင်၍၊ ချစ်ရှင်ဘုရား၊ ဝေငှစား၏၊ ခေါင်ဖျားမဟာ၊ လောကနာလည်း၊ ပြည်သာနဂရ၊ ကပိလသို့၊ ပါဒစက်တော်၊ ရောက်လေသော်လျှင်၊ နိဂြောဓာရုံ၊ ရဂုံသာမော၊ ဥယျာဉ် တော၌၊ မြတ်စောဘုန်းထူ၊ နေတော်မူက၊ ဖူးချင်လှ၍၊ မွေးဖမင်းကျော်၊ သုဒ္ဓေါ်မကြွင်း၊ ဆွေရင်းမျိုးပေါင်း၊ မင်းရှစ်သောင်းတို့၊ သောင်းသောင်း ဖြင်မျှ၊ ကြိုဆိုကြ၍၊ ညွှတ်ခရှေ့တော်၊ နေသရော်တည့်၊ ဆွေတော်မင်း များ၊ မာန်ရှိန်ပွား၍၊ မင်းသားသိဒ္ဓတ်၊ သုံးလူ့နတ်ကား၊ တို့မြေးသားမျှ၊ ပမာဏကို၊ ညွှတ်ခရိုကျိုး၊ ရှိခိုးသမှု၊ တို့မပြုတည့်၊ ငယ်နုသသူ၊ ကြည်ဖြူ ရှိသေ၊ ရှိခိုးစေဟု၊ နုပေထွားထွား၊ သူငယ်များကို၊ ရှေ့ထား၍လျှင်၊ နောက်နေကျင်က၊ သုံးလူ့ဖလည်း၊ ပြန်ကြွကောင်းကင်၊ မိုးတိမ်ပြင်၌၊ ပလ္လင်ဝန်းခွေ၊ သပ္ပါယ်နေမှ၊ ကိုယ်တော်ကလျှင်၊ ကျသားမီးရေ၊ ထွေထွေ မကြွင်း၊ ဖန်ဆင်းပြာဋိဟာ၊ ပြပြီးကာလျှင်၊ ပေါက္ခရာဒေဝ၊ သည်းထန် လှစွာ၊ မိုးကြီးရွာ၍၊ ဆွေညာမျိုးပေါင်း၊ မင်းရှစ်သောင်း၏၊ တိမ်းစောင်း ယူမှား၊ များသားအဝှန်၊ မာန်အညွှန်ကို၊ မကျန်စေရ၊ ဉာဏ်တေဇဖြင့်၊ နရဘုန်းထူ၊ ချိုးတော်မူသည်။ ။ သုံးလူတို့၏ဥသျှောင်တည်း။

သုံးလူ့ဆရာ၊ လောကနာလျှင်၊ ပေါက္ခရာဝဿ၊ ချမ်းဇလှသား၊ သည်းစွထန်ပြင်း၊ မိုးဖန်ဆင်း၍၊ ပြင်းပြင်းထန်စွာ၊ ကြောက်ဖွယ်ရွာက၊ များစွာလူဗိုလ်၊ စွတ်တုံလိုက၊ ကိုယ်ပေါ်ထံမျှ၊ တီးတိုးကျ၏၊ ချမ်းစွလည်း ဆို၊ မစွတ်လိုက၊ ကိုယ်မှာမရောက်၊ ရှင်းရှင်းပျောက်၏၊ ဘုန်းတောက်

mgyoe.com

mgyoe.com



ပရမေ၊ သုံးလူ့ဆွေ၏၊ ကြီးထွေထင်ပေါ်၊ တန်ခိုးတော်ကို၊ ထိုရော်မင်းများ၊ မြင်တုံငြားက၊ ရှင်အားလည်းသဲ၊ လွန်အံ့အဲမှ၊ ပူဇော်ကြ၍၊ သီသဝဏ္ဏနာ၊ ပြုကုန်ပါ၏၊ ဆွေညာမျိုးပေါင်း၊ မင်းရှစ်သောင်းနှင့်၊ မြတ်လောင်းသဃ်ာ၊ ရဟန္တာတို့၊ များစွာကျော်ကျော်၊ တန်ခိုးတော်ကို၊ ချီငေါ်မစဲ၊ လွှဲ့အံ့အဲ၍၊ ဖြစ်ခဲစွာလှ၊ သုံးလူ့ဖ၏၊ တေဇဟိုးဟိုး၊ တန်ခိုးတောကာ်ပ၊ ကြီးပေစွဟု၊ အံ့ကြစကား၊ နားတော်ကြားက၊ သုံးလူ့ဖလည်း ဩဇချေးချေး၊ ဤသို့မေး၏၊ စည်းဝေးများစွာ၊ အိုသဃ်ာတို့၊ ကြောင်းရာဘယ်လို၊ ပြောကြဆိုဟု၊ ပုဂ္ဂိုလ်မြတ်ဖျား၊ မေးထွေကြားက၊ ဦးဖျားလက်စုံ၊ လျှောက်ကြတုံ၏၊ ဂုဏ်တော်နဝ၊ ဒသဗလာ၊ အားဆယ်ဖြာနှင့်၊ သမ္မာသမ္ဗုဒ္ဓ၊ တုမရသည်၊ လောကသနင်း၊ တရားမင်း။ ။ သတင်းညစ်ညျုး၊ ဝက်ညွှန်လူးသို့၊ ကျေးဇူးမပွား၊ ပျက်စကားကို၊ လားလားစွန့်ခွာ၊ မပြောပါတည့်၊ ပေါက္ခရာဒေဝ၊ သွန်းချဖြိုးဖြိုး၊ ရွာသည်မိုးလျှင်၊ တန်ခိုးတော်အား၊ စွတ်တို့ငြားက၊ စွတ်စေရ၏၊ များလှဗိုလ်ပါ၊ တချို့မှာကား၊ စွာမချမ်း၊ မိုးမဖျန်းတည့်၊ ကြီးလွန်းတေဇော်၊ တန်ခိုးတော်ကို၊ နမော်ဒနာ၊ ချီးမွမ်းပါဟု၊ ဦးသာညွှတ်ခ၊ လျှောက်ကုန်ကြသော်၊ မြွက်ဟသံတော်၊ ဤသို့ဖော်၏၊ အဟော်သမဏ၊ ထေရ်ရထူးဆန်း၊ သားရဟန်းတို့၊ ကျဖျန်းထန်စွာ၊ ယခုရွာသည်၊ ပေါက္ခရာဝဿ၊ ဤမိုးမျှကို၊ အံ့ကြစရာ၊ မရှိပါတည့်၊ ရှေးခါကျူးလွန်၊ ဝေဿန္တရာ၊ ငါဖြစ်ခါ၌၊ တကာဆွေဝါး၊ မင်းခြောက်ပါးတို့၊ တောဖျားထဲချောင်၊ ဝင်္ကတောင်၌၊ ကုန်အောင်ညီညာ၊ တွေ့သောခါလျှင်၊ ထန်စွာတထူး၊ ရွာလေဘူးသား၊ ကျေးဇူးကိုသာ၊ အံ့ထိုက်ရာဟု၊ လျှဉ်းကာစကား၊ မြွက်ကာကြားမှ၊ တရားဗိုလ်ဝင်၊ နေခဲ့ကျင်သည်။ ။ ဦးတင်တောင်းပန်စေကြောင်းတည်း။

တရားဗိုလ်ဝင်၊ နေခဲ့ကျင်သော်၊ မွမ်းဖြင်သဃ်ာ၊ တောင်းပန်ထွာ၏၊ သမ္မာသမ္ဗောဓိ၊ တုမရှိသည်၊ မုနိသကျ၊ သုံးလူ့ဖ၏၊ ခုပပြင်းထန်၊ မိုးရွာ

mgyoe.com

mgyoe.com


ဟန်ကို၊ မကျန်သူငါ၊ သိရပါ၏၊ ရှေးခါကျူးလွန်၊ ဝေဿန္တရာ၊ ဖြစ်သော ခါ၌၊ ရွာသောကြောင်းကို၊ ထုံးဟောင်းစကား၊ မကြားဘူးပါ၊ ဟောမှသာ လျှင်၊ တကာဆွေဝါး၊ မှတ်ရငြားအံ့၊ ဘုရားရှင်တော်၊ မဟော်သော်မူ၊ ကိုယ်တော်အကျိုး၊ မရှိနိုးဟု၊ ရှိခိုးဝပ်တွား၊ လျှောက်လေငြားသော်၊ ဘုရား ရှင်ချစ်၊ ရှေးကဇာစ်ကို၊ သစ်သစ်မကြွင်း၊ ဟောလိုလျှင်း၍၊ ကြီးမင်းမှိုင်း ရိပ်၊ ရွှေတောင်ထိပ်က၊ ကရဝိက်ငှက်မင်း၊ တွန်သောခင်းလျှင်၊ မယွင်း တူငြား၊ ရှစ်ပါးအင်္ဂါ၊ စုံစွာကြူးကြော်၊ သံတော်သာယာ၊ ဂါထာဖုဿတီ၊ အစချီ၍၊ ရှေးဆီမြင်မြော်၊ ရွှေဉာဏ်တော်ဖြင့်၊ နှုတ်တော်ဖွင့်အိမ်၊ ရွှေလျှာ လိမ်၍၊ ငြိမ်ငြိမ်သာမော၊ ဤသို့ဟော၏၊ တောနှင့်တူစွာ၊ အဝိဇ္ဇာဟု၊ တဏှာမြစ်မ၊ ပင်လယ်ဝသို့၊ ကူးရလိုစွာ၊ ငါ့ထံလာသည်၊ ဥပါသက၊ သူတော်စသည်၊ သီလမြဲထွေ၊ ဘိက္ခုဝေတို့။ လွန်လေရှေးခါ၊ ငါးဖြာပွင့်ရပ်၊ ဘဒ္ဒကပ်ဟု၊ ပညတ်တုံစွာ၊ ဤကမ္ဘာထက်၊ သာယာထူးပြား၊ စည်ပင်ပွား ၍၊ များသားကျေးလက်၊ စစ်မက်မရှိ၊ မိုးတိချိန်ခါ၊ ဖြောင့်ဖြောင့်ရွာ၍၊ လယ်တာကန်ချောင်း၊ လုပ်တိုင်းကောင်း၏၊ အပေါင်းလူများ၊ ရပ်တပါး လည်း၊ သွားလာမှီခို၊ လူဗိုလ်တကာ၊ ပျော်ရာထူးခြား၊ သဋ္ဌေးများ၏၊ တိုင်းကားပြည်မ၊ ဝပြောလှသား၊ နာမအပုတ်၊ ခေါ် သမုတ်သည်၊ စေတုတ္တရာ၊ ရွှေပြည်သာသည်။ ။ ထင်စွာဇမ္ဗူ တစ်သောင်းတည်း။

စေတုတ္တရာ၊ ရွှေပြည်သာကို၊ အချာစိုးခြင်း၊ သိဋ္ဌည်းမင်း၏၊ သည်ရင်းမြောက်သား၊ မိဖုရားကား၊ ငါးပါးအင်္ဂါ၊ ပြည့်စုံစွာ၍၊ ပြည်သာ စိုးလုစ်၊ စေတရာဇ်ဟု၊ မင်းစစ်သမီး၊ မငြိုးရှုအိ၊ ဖုဿတီနှင့်၊ တူညီ ပျော်ပါး၊ ရွှင်စံစား၍၊ ရွှေများအပေါင်း၊ တသောင်းခြောက်ထောင်၊ ကုန်အောင်ထိုတွင်၊ ကြီးမြောက်စင်၍၊ ကိုယ်တွင်သီလ၊ ဖြူဆွဆွနှင်၊ ဒါနမကင်း၊ စောင့်သတင်းလည်း၊ မယွင်းမခွ၊ ပုညကောင်းမှု၊ နေ့တိုင်းပြု လျက်၊ တောင်းဆုပတ္တနာ၊ နန်းလျာသားကောင်း၊ အလောင်းလျှင်ဆော၊

mgyoe.com

mgyoe.com


ရစေသောဟု၊ မနှောဖြူထွား၊ ဆွေမြောက်သားနှင့်၊ သွားလည်းမကွေ၊ နေလည်းမကင်း၊ ရွှေနန်းတွင်းဝယ်၊ သက်ချင်းမပြား၊ ရွှေစံစားလျက်၊ ရှည်လျားနေလျှင်၊ မြင့်ကြာတင်သော်၊ ကိုယ်တော်၌မှာ၊ သားရစွာသည်၊ အင်္ဂါသုံးပါး၊ ကြံ့လေငြား၍၊ ဘုရားအလျာ၊ သူတော်စွာလည်း၊ ရွှေသာများပေါင်း၊ ရုံခြောက်သောင်းနှင့်၊ ပြောင်းခဲ့နတ်ရွာ၊ စုတေလာသော်၊ ရာဇာမှန်ကင်း၊ သိဉ္စည်းမင်း၏၊ သည်ရင်းတောင်ညာ၊ မြတ်နိုးစွာသည်၊ လူ့ရွာကျော်ညီ၊ ဖုသတီဟု၊ ဒေဝီထင်ရှား၊ မိဖုရား၏၊ သည်းချားဝမ်း၌၊ ကျိန်းပိုက်တုံရှောင်း၊ ဘုရားလောင်းလျှင်၊ မြဲကြောင်းသန္ဓေ၊ ယူစွဲလေ၏၊ ပြီးထွေပုံပေါင်း၊ ရုံခြောက်သောင်းလည်း၊ ကျော်သောင်းလူ့ရွာ၊ ကြေငြာထင်ရှား၊ မတ်မယား၌၊ စွဲငြားထိုက်ရာ၊ ကျိန်းနေလာသည်။ ။ များစွာအပုံအပေါင်းတည်း။

ထိုသို့ထင်ရှား၊ မိဖုရား၌၊ မင်းသားသန္ဓေ၊ ယူစွဲနေသော်၊ တထွေတလာ၊ ကိုယ်တော်မှာ၌၊ သြဘာသထ၊ ပြသည်နိမိတ်၊ တိတ်လည်းတစိ၊ ချင်ခြင်းရှိ၍၊ မုန္နဂရ၊ ပူရပြည်သာ၊ လေးမျက်နှာနှင့်၊ အောင်ချာပြည်လယ်၊ နန်းရွှေဝယ်တွင်၊ ကြီးကျယ်မဏ္ဍပ်၊ စရပ်ငါးဆောင်၊ ဆောက်ပြီးနောင်မှ၊ များလှသီးသီး၊ အလှူကြီးကို၊ မငြီးနေလ၊ ပေးချင်စွဟု၊ တောင်းတတစိ၊ အလိုရှိ၏၊ ပြည်ကြီးသခင်၊ မိမိလင်ကို၊ ဦးတင်ရှိသေ၊ လျှောက်တုံပေက၊ အားရဝမ်းသာ၊ မင်းကြီးစွာလည်း၊ မကြာစေရ၊ လုပ်ထဆောလျင်၊ ဆောက်ကျင်မဏ္ဍပ်၊ ပြီးစေလပ်မှ၊ နှစ်မကြင်သူ၊ ခုမူစိတ်တွင်၊ လှူပေချင်က၊ အိမ်ရှင်ကြည်ဖြူ၊ ပေးတော်မူဟု၊ ဖြိုးထူဥစ္စာ၊ ရတနာရွှေငွေ၊ ဆန့်ရေစပါး၊ မင်းဖျားမနှေး၊ လျင်ဆောပေးက၊ စိတ်ဖေမ်းရွှင်၊ တောင်နန်းရှင်သည်၊ ရက်လျှင်မချာ၊ ကြီးစွာအလှူ၊ ပေးတော်မူက၊ များလှသောင်းသောင်း၊ ဖုန်းတောင်းယာစကာ၊ ခံလှာကြိုကြို၊ ဥဒါပဲ့တည်၊ နဂိုပိုင်ကား၊ မင်းတရားလည်း၊ ပုဏ္ဏားဆရာ၊ ပဏ္ဍိတာအား၊ ခေါ်၍

mgyoe.com

mgyoe.com


ကြား၍၊ စီးပွားတိုးတက်၊ ဖြစ်ပျက်နှောင်လာ၊ သိတတ်စွာသည်၊ ဆရာပုဏ္ဏား၊ သူတော်များတို့၊ ခုကားငါ့မှာ၊ တောင်ညာနန်းရှင်၊ မျိုးငယ်ကြင်လျှင်၊ ကိုယ်တွင်သန္ဓေ၊ တည်နေအစ၊ ရှိသည်ကပင်၊ မစွစိတ်တွင်၊ လှူချင်တစိ၊ တောင့်တရှိခဲ့၊ သိသည်လက္ခဏာ၊ ဤခြင်းရာကို၊ ဆရာပုဏ္ဏား၊ ကြောင်းလျားထင်ထင်၊ ဟောစေချင်ဟု၊ ရွှေစင်နှုတ်တော်၊ မေးလတ်သော်တည့်၊ သူတော်ပုဏ္ဏား၊ ဆရာများလည်း၊ လေးပါးဗေဒင်၊ တွက်ဆင်ခြင်၍၊ ဦးတင်လက်ထား၊ လျှောက်ပေကြား၍၊ တရားမြင့်မြတ်၊ နားတော်ညွှတ်လော့၊ တမွတ်ထားတင်၊ တောင်နန်းရှင်တွင်၊ မြင်သည်သားတော်၊ အလောင်းသော်ကား၊ ဘုန်းတော်ကြီးမား၊ တိုင်းကားပြည်ရွာ၊ ဝပြောသာအောင်၊ များမြောင်သီးသီး၊ အလှူကြီးကို၊ မငြီးနေ့ရှည်၊ ပေးလိမ့်မည်ဟု၊ လျှောက်သည်စကား၊ နားတော်ကြားက၊ အာပါးရစွာ၊ ဖရာဇာက၊ ဆုသာထပ်ထပ်၊ ပေးနှင်းအပ်မှ၊ သက်မှတ်သက်သွင်၊ တောင်နန်းရှင်ကို၊ ကိုယ်တွင်ရောဂါ၊ ကင်းစင်ကွာ၍၊ များစွာကျက်သရေ၊ ရှိပေစိမ့်ငှာ၊ လက်ယာခရု၊ ညွှန့်နုမြေဇာ၊ သပြေပါလျက်၊ ဆရာပုဏ္ဏား၊ သူတော်များတို့၊ ရွတ်သားပြီးမှု၊ ဇယတုဖြင့်၊ အောင်ဆုမင်္ဂလာ၊ ဖြစ်စိမ့်ငှာလျှင်၊ မချာနေ့ဆက်၊ တရက်သုံးခါ၊ သိသာရွှန်းရွှန်း၊ ဘိသိက်သွန်းသည်။ ။ မစွန်းပြစ်မျိုးရှောင်ခွာတည်း။

မစွန်းပြစ်စင်၊ တောင်နန်းရှင်၏၊ ကိုယ်တွင်စွဲနေ၊ သန္ဓေဆယ်လ၊ စေ့လကလျှင်၊ နန်းတွင်မပျော်၊ မွေးမယ်တော်ကား၊ ခုသော်အလျှင်၊ မြို့လည်ချင်ဟု၊ ကြည်လင်သာယာ၊ တောင်းပန်ထွာသော်၊ မဟာခတ္တိယ၊ ပြည်သူ့ဖကား၊ ကောင်းစွလည်ဟူ၊ မိန့်တော်မူမှ၊ ယာဉ်ဖြူလေးစီး၊ ကပြီးတုံသား၊ ရွှေရထားကို၊ တောင်ဖျားနန်းနေ၊ စီးတုံစေမှ၊ မောင်းမများစွာ၊ ခြံရံကာလျှင်၊ နောက်မှာနောက်တပ်၊ မိုလ်ချင်းထပ်မျှ၊ ရှေ့တပ်ရှေ့မှာ၊ ရှုသာမငြီး၊ ထွက်စည်တီး၍၊ မွေ့မွေ့သာသာ၊ ယာဉ်ညင်သာကို၊

mgyoe.com

mgyoe.com


ကောင်းစွာမစ၊ နှင်စေမှလျှင်၊ ဒက္ခိဏာမှန်စွာ၊ လှည့်လက်ယာဖြင့်၊ ထိုခါ မိဖုရား၊ မြို့လည်ငြားက၊ မင်းလမ်းမလျှင်၊ ပေါင်းကြလှာတုံ၊ ခရီးဆုံဟု၊ ကုန်သည်ပျော်လတ်၊ ထိုအရပ်သို့၊ ယာဉ်မြတ်ရထား၊ ရောက်လေငြားက၊ မသွားထိုတွင်၊ ရပ်တုံကျင်၍၊ တောင်တင်ညာထား၊ မိဖုရားလည်း၊ နွမ်းငြားမရှင်၊ ဝမ်းတွင်ပဋိသန်၊ ရင့်သည်မှန်၍၊ မပြန်နန်းခွင်၊ မဝင် ပြည်သာ၊ ထိုဌာမှာပင်၊ သားဖွားချင်၍၊ ဆွေလင်မင်းအား၊ လျှောက်လှာ ငြားသည်။ ။ ထိပ်ထား လက်အုပ်စုံကာတည်း။

အထ အမစ္စာ ရညော အာရောစေသုံ။ တံ သုတွာ ဝေဿဝီထိယံ ယေဝ တဿာ သုတိဃရံ ကာရာပေတွာ၊ ဝါသံ ဂဏှာပေသိ။ သာ တတ္ထ ပုတ္တံ ဝိဇာယိ။ [အဋ္ဌကထာ]

အထ၊ ထိုအခါ၌။ အမစ္စာ၊ အမတ်တို့သည်။ ရညော၊ သိဋ္ဌည်းမင်းကြီးအား။ အာရောစေသုံ၊ လျှောက်ကြားကုန်၏။ တံ၊ ထိုအကြောင်းကို။ သုတွာ၊ ကြား၍။ ရာဇာ၊ သိဋ္ဌည်းမင်းကြီး သည်။ ဝေဿဝီထိယံယေဝ၊ ကုန်သည်တို့၏ခရီး၌ပင်လျှင်။ တဿာ၊ ထိုမိဖုရားဖုဿတီအား။ သုတိဃရံ၊ သားဖွားရာအိမ်ကို။ ကာရာပေတွာ၊ ပြုစေ၍။ ဝါသံ၊ နေခြင်းကို။ ဂဏှာပေသိ၊ ယူစေ ၏။ သာ၊ ထိုဖုဿတီမိဖုရားသည်။ တတ္ထ၊ ထိုသားဖွားရာအိမ်၌။ ပုတ္တံ၊ ဝေဿန္တရာမင်းသားကို။ ဝိဇာယိ၊ ဖွား၏။ ။

ထိုသို့လက်စုံ၊ လျှောက်လေတုံသော်၊ ရွှေဘုံစိုးနှင်း၊ သိဋ္ဌည်းမင်း လည်း၊ လျင်ပြင်းဆောစွာ၊ မကြာရစေ၊ များတွေမတ်ပေါင်း၊ သောင်း သောင်းရုံကာ၊ သားဖွားရာဟု၊ အိမ်သာဆော်လှော်၊ ဆောက်ပြီးသော်

mgyoe.com

mgyoe.com


လျှင်၊ လူ့ဘော်ထင်ရှား၊ မိဖုရားလည်း၊ ရွှေများရုံကာ၊ ထိုအိမ်သာသို့၊ သာယာလျစ်လျူ၊ တက်တော်မူ၍၊ ဝှန်ဆူတန်ခိုး၊ ဟိုးဟိုးကျော်သောင်း၊ ဘုရားလောင်းကို၊ ရိပ်ကောင်းသန္ဓစင်၊ ထို၌ပင်လျှင်၊ မိခင်မယ်တော်၊ မျက်နှာမွှော်က၊ ဖွားခဏ၌၊ လက်လှသန္တာ၊ ဆန့်တန်းကာလျှင်၊ များစွာရွှေငွေ၊ လှူချေစရာ၊ ရှိတုံပါက၊ ခုသာမနေး၊ ငါ့ကိုပေးဟု၊ သံလေးသာယာ၊ မိမာတာကို၊ ခြင်းရာနှီးနှော၊ စကားပြောက၊ ချစ်ဖမယ်တော်၊ ကြားသော်ခဏ၊ အားပါးရ၍၊ မွေးဖရင်သွေး၊ သက်ပေးသားလှ၊ မကြောင့်ကြနှင့်၊ များလှဥစ္စာ၊ ရတနာမူ၊ တို့မှာအချို၊ တိုင်းမသိတည်း၊ မငြိစိတ်တွင်၊ လှူပေးချင်က၊ မောင်လျှင်ကြည်ညို၊ ယူတော့ဆိုမှ၊ များလှဥစ္စာ၊ သပြာတထောင်၊ ယူဆောင်တွဲ့တွဲ့၊ လက်၌ထည့်၏၊ ပြစ်မဲ့ထင်စွာ၊ ပွင့်လျာဘုန်းဟော့၊ ဖွားသည်နေ့လျှင်၊ ချမ်းမြေ့လှစွာ၊ ဟောဝန္တာက၊ နာမာမည်လှ၊ ဆင်ဖြူမလျှင်၊ သားလှနုနယ်၊ ဆင်ဖြူငယ်ကို၊ ဝမ်းဝယ်မကွေ၊ ဆောင်ခဲ့ပေမှ၊ လူ့မြေခန်းဝါ၊ ရောက်သောခါလျှင်၊ များစွာအသရေ၊ ရှိပေမင်္ဂလာ၊ တင်းကုပ်ညာတွင်၊ မွေးဖွားကျင်မှ၊ တောခွင်ဟေမာ၊ ပျံလေပါ၏၊ များစွာဖော်ပေါင်း၊ ရုံခြောက်သောင်းလည်း၊ မပြောင်းမရွေ့၊ ထိုသည်နေ့တွင်၊ ဖွားမြော်မြင်သည်။ ။ မြေပြင်အုတ်အက်ကြော်ငြာတည်း။

စေတုတ္တရာ၊ ရွှေပြည်သာကို၊ အာဏာစိုးခြင်း၊ သိဉ္စည်းမင်းလည်း၊ ရိုးတွင်းငြိမ့်ငြိမ့်၊ ခြင်ဆီစိမ့်၍၊ နှစ်သိမ့်ဖရဏာ၊ သားသည်းချာကို၊ မျှော်ကာ ဝမ်းထဲ၊ ချင့်မရဲတည့်၊ ကဲပြန်လေလေ၊ ကြီးထွေမေတ္တာ၊ ကရုဏာသနား၊ ပီတိပွား၍၊ မင်းဖျားနရ၊ ပြည်သူ့ဖကား၊ သြဇညင်းညင်း၊ မိန့်ပေလျှင်း၏၊ မြဲခြင်းငါ့မှာ၊ အတူပါသည်၊ များစွာတုံ့ရှောင်း၊ အမတ်ပေါင်းတို့၊ နန်းလောင်းရတနာ၊ ငါ့သည်းချာနှင့်၊ တူသာပြိုင်ဖွား၊ သတို့သားလျှင်၊ ရှိငြားဖွယ်ပင်၊ ငါမှတ်ထင်စွ၊ ခုလျှင်မနေ၊ စုံစမ်းချေဟု၊ စေတော်မူက၊ ထိုခဏလျှင်၊ ဖူဖူညီညာ၊ စူးစမ်းရှာသော်၊ များစွာပြိုင်ဖွား၊ သူငယ်များကို၊

mgyoe.com

mgyoe.com


မျက်ဝါးတင်တင်၊ တွေ့ခဲ့မြင်က၊ ဦးတင်သံတော်၊ လျှောက်လေသော်၍၊ ဘုန်းတော်ကဲမိုး၊ နေ့တိုင်းတိုး၍၊ တန်ခိုးထန်ပြင်း၊ တရားမင်းကို၊ ရန်တင်း မထောင်၊ ကြောက်ရွံ့ရှောင်သည်၊ အခေါင်မှန်ကင်း၊ တို့ရှင်မင်း။ ။ သက်နှင်းသည်းချား၊ ရှင်မင်းသားနှင့်၊ တူသားမြင်မြော်၊ ဖွားဖက်တော်မူ၊ ပြည်ကျော်ဒွိတွင်၊ ထင်ထင်ရှားရှား၊ မတ်ကြီးသားချည်း၊ ပေါင်စည်းများ တောင်း၊ ခြောက်သောင်းပြည့်ဘိ၊ ယခုရှိဟု၊ မင်းကြီးရွှေနား၊ လျှောက် သည်ကြားက၊ အားရဝမ်းသာ၊ ဖပီတာလည်း၊ မကြာလျှင်ကြောင်း၊ ခြောက်သောင်းနို့ထိန်း၊ တွက်ကိုန်းသချ်ာ၊ ဝတ်တန်းဆာနှင့်၊ လျင်စွာ မနေ၊ ပို့တုံစေ၍၊ သက်ဝေသည်းချား၊ သားတော်အားမူ၊ ငါးပါးကြန်သင့်၊ နိမ့်မြင့်မဖြူ၊ မဆူမကျူ၊ ဖယောင်းပုံသို့၊ ကင်းတုံအပြစ်၊ စိစစ်တုံမြောက်၊ ရွေး၍ကောက်မှ၊ တမျှတညီ၊ တနာရီဝယ်၊ လေးယောက်လုယ်၍၊ ခြောက်ဆယ်ပတ်ကုံး၊ ညဥ့်နေ့လုံးဝယ်၊ တွက်ကျုံးသချ်ာ၊ နှစ်ရာလေးကျိပ်၊ ပိုက်သိပ်နို့ကျွေး၊ ထိန်းကျောင်းပေးမှ၊ မင်းရေးပြီပြင်၊ သဘင်ခံမူ၊ မင်း ရတုဖြင့်၊ အောင်ဆုမင်္ဂလာ၊ ဖြစ်စေဗွာလျှင်၊ ကြိုဟ်စာမကင်း၊ စောင့်ရှောက် ခြင်းဖြင့်။ ။ ပွဲခင်းနေ့တိုင်းမှန်စွာတည်း။

သားလှပုတ္တာ၊ ရတနာကို၊ နှစ်ရာလေးကျိပ်၊ ပိုက်သိပ်ကျူးဇ၊ နို့ထိန်းပေးမှ၊ မှည့်ကြွတွင်ခေါ်၊ နာမသော်ကား၊ သူတော်သူကောင်း၊ ကုန်သည်ပေါင်းတို့၊ ကုန်ရောင်းကုန်ဝယ်၊ လွဲဖယ်မသွား၊ များစွာရောက် ကြုံ၊ ခရီးဆုံ၍၊ မွေးတုံမယ်တော်၊ ဖွားမြော်ဇကန်၊ မယွင်းမှန်၍၊ ဝေသ န္တရာ၊ သာယာကြူးဇ၊ မည်တော်ပေး၍၊ မဝေးဖွားပေါ်၊ ယာဉ်ကျော်ရတနာ၊ မင်္ဂလာကျူးကျော်၊ ဆင်ဖြူတော်ကို၊ ခေါ်တုံကြေငြာ၊ ပစ္စယာနာဂ၊ ရွှေ ဖွဲ့ရ၍၊ နရရူဋ္ဌာ၊ မုံအာရင့်ညောင်း၊ ဘုရားလောင်းကို၊ ကျိန်းအောင်း ပျော်ဌာ၊ စက်စရာဟု၊ ရတနာပြောင်ချက်၊ ရွှေပုခက်မူ၊ ဇမ္ဗူအုပ်ထား၊ ကိုးပါးနဝရတ်၊ ကျောက်မြတ်စီလွှင်၊ ရွှေလက်တင်နှင့်၊ ခြူးပင်ခြူးခက်၊
mgyoe.com

mgyoe.com


ဝန်းရှက်ဆင်စွယ်၊ ရွှေကြယ်စီလျက်၊ ညောင်ရွက်လူလူ၊ ရွှေချူသွင်သွင်၊ ရွှေပင်ရွှေညောက်၊ ရွှေတောင်ပေါက်သို့၊ ပြိုင်ထောက်မမြင်၊ ရွှေနန်းတွင်၌၊ ရွှေပင်ပြိုးပြက်၊ ရွှေပုခက်မူ၊ လုံးချက်တင့်ကြောင်း၊ ခေါင်ရင်းနဂါး၊ ခြေပါးခြသေ့၊ မရွှေ့ယောက်ဟန်၊ အလွန်ပြီစွာ၊ ရှုဖွယ်သာနှင့်၊ နှစ်ဖြာဆွဲငင်၊ နီစင်ထင်နိုး၊ သန္တာကြိုးဖြင့်၊ သားမျိုးဘုန်းခေါင်၊ နန်းလုံးမောင်ကို၊ များမြောင်ထိန်းယ၊ လွဲကြသံလေး၊ နန်းချင်းပေး၏၊ ဘေးလည်းနန်းရ၊ ဖလည်းနန်းရိုး၊ ဖိုးလည်းနန်းမြင့်၊ ရှင့်လည်းမင်းသား၊ ဖွားလည်းနန်းမြော်၊ မယ်တော်မင်းသမီး၊ နန်းထက်ကြီး၍၊ ညီးညီးပြောင်ပြောင်၊ ရွှေကိုယ်ရောင်ဖြင့်၊ ရွှေတောင်နန်းတွင်း၊ နေနှယ်လင်း၏၊ များခြင်းအပေါင်း၊ တသောင်းခြောက်ထောင်၊ ကုံအောင်မောင်းမ၊ ခယကျိုးနွံ၊ ပတ်ကုံးရံ၍၊ သုဇံသိကြား၊ နှစ်ပါးလူ့ရွာ၊ သက်လှာတုံဘိ၊ မှတ်ဖွယ်ရှိစွ၊ မွေးမိရှင်မ၊ ဖုဿတီဟု၊ ကျော်ညီထင်ရှား၊ မိဖုရားနှင့်၊ ဖကားရန်နှင်း၊ သိဥ္စည်းမင်းကို၊ ဆောင်နှင်းတကွ၊ ငယ်ရွယ်ကပင်၊ မိဖနှစ်ပါး၊ ပေးထိမ်းမြားက၊ မပြားကြင်သူ၊ ဖြစ်တော်မူ၍၊ အတူတကွ၊ စံပျော်ကြက၊ ရှင်မမယ်တော်၊ မြင်မြော်သားဦး၊ စုံပူးမခြား၊ ရှင့်ကိုဖွားသည်။ ။ ရွှေနားတင်တော်မူဘိသေး။

ချိုဖေပုံ့ပျူး၊ လွဲချင်းကျူးသည်၊ သားဦးစက်တော် ခေါ်ဘိသေး၊ ဧလည်းယင်ယင်ဧ။

မင်္ဂလာမဏ္ဍိုင်၊ လေးရောင်ဆိုင်သား၊ ဦးကိုင်နကို၊ တောင်ဗဟိုဟု၊ မြင်းမိုရ်ထိပ်ချာ၊ ဇယန္တာသို့၊ သိင်္ဂါထူးဆန်း၊ ရွှေတောင်နန်း၌၊ ပြိုင်ကျွန်းမမြော်၊ ရှင့်မယ်တော်ကား၊ သော်တာစန္ဒ၊ ဝန်းသည်လသို့၊ မောင်းမအပေါင်း၊ တသောင်းခြောက်ထောင်၊ ကုန်အောင်၌တွင်၊ အထွတ်တင်၍၊ တောင်ခွင်ညာထား၊ မိဖုရားဟု၊ မြှောက်စားဖမင်း၊ ရွှေနန်းနှင်း၍၊ သက်ချင်းဝေဝေ၊ သလွန်ရွှေဝယ်၊ နေလည်းနေသင့်၊ ရွှေထီးဖွင့်၍၊ တင့်လည်း

mgyoe.com

mgyoe.com


တင့်တော်၊ စံမွေ့လျော်၍၊ ပျော်လည်းပျော်ပါး၊ ရွှေဖော်များနှင့်၊ သွားလည်းသွားကာ၊ ရွှေဟသာ်သို့၊ လာလျှင်လာချင်း၊ တူမကင်းတည့်၊ မင်းလည်းမင်းပင်၊ မင်းမျိုးဝင်၍၊ ထိုင်လျှင်ထိုင်ချင်း၊ နတ်မယွင်းလျှင်၊ သက်နှင်းသက်ဝေ၊ ချစ်ကြိုးခွေ၍၊ ရွှေလည်ရွှေရင်၊ စုံလျက်ပင်နှင့်၊ ရှင်လျှင်ရှင်ချင်း၊ ရွှေနန်းတွင်း၌၊ မကင်းနှေ့ညာ၊ တူတကွလျှင်၊ နှမခေါ်တုံ၊ မောင်ခေါ်တုံတည့်၊ ခြုံလျှင်ခြုံချင်း၊ ထီးနှစ်စင်းနှင့်၊ နတ်မင်းနှစ်ဆွေ၊ စံသောထွေသို့၊ ရွှေလည်းရွှေပေါင်း၊ ရံသောင်းသောင်းနှင့်၊ မောင်းမောင်းရွှေရောင်၊ နန်းသုံးဆောင်ဝယ်၊ ဘုန်းရောင်ထွန်းပေါ်၊ နတ်နှင့်လျော်သည်၊ ရှင်မယ်တော်ရင်း၊ ရှင်ဖမင်းတို့၊ မယွင်းမေတ္တာ၊ စံကြွရာတွင်၊ ယူလှာသန္ဓေ၊ ဆယ်လနေမှ၊ သက်ဝေသည်းချား၊ ရှင့်ကိုဖွားက၊ ခေါ်ငြားနာမံ၊ မင်းဝေဿန်ဟု၊ ဧတောင်စံနန်းညာ၊ မာတာမိဖုရား၊ ရှင့်ဖဖြားလျှင်၊ မြွက်ကြားသံလေး၊ မည်တော်ပေးတည့်။ ။ ရင်သွေးဖွင့်ဘူးသားဦးစက်တော်ခေါ်ဘိသေး။

နုနယ်လှသေး၊ မင်းကလေး၊ သံချိုသာလေးညီစေဧ၊ ဧလည်းယင်ယင်ဧ။

မင်္ဂလာဗဟို၊ လေးရောင်စိုသား၊ မြင်းမိုရ်တောင်ညာ၊ ဒက္ခိဏာဟု၊ လက်ျာခေါ်ပေ၊ သပြေရောင်မှန်း၊ ဇမ္ဗူကျွန်းတွင်၊ ကြီးလွန်းတေဇော်၊ ရှင့်ဖိုးတော်ဟု၊ မင်းကျော်မင်းဖျား၊ မင်းနှစ်ပါးမူ၊ ထင်ရှားကျော်လှစ်၊ စေတရာဇ်ဟု၊ ဖြစ်သည်နာမာ၊ ထိုပြည်သာကို၊ အာဏာစိုးခြင်း၊ စေတမင်းဟု၊ သတင်းထင်ပေါ်၊ ရှင့်ဖိုးတော်တွင်၊ မြင်မြော်သမီး၊ မငြိးရှု၍၊ ဖုဿတီဟု၊ သညီခေါ်တွင်၊ သူ့ပြည်တွင်မူ၊ တပင်တိုင်နန်း၊ စံရှင်မြန်းသည်၊ ရွှေနန်းထက်ကြီး၊ မင်းသမီးတည့်၊ ကြီးသည်တေဇော်၊ ဖိုးတော်ဘုရား၊ မင်းတပါးမူ၊ တိုင်းကားမည်ထုတ်၊ ခေါ်သမုတ်သား၊ စေတုတ္တရာ၊ ရွှေပြည်သာကို၊ အချာစိုးလှစ်၊ သိဝရဇ်ဟု၊ တက်သစ်နေသွင်၊ ဖိုးတော်

mgyoe.com

mgyoe.com


ရှင်တွင်၊ မြင်သည်ရင်သွေး၊ နန်းထက်မွေးကို၊ မှည့်ပေးတုံခြင်း၊ သိဋ္ဌည်း မင်းတည့်၊ သတင်းကျော်ကြား၊ ထိုမင်းသားလျှင်၊ ကြီးမားသက်စစ်၊ ဆယ့်ခြောက်နှစ်သို့၊ ရောက်လုစ်သောခါ၊ လူ့ရွာထင်ပေါ်၊ ဖိုးတော်ဖုရား၊ မင်းနှစ်ပါးလျှင်၊ ချစ်အားတွဲ့တွဲ့၊ မိတ်ဆွေဖွဲ့၍၊ မငဲ့မေတ္တာ၊ ကြင်နာ ချစ်ကျွမ်း၊ ခမက်ဖမ်းက၊ ထဲဝမ်းကြည်ရွှင်၊ ဆွေလင်နှစ်ပါး၊ တူစုံစားမှ၊ မိဖရိုက်ရာ၊ ရွှေနန်းသာကို၊ အုပ်အာစိုးလျက်၊ ရွှေနန်းတက်မှ၊ မောင့်ဖ ရည်ရော်၊ မောင့်မယ်တော်လျှင်၊ နောင်သော်နန်းစံ၊ အိမ်ရှေ့ရန်ဟု၊ အမှန် တကယ်၊ ရှင့်ကိုရွယ်၍၊ နောင်ဝယ်ရွှေနန်း၊ ဖရာမြန်း၍၊ တိုင်းခန်းမကျန်၊ စိုးရမှန်သည်။ ။ ဝေသာန်ရင်သွေး၊ ဖိုးမင်းမြေး။ ။ စက်တော် မောင်တွေးပျော်ဘိသေး။

ကြူးသေံလွှင်နာစေချင်သည်၊ သခင်ရင်သွေး၊ မှတ်ဘိသေး၊ သာချိုသာလေး၊ ညီစေ။ လေည်းယင်ယင်ဧ။

ဤသို့လျှင်တည့်၊ များဖြင်ထိန်းယ၊ မစချီလျက်၊ ရွှေပုခက်နှင့်၊ စုံမက်ပုံ့ပျူး၊ ချေင်းကျူး၍၊ သားဦးဘုန်းခေါင်၊ နန်းလုံးမောင်ကို၊ ရွှေရောင်ဝင်းဝင်း၊ ရွှေနန်းတွင်း၌၊ မကင်းနှေ့ည၊ ဖြည့်ဖြူးကြ၍၊ ဘုရား အလျာ၊ လောင်းပွင့်လျာလည်း၊ ထိုခါသက်တော်၊ ကျူးကျော်တွက်စစ်၊ တနှစ်ထက်ကား၊ နှစ်နှစ်ဖွား၍၊ စကားပြီသ၊ ကိုယ်လှကြန့်ခိုင်၊ ပြေးသွား နိုင်က၊ မွေးဖမယ်တော်၊ ရှုမြော်မရဲ၊ ကြင်ဆကဲ၍၊ ပုလဲမူးပြည့်၊ အာနိ မှည့်သို့၊ ကြည့်၍မငြီး၊ သားပွင့်နီးကို၊ ဇနီးဆွေလင်၊ ကြင်လည်းကြင်ကြ၊ ချစ်မဝ၍၊ တင့်လှတန်းဆာ၊ ဆင်ယင်ကာနှင့်၊ ကိုယ်မှာပြောင်ပြောင်၊ လောင်ဘိဘနန်း၊ စိတ်ဝမ်းကြည်လင်၊ တင့်ကြောင်းဆင်၍၊ လည်တွင်ရောင် မောင်း၊ ရွှေစည်ပေါင်းနှင့်၊ ကျောက်ကောင်းပတ္တမြား၊ အနားရံကာ၊ အလယ်မှာမူ၊ ထွန်းကာတောက်ပ၊ ပြည်တန်မြကို၊ နဝမျက်ရှင်၊ ကိုးပါးဆင်၍၊ စိန်လျှင်ပြိုးပြက်၊ ညောင်ရွက်လူလူ၊ ရွှေချူသွင်သွင်၊

mgyoe.com

mgyoe.com


ရွှေစင်လုပ်ငြား၊ ရွှေတင်းကားနှင့်၊ ရွှေသားမယွင်း၊ ရွှေလည်ပင်း၌၊ ဖမင်းမယ်တော်၊ ဆင်လေသော်လည်း၊ ကိုယ်တော်၌မှာ၊ နတ်ပမာတည့်၊ လှပါဘိခြင်း၊ တက်နေမင်းသို့၊ ထွန်းဝင်းပြောင်ပြောင်၊ ကြယ်များဘောင်တွင်၊ တိမ်တောင်လှစ်ပ၊ သော်တာလသို့၊ များလှကိုယ်ရုံ၊ ခြောက်သောင်းရုံလျက်၊ ရွှင်စံတုံငြား၊ တူကစားက၊ သားများရွှေဖော်၊ ဖွားဖက်တော်ကို၊ မြင်မြော်ခဏာ၊ နှမ်းနယ်လှသား၊ သူတို့အားကို၊ သနားတော်မူ၊ ယူလှည့်ဟူ၍၊ ဖိုးမူတွက်လိုက်၊ တသိန်းထိုက်သား၊ လည်၌တန်းဆာ၊ ကိုယ်တော်မှာကို၊ ချွတ်ကာမနှေး၊ လျင်ဆောပေးက၊ မွေးမိမယ်တော်၊ သိလေသော်လည်း၊ ပြစ်တော်မတင်၊ ကြည်ရွှင်ဝမ်းသာ၊ ဥစ္စာကံကျေး၊ တဖိုးပေးမှ၊ ရွှေး၍တခါ၊ ဆင်ပြန်ပါလည်း၊ မကြာလျှင်ကြောင်း၊ ပေးပြန်ရှောင်း၏၊ လည်းကောင်းထို့တူ၊ ရွှေးတော်မူ၍၊ မတူလူ့ရွာ၊ ဘုရားလျာကို၊ ဆင်ပါသော်လည်း၊ ထိုနည်းသာလျှင်၊ ပေးပြန်ကျင်က၊ လည်တွင်အမြဲ၊ မပြတ်ဆွဲသည်၊ လည်ရွဲအမှန်၊ ဖိုးသိန်းတန်ကို၊ ဆင်ပြန်ပေးပြန်၊ မကျန်ထွေထွေ၊ စေ့စေ့ရေသော်၊ ဖွားဖက်တော်ဟု၊ ထင်ပေါ်တုံရှောင်း၊ ရုံခြောက်သောင်းက၊ နှစ်ရာ့လေးကျိပ်၊ ပိုက်သိပ်မွေးငြား၊ နို့ထိန်းများလည်း၊ တပါးမလွတ်၊ လည်ဝတ်တန်ဆာ၊ ရတနာကို၊ နန်းလျာညွှန့်လူ၊ ပေးတော်မူက၊ မွေးဖမယ်တော်၊ မင်းနှစ်ဖော်ကား၊ ထိုရော်မနှေး၊ ထပ်ပိုးပေးသည်။ ။ ရွှေး၍ဆင်တုံဆင်တုံတည်း။

ဤသို့မှန်စွာ၊ ဘုရားလျာမူ၊ အာသာရွှင်ပြီး၊ ပေးမငြီးတည့်၊ ကြီးသည်သက်တော်၊ တဆယ်ပေါ်၍၊ ကျော်သည်ခြောက်နှစ်၊ ရောက်တုံလစ်က၊ မွေးဖမယ်တော်၊ မင်းနှစ်ဖော်လျှင်၊ စိတ်တော်ညီမျှ၊ တိုင်ပင်ကြ၍၊ စေတပုရာ၊ ရွှေပြည်သာကို၊ အာဏာစိုးလစ်၊ စေတရစ်ဟု၊ တက်သစ်တေဇော်၊ မောင်တော်သမီး၊ မငြီးရှုဤ၊ မယ်မဒ္ဒီဟု၊ သီဂီရွှေသွင်၊ ကိုယ်ပြင် သန့်ရှင်း၊ နတ်မယွင်းတည့်၊ ထွန်းဝင်းကိုယ်ရောင်၊ ညည့်မိုက်မှောင်

mgyoe.com

mgyoe.com


ဝယ်၊ လေးတောင်ခန့်တွင်း၊ မီးနှယ်လင်း၍၊ တင့်ခြင်းထွေထွေ၊ ဣန္ဒြေနှင့်၊ အသရေသီရိ၊ ပြည့်စုံဘိ၍၊ ပြစ်တိမမြင်၊ ကြန်ငါးအင်နှင့်၊ စုံလင်ဘိခြင်း၊ နတ်မယွင်းသည်၊ ကြော့ရှင်းတပင်၊ တိုင်နန်းရှင်နှင့်၊ လက်ငင်နှစ်ပါး၊ ပေးထိမ်းမြားမှ၊ ငါးပါးမင်္ဂလာ၊ ဆောင်ရာမကြွင်း၊ အိမ်ရှေ့နှင်းက၊ နတ်မင်းဣန္ဒာ၊ သုဇာတာနှင့်၊ လူ့ရွာဝယ်ပ၊ သက်လှာကျသို့၊ များလှရွှေပေါင်း၊ ရံသောင်းသောင်းနှင့်၊ တင့်ကြောင်းအသရေ၊ လူ့မြေစံခန်း၊ အိမ်ရှေ့နန်း၌၊ ဖက်ကျွန်းမမျှ၊ ကြယ်ပေါင်းလသို့၊ နှမကြင်တုံ၊ မောင်ကြင်တုံလျှင်၊ စုံလည်းစုံသင့်၊ ရွှေထီးဖွင့်၍၊ နတ်နှင့်နက်နှယ်၊ နတ်သူငယ်သို့၊ ရွယ်လှယ်ရွယ်ချင်း၊ ပြစ်မျိုးကင်း၍၊ မင်းလည်းမင်းပင်၊ မျိုးသန့်စင်၍၊ ကြင်လည်းကြင်သင့်၊ သလွန်မြင့်ထက်၊ စက်တင့်စက်တော်၊ စက်ကြသော်လည်း၊ တူပျော်မကွဲ၊ ရွှေရင်နှဲ၍၊ မြဲလည်းမြဲတုံ၊ ထည်ချင်းချုံလျက်၊ လုံလည်းလုံစွာ၊ ရွှေဟသ်ာသို့၊ တော်ပါဘိခြင်း၊ ဆွေနှစ်မင်းလျှင်၊ မယွင်းဥပမာ၊ ပုံစံရှာသော်၊ ကိန္နရာဖိုမ၊ ဟန်ပန်လှနှင့်၊ ကလသောသွင်၊ ထွေထွေထင်၍၊ လူလျှင်စင်စစ်၊ နတ်မင်းဖြစ်သို့၊ တက်သစ်နေဟန်၊ မင်းဝေသန်နှင့်၊ ငါးကြန်အင်ညီ၊ မဒ္ဒီမိဖုရား၊ ပျော်ပါးတသီး၊ စံမငြီးသည်။ ။ ဇနီးဆွေစုံဆွေစုံတည်း။

ဤသို့စုံလျှင်၊ ဆွေစုံဇနီး၊ စံမငြီးတည့်၊ ဘုန်းမီးတောက်လျှံ၊ မင်းဝေသန်နှင့်၊ သက်နှံစုံညီ၊ မယ်မဒ္ဒီတို့၊ တူပြိုနှစ်ပါး၊ ပျော်ပါးရှည်မြင့်၊ ကြာသဖြင့်လျှင်၊ နန်းမြင့်ညာထား၊ မိဖုရား၌၊ ယူငြား‌အမှန်၊ ပဋိသန်သည်၊ ထည့်ပြန်တုံ၍၊ ဆယ်လစေ့က၊ ရင်ငွေ့လည်းလှုံ၊ နန်းရွှေဘုံမြတ်၊ ဖွားလတ်သောလျှင်၊ နန်းကြမ်းပြင်ဝယ်၊ ရွှေစင်ကိုယ်လှ၊ မကျုရပါ၊ ရွှေကွန်ချာနှင့်၊ များစွာခြွေရံ၊ ဆီး၍ခံသော်၊ နာမံဝေါဟာ၊ ရွှေကွန်ချာကြောင့်၊ သညာတညီ၊ မင်းဇာလီဟု၊ မြှောက်ချီသံလေး၊ မည်တော်ပေး၍၊ ရွှေသွေးမခြား၊ ထိုမင်းသားလျှင်၊ ဖဝါးခြေသင်၊ သွားတတ်လျှင်လည်း၊ မိခင်မဒ္ဒီ၊

mgyoe.com

mgyoe.com


စုံညီအမှန်၊ ပဋ္ဌိသန်သည်၊ ယူပြန်တုံရွှေ၊ ဆယ်လစေ့က၊ မွှေ့မွှေ့သာယာ၊ မီတံဝါကို၊ ထိုခါမယ်တော်၊ ဖွားမြင်မြော်က၊ ခြေလှမ္မေးရှေ၊ သစ်နက်ရေနှင့်၊ ခံပေတုံကြ၊ ဆီး၍မဏ္ဍ၊ မှည့်ထသညာ၊ နာမမှာလည်း၊ ဖွားကာမှန်ပေ၊ သစ်နက်ရေကို၊ စွဲလေ၍သာ၊ မယ်ကဏ္ဍာဟု၊ မာတာမိခင်၊ ဖခင်ဝေဿန်၊ မိန့်ဟန်သာလေး၊ မည်တော်ပေး၍၊ ရွှေသွေးမင်းစံ၊ နှိုင်းတန်တူကြ၊ မောင်နှမကို၊ ဖကားဓာလီ၊ မဒ္ဒီကဏ္ဍာ၊ ပိုက်ချီကာလျှင်၊ မာတာရင်သွေး၊ ဖသက်ပေးဟု၊ ပိုက်ထွေးရွှေရင်၊ တင်ထက်တင်၍၊ ထိပ်ပြင်လည်းနမ်း၊ ချစ်ဝမ်းလည်းဖြိုး၊ မေတ္တာတိုးသည်။ ။ ချစ်ကြိုးခွေတုံခွေတုံတည်း။

ချစ်ကြိုးခွေကာ၊ ရေနှင့်ကြာသို့၊ ချမ်းသာတူစံ၊ စည်းစိမ်ခံ၍၊ ဝေဿန္တရာ၊ မင်းရာဇာမူ၊ ဒါနစွန့်ကြဲ၊ အလှူရဲ၍၊ ပေးမြဲနေ့ဆက်၊ စဉ်မပျက်လျှင်၊ တရက်မခြား၊ ထွက်ကြွသာတည့်၊ ရတနာယာဉ်ကြီး၊ ဆင်ဖြူစီး၍၊ မှူးကြီးမတ်သား၊ ခြွေရံများနှင့်၊ သိကြားရည်တူ၊ ကြွတော်မူမှ၊ များလှရွှေငွေ၊ ဆန်ရေစပါး၊ ကျွဲနွားမကြွင်း၊ ထမင်းဟင်းမျိုး၊ ပုဆိုးအင်္ကျီ၊ ထဘီတပက်၊ စုလျက်အများ၊ ဆီးကာထားမှ၊ သို့ပသို့မူ၊ ဤသို့လှူလော့၊ ဤသူဤမှာ၊ ဤနှင့်ရာ၍၊ သည်ငှာကိုမူ၊ သည်နှယ်လှူလော့၊ သည်သူကိုပေ၊ သို့ပေးလေလော့၊ ခွဲဝေမကျန်၊ ရွှေနူတ်သံဖြင့်၊ စီမံပြီးမှ၊ လှူစေရ၍၊ ရက်လကိုကျော်၊ နေ့ဆက်သော်လျှင်၊ ထွက်တော်မူမြဲ၊ အလှူပွဲတည့်၊ သဲသဲသောင်းသောင်း၊ ဖုန်းတောင်းယာစကာ၊ များစွာကျုံကျုံ၊ အလှူခံတို့၊ လိုဟန်စိတ်က၊ ရှိသမျှကို၊ ရလေသည်ချည်း၊ နည်း၍သူ့အား၊ များ၍သူ့မှာ၊ မရှိပါတည့်၊ ရွှေဝါဖလား၊ ရွှေကရားနှင့်၊ ချသွားရေစက်၊ တသွက်သွက်လျှင်၊ ဘဝဂ်ထုတ်ချင်း၊ မကြွင်းသိစေ၊ ဤသည့်မြေဟု၊ သက်သေစကား၊ တိုင်တည်ထားမူ၊ မပြားဤနည်း၊ ဤထုံးချည်းလျှင်၊ မင်းလည်းဝေဿန်၊ စီရင်ဖန်မှ၊ လည်ပြန်လကျော၊

mgyoe.com

mgyoe.com


ရွှေမြို့သာသို့၊ ပစ္စယာနာဂ၊ ဆင်ဖြူလှထက်၊ ရှုကြမင်း၊ ကိုယ်တော်စီး၍၊ မြို့ကြီးပြည်သာ၊ လေးမျက်နှာတွင်၊ လှူရာမဏ္ဍပ်၊ မလပ်ရစေ၊ လှည့်ခဲ့ပေမှ၊ နန်းမြေရွှေဘုံ၊ ပြီးခဲ့တုံ၍၊ တူစုံနှစ်ပါး၊ ရွှင်စံစားသည်။ ။ သိကြားရည်တူတမျှတည်း။

ထိုသရောခါ၊ မင်းရာဇာကား၊ ပြည်သာနန်းတော်၊ ရောက်လေသော်လျှင်၊ တွေးခေါ်တဖန်၊ အောက်မေ့ပြန်၍၊ အမှန်ယခု၊ ငါ့ကောင်းမှုကား၊ များသားနေ့ဆက်၊ တရက်မလွတ်၊ အလှူဝတ်ကို၊ မချွတ်စေရ၊ ငါ့ဒါနကား၊ လနှစ်ရာသီ၊ မရည်တွက်သာ၊ ရှည်ဝေးကြာခဲ့၊ ငါ့သာပြုစု၊ ငါ့ကောင်းမှုကား၊ အနုမြူမျှ၊ ပမာဏလျှင်၊ နည်းလှသောသွင်၊ ငါခုထင်စွ၊ ပုံယင်ရွှေငွေ၊ ဆန်ရေစပါး၊ ကျွဲနွားစုံစီ၊ ထဘီတပက်၊ လှူရချက်ကား၊ အထွက်မှီသား၊ ဗာဟီအစု၊ ပြင်ဝတ္ထုကို၊ လှူလှူအားရမ်း၊ စိတ်မချမ်း၍၊ ငါ့ဝမ်းမရွှင်၊ ဖြစ်ရကျင်ကား၊ ကိုယ်တွင်ဥစ္စာ၊ အတွင်းဌာကို၊ ငါသာတစ၊ မလှူရခဲ့၊ စိတ်ကကြည်စွာ၊ လှူချင်ပါလည်း၊ ခံလာမည့်သူ၊ လူလည်းမရှိ၊ ဖြစ်တုံဘိခဲ့၊ ဗာဟိအပ၊ ဓနဥစ္စာ၊ ရတနာရွှေငွေ၊ ဆန်ရေစပါး၊ ကျွဲနွား ပုဆိုး၊ ဥစ္စာမျိုးကို၊ မြတ်နိုးတခါ၊ ယခုသာလျှင်၊ လိုပါတစိ၊ တောင်းသူရှိခဲ့၊ ခုပြီးတပါး၊ ငါ့မယားနှင့်၊ သားသမီးကို၊ ကျွန်ပြုလိုဟု၊ ဆိုသော်လည်းကောင်း၊ အပေါင်းလူမိုလ်၊ ဤငါ့ကိုယ်ကို၊ လို၍ယခု၊ ကျွန်ပြုစရာ၊ လှူတို့ပါဟု၊ လာ၍ငါ့ကို၊ ဆိုသော်လည်းကောင်း၊ ငါ့ဦးခေါင်းနှင့်၊ နှာခေါင်းနားရွက်၊ ခြေလက်အင်္ဂါ၊ လျှာနှင့်မျက်စိ၊ အလိုရှိ၍၊ မငြိမတာ၊ လှူတို့ပါဟု၊ ပန်ထွာငါ့ကို၊ ဆိုသော်လည်းကောင်း၊ ငါ့ကိုယ်ကောင်းကို၊ ရောင်း၍ခုပေ၊ ကိုယ်ဖိုးငွေကို၊ လှူစေခလို၊ ဆိုသော်လည်းကောင်း၊ တကြောင်းတချား၊ ငါ့အသားက၊ ဦးဈောက်စသည်၊ အူမအသဲ၊ မကွဲနှလုံး၊ ပေါင်းရုံးများစွာ၊ စားစရာသည်၊ လှူပါငါ့ကို၊ ဆိုသော်လည်းကောင်း၊ ဤလူပေါင်းအား၊ စိတ်ထားသန့်စွာ၊ စေတနာ

mgyoe.com

mgyoe.com


နှင့်၊ ခေါ်တစ္စာင်ငါလျှင်၊ လှူပြါချင်စွ၊ ခုလျှင်ငါ့မှာ၊ ဘယ်သို့လာ၍၊ တောင်းပါလတ္တံ့၊ ခါမင့်တည့်၊ စိတ်ပျံ့လျှင်ဆော၊ လှူချင်သောဟု၊ မင်းစောဝေဿန်၊ နေတိုင်းကြံသည်။ ၂။ အမှန်ကိုယ်တော်တောင့်တတည်း။

ဝေဿန္တရာ၊ မည်တော်သာနှင့်၊ အာဏာထန်ပြင်း၊ ထိုသည်မင်းလည်း၊ သည်ရင်းမြောက်သား၊ မိဖများနှင့်၊ စံစား၍ပင်ပါ၊ ရွှေနန်းမထက်၊ ခမ္ဗဆယ်ပါး၊ မင်းတရားလည်း၊ မမှားဖြောင့်ဖြောင့်၊ ကောင်းစွာစောင့်ငြား၊ သပ်သည့်မြားသို့၊ လေးပါးသင်္ဂဟ၊ သင်္ဂြိုဟ်မလျက်၊ နှေ့ည်မေတ္တာ၊ ဘာဝနာမပြတ်၊ သီလဝတ်လည်း၊ ချွတ်သည်မရှိ၊ ဂုဏ်တီလေးပါး၊ မတိမ်းငြားတည့်၊ ပေသားပုည၊ လှူဒါနသည်၊ အားရအားကိုး၊ နေ့တိုင်းကြိုး၍၊ မြို့ရိုးလေးမျက်နှာ၊ မြို့လယ်မှာနှင့်ကိ၊ လှူရာမဏ္ဍပ်၊ မပြတ်စုရုံး၊ ငါးဆောင်လုံးကို၊ အုန်းအုန်းနေ့ဆက်၊ ပေးမပျက်တည့်၊ ပိုးရွက်ပလူ၊ ကဲ့အတူလျှင်၊ ပြည်သူပြည်သား၊ မျိုးလေးပါးနှင့်ကိ၊ သားနှင့်တမျှ၊ လူထိုမျှကို၊ မ,ပေသောအား၊ ကျော်ကြားသီးသီး၊ ဘုန်းတော်ကြီး၍၊ ဝေနီးပြောင်ပြောင်၊ တန်ခိုးရောင်ကြောင့်၊ ပြည်ထောင်ရာစင်း၊ အမင်းမင်းတို့၊ ရန်တင်းမဝံ့၊ လွန်ကြောက်ရွံ့၍၊ ပတ်လွှံ့ထင်ပေါ်၊ ရွှေပြည်တော်လည်း၊ ထိုရော်အခါ၊ စည်ပင်သာ၍၊ ယာမာပေလား၊ တွေးမိမှားလိမ့်၊ တပါးတဝေး၊ ရပ်တကျေးက၊ စည်းဝေးလူများ၊ သားမယားနှင့်၊ လာသွားမပြတ်၊ လူချင်းထပ်မျှ၊ ကြည်းတပ်ကြည်းမှာ၊ ကြည်းကသာလျှင်၊ စည်းကာမကွဲ၊ ဝန်တင်လှဲနှင့်၊ ရေထဲရေမှ၊ ရေကြောင်းကလည်း၊ များလှလှတွေ၊ သံချေသံချာ၊ မရေသာတည်၊ တေဇာထွန်းပေါ်၊ ရွှေဘုန်းတော်ကို၊ ခိုချင်သောအား၊ များသားသို့ပင်၊ ရောက်ကြကျင်၍၊ မြို့ပြင်မြို့တွင်း၊ အိမ်ချင်းလည်းထပ်၊ မြေမလပ်တည့်၊ ရှစ်ရပ်မျက်နှာ၊ များစွာကျုံကျုံ၊ ဆင်မြင်းသံလည်း၊ မည်မစဲ၊ တသဲသဲတည့်၊ နရဲခရာ၊ ပတ်သာစောင်းငြင်း၊ ချင်းချင်းချုံချုံ၊ တအုံအုံလျှင်၊ ရွှေဘုံပဒေ၊ သာမိုးစွေ၍၊ ဝေဿန္တရာ၊ မင်းကြီးစွာဟု၊ ကြော်ငြာနီးဝေး၊

mgyoe.com

mgyoe.com


ကောင်းကြီးပေး၍၊ သဒ္ဒေးမရှား၊ သူကြွယ်များ၍၊ ခိုးသားမထ၊ ဒမြမရှိ၊ ချမ်းသာဘိ၍၊ မိုးတိချိန်ခါ၊ ရတနာယာဉ်ကျော်၊ ဆင်ဖြူတော်ကြောင့်၊ မချော်မပျက်၊ ခုနစ်ရက်တခါ၊ မပြတ်ရွာ၍၊ လယ်တာကန်ချောင်း၊ လုပ်ကိုင်ကောင်း၍၊ အပေါင်းလူများ၊ ရပ်တပါး တိ၊ ပျော်ပါးအဟုတ်၊ ခေါ်သမုတ်သည်။ စေတုတ္တရာ၊ ရွှေပြည်သာကား။ ။ ယာမာတုညီတကွတည်း။

စေတုတ္တရာ၊ ရွှေပြည်သာကား၊ ပူဆာပျောက်တိမ်၊ ချမ်းသာငြိမ်၍၊ ကာလိင်္ဂရစ်၊ ဖြစ်သည်ထူးလည်၊ ပြည်တပြည်၌၊ မိုးရည်မပါ၊ လေသာထောင်းထောင်း၊ မိုးမကောင်းတည့်၊ အပေါင်းပြည်သား၊ မွတ်ရှားတစိ၊ စိုးစဉ်းရှိက၊ စိုးဘိပိုင်ခြင်း၊ ပြည့်ရှင်မင်းလည်း၊ သတင်းစကား၊ အမတ်များကို၊ ကြောင်းလျှားသိစေ၊ မေးတုံလေ၍၊ ဗိုလ်ခြေထောင်ရာ၊ များစွာက လူ၊ ရန်ညွှန့်ပြုက၊ ကိုယ်တူစိတ်ပါ၊ နိုင်နင်းစွာလျှင်၊ ပေါ်လှာသမျှ၊ ရန် ဆနကို၊ တစမကြွင်း၊ ထိုးဖောက်ထွင်းသည်၊ ရဲတင်းထောင်ထား၊ အမတ်များတို့၊ တိုင်းကားကျယ်စွာ၊ ငါ့ပြည်သာလျှင်၊ မရွာပဇ္ဇုန်၊ သုန်လေသလော၊ သစ်တောအပြား၊ တပါးပြည်ရွာ၊ အရပ်မှာလည်း၊ ပမာဉ်တူ၊ ဟူလေသလော၊ မေးစစ်ကြောသော်၊ မင်းစောပြည့်ရှင်၊ ရွှေနားတင်လော့။ တိုင်းခွင်သာစည်၊ ကျွန်တို့ပြည်သာ၊ မိုးမရွာ၍၊ လုပ်ပါသမျှ၊ ပျက်ထတုံလေ၊ မွတ်ရှားချေ၍၊ ဝေသာလီရာ၊ ခေါ်သညာနှင့်၊ တေဇာထန်ပြင်း၊ ထိုမင်းစိုးအုပ်၊ စေတုတ္တရာ၊ ရွှေပြည်သာကား၊ သာယာဘိခြင်း၊ မိုးမင်းဝသ၊ ကာလမှန်စွာ၊ ဖြောင့်ဖြောင့်ရွာ၍၊ ရေစာဝပြော၊ အလွန်ပေါဟု၊ သဘောဟုတ်လျှောက်၊ နားတော်လျှောက်က၊ ထောက်၍တဖန်၊ မိန့်တော်ပြန်၍၊ အမှန်သို့ပေ၊ ထိုမင်းပြေမှာ၊ မိုးလေမှန်စွာ၊ ဘယ့်ကြောင့်ရွာသည်၊ ဤမှာပဇ္ဇုန်၊ ဘယ့်ကြောင့်သုန်ဟု၊ မေးတုံတဖန်၊ လျှောက်ကြပြန်၍။ ဝေသာလီရာ၊ မင်းကြီးမှာမူ၊ ရတနာဆင်ဖြူ ရတော်မူ၍၊ ကြီးမူဖြိုးဖြိုး၊ ဆင်တန်ခိုးကြောင့်၊ မိုးလေမှန်စွာ၊ မပြတ်ရွာ၍၊ ရေစာ

mgyoe.com

mgyoe.com


ဝပြော၊ အလွန် ပေါ်၏၊ မင်းစောသခင်၊ ပြည်တော်တွင်၌၊ ဆင်ဖြူမရှိ၊ ဖြစ်တုံဘိ၍၊ မိုးတိချိန်ခါ၊ မရွာပါဟု၊ တခါဦးမြွက်၊ ပန်ကြားလျှောက်က၊ ထောက်၍တဖန်၊ မိန့်တော်ပြန်၏၊ ထိုဟန်တူစွာ၊ ငါ့ပြည်မှာနိုက်၊ ရတနာဆင်ဖြူ၊ ရှိပါမူလည်း၊ ထို့တူမှန်စွာ၊ မိုးရွာအံ့လော၊ မေးစစ်ကြောက၊ သဘောထို့တူ၊ ဆင်ဖြူရတနာ၊ ရှိတုံပါက၊ ရွာ၏ဘုရား၊ လျှောက်ထွေကြားက၊ ကြောင်းလျားခုမူ၊ ထိုဆင်ဖြူကို၊ ယူ၍မကြာ၊ ရအောင်သာလျှင်၊ ကြံပါကြသား၊ အမတ်များဟု၊ မင်းဖျားပရမေ၊ မိန့်တုံပေက၊ တထွေဦးမြွက်၊ ပြန်ကြားလျှောက်၏။ ဘုန်းတောက်ရောင်ဝင်း၊ ပြည့်ရှင်မင်းနှင့်။ ။ မင်းကြီးဝေဿန်၊ လူ့တန်ခွန်မူ၊ အလှူခွန့်ကြဲ၊ လွန်စွာရဲ၏။ မလွဲရကြောင်း၊ သွား၍တောင်းက၊ လျှင်ကြောင်းခုပင်၊ ရမည်ထင်ဟု၊ ဦးတင်တုံ့ခါက်၊ ပြန်ကြားလျှောက်သော်၊ ရှစ်ယောက်ပုဏ္ဏား၊ ယခုသွား၍၊ မင်းဖျား ဝေဿန်၊ တရားထံမှာ၊ ပန်၍ခုမူ၊ ထိုဆင်ဖြူကို၊ အလှူခံချေ၊ စေလိုက်ပေက၊ လာထွေမနား၊ ပုဏ္ဏားများလည်း၊ ကြိုးစားအားထုတ်၊ မိန့်တော်နှုတ်ကြောင့်၊ စေတုတ္တရာ၊ ရွှေပြည်သာသို့၊ မှန်စွာမသွေ၊ ရောက်ကြလေသည်။ ။ လာထွေအပြင်းအပြတည်း။

စေတုတ္တရာ၊ ရွှေပြည်သာသို့၊ ထိုခါပုဏ္ဏား၊ ရောက်လေငြားက၊ စခန်းချ၍၊ ထိုမှခရု၊ ညွန့်နုမြေဇာ၊ သပြေပါလျက်၊ လည်မှာစလွယ်၊ ခေါင်းဝယ်ဦးရစ်၊ ပြေပြစ်လှစွာ၊ ဆင်စကာတည့်၊ ထိုခါချိန်ရောက်၊ မိုးလင်းသောက်က၊ ဘုန်းတောက်လူလျှံ၊ မင်းဝေဿန်သည်၊ မုန်လျှံပေါက်ကြီး၊ ဆင်ဖြူစီး၍၊ သီးသီးခြွေရွှေ များထွေထွေနှင့်၊ လူ့မြေစံခန်း၊ အိမ်ရှေ့နန်းမှ၊ ဖြောင့်တန်းတူရှူ၊ အလှူတင်းကုပ်၊ လုပ်သည်ငါးဆောင်၊ စေ့အောင်လှယ်မြဲ၊ အလှူပွဲကို၊ မင်းရဲဝေဿန်၊ ဆော်ဖန်စီရင်၊ ထွက်လာကျင်က၊ လမ်းတွင်တစိ၊ ကြံတော်ရှိ၍၊ ရွှေတိငွေက၊ ဆင်မြင်းစသည်၊ လှူရသောထက်၊ ခုနစ်ရက်တွင်၊ ဆက်ဆက်ငါ့ကို၊ ကျွန်ပြုလိုဟု၊ ဆို၍

mgyoe.com

လည်းကောင်း၊ ဦးခေါင်းဦးထော်ကို၊ ထွင်းဖောက်လွှားလွှား၊ မျက်စိနှား နှင့်၊ အသားအသည်း၊ မကွဲစုရုံး၊ ဝါကိုယ်လုံးကို၊ မြတ်ဆုံးဆုမယူ၊ လှူတော် မူဟူ၊ ကြည်ဖြူလှစွာ၊ ဗောကာယ်သူလာ၍၊ တောင်းပါအံ့လော၊ ကြံတွေးတော လျက်၊ မင်းဇော်ရာဇာ၊ ကြွခဲ့လာသော်၊ လှူရာမတွေ့ပြီ၊ ရောက်သိပေလတ်ကာ၊ ဖူးဖူးဆော်ထွေ၊ လှူတော့်စေမှ၊ ဌွာနတ်ရုံးပီ 'ပြင်မတွေ့ပါသို့၊ 'စက်မြတ်ခြေ တော်၊ ကြွခဲ့သော်လျှင်၊ ထိုမှော်ပုဏ္ဏားပတွေ့လေပြီးကာ၊ မားမားတဲထွေ ကုန်းကာနေလျက်၊ သိမ်ခြေမြမြ၊ လက်ဝါးပြ၍၊ ဖယ်ဖျဖယ်ဖျ၊ ရွှတ်ကြိမ်နှုတ် အောင်ဆုပေးကာ၊ ထိုခဏ၌၊ ကြားကာဝမ်းသာ၊ မင်းကြီးစွာလည်း၊ ပါသော် စွန့်ပစ်၊ ကိုယ်အနှစ်ကို၊ စင်စစ်ခွဲခြား လှူရအံ့ဟု၊ မင့်လျှင်ကြောင်း၊ စီးဆင် ကောင်းကို၊ ချွန်းကောင်းဝရဇိန်၊ လှည့်ကာချိန်မှ ငြိမ်ဆိမ်ချိုလေး၊ နှုတ်တော်မေး၍၊ ဆေးလေးတည်ကြား၊ ကိုပုဏ္ဏားတို့၊ ခုကားပဓာ၊ တောင်း တို့ဝါဟု၊ လှစ်ကာနှုတ်တော်၊ မေးလတ်သောလျှင်၊ မင်းကျော်မြတ်စွာ၊ ဒါယကာ၊ ဂါနိုင်းရာမမြော်၊ ဆင်ဖြူတော်ကို၊ ထိုသော်ခုလျှင်၊ လိုပါချင် ၍၊ စိတ်တွင်တွန့်တို့၊ မရှိမြဲ၊ တည်ညိုငြိ၊ သူတို့လည်းပြု၊ ဘုရားဆုကို၊ လျင်မှူ ဆောဆော၊ ပြည့်စေသော်တည်ညို၊ မင်းစော်ကြည်ဖြူ၊ လှူတော်မူဟု၊ ဖန်ထွေ ပြုကာ၊ ယခုကြည်ညို၊ ဝါ၏ကိုယ်ကို၊ လိုပါ၏ဟူ၊ တောင်းဘိမူကား၊ မလှူရလေ၊ မရေမရာ၊ ဆင်ကိုသာလျှင်၊ တောင်းလှာတစ်စီ၊ ခံပြန်ဘိဟု၊ မင်းကြီးကြည်ညို၊ တောင်းတာဆိုသည်၊ ၎င်းကိုယ်ကို လှူချင်သောကြောင့် တည်း။

ထိုသို့ရှိကြောင်း၊ ဆင်ဖြူကောင်းကို၊ တောင်းလတ်သော်မှ၊ ဘုရားလျာကား၊ သဒ္ဓါလန်းလန်း၊ ပွင့်သစ်ပန်းသို့၊ စိတ်ဝမ်းကြည်ညို၊ လှူကျင်လို၍၊ ကိုယ်တော်ဖြည်းညင်း၊ ဝင်းပင်းထိန်ထိန်၊ ဆယ်ကြိမ် လော့ကြိုး၊ ရွှေကရားကို၊ မင်းဖျားမြဲမြံ၊ ညာလက်ကစွဲမှု၊ ညှိုလုပ်ပျောင်းပျောင်း၊ ဆင်နှာမောင်းကို၊ မင်းကောင်းဘုန်းလွှင်၊ ဗယ်ကကိုင်မှ၊ ရေစက်ချ၍၊

mgyoe.com


မြွက်ပ်မှာသုံးညောင်း၊ ဆုမွန်တောင်း၍။ လျှင်ကြောင်းခုမူ၊ ဤဆင်ဖြူကို၊ လှူရသော်အား၊ များသော်ပွဲရေး၊ ဉာဏ်တွေ့သွတ္တာ၊ ညံ့ထွက်ဂိုကို၊ ရေမှာအောင်ခုန်း၊ နိဗ္ဗာန်ထွမ်းသို့၊ စွန်းစွန်းရောက်အောင်၊ မဂ္ဂင်ဖြောင့်ဖြင့်၊ ကြည်းနောင်ကျယ်တင့်၊ ဘုံသုံးခွင်ဝယ်၊ ငါလှူဒါန်ဘုရား၊ ဖြစ်စေသားဟု၊ ဓိဋ္ဌာန်ပြုလျက်၊ ပူဇော်လှုက်သို့၊ ရုတ်ရက်စွန့်လေ့၊ ဤသွန်မြေလည်း၊ ကြိုးတွေ့ပြင်းစွာ၊ စေတနာကြောင့်၊ တုန်စွာသဲသဲ၊ ယေင်လွဲသို့၊ မြေထဲအသံ၊ ကောင်းဖြင့်လျှံမှု၊ လေးတန်အရောင်၊ မြင်းမိုရ်တောင်လည်း၊ ဥက္ကောင့်ညွတ်တိမ်း၊ တုန်လှုပ်ထိမ်း၍၊ ခြိမ်းခြိမ်းချုန်းချုန်း၊ တာအုန်းအုန်းလျှင်၊ မိုးလုံးကောင်းကင်၊ ထစ်ပဲ့တင်နှင့်၊ ဆင်ဖြူရတနာ၊ လှူခြင်းတာခါလျှင်၊ စေတနာပြင်းထန်၊ ဖြစ်လေဟန်ကြောင့်၊ မခံနိုင်မြေ၊ တုန်လှုပ်လေသည်။ ကြိုးတွေ့စေတနာရင်းကြောင့်တည်း။

ဆင်ဖြူရတနာ၊ လှူသော်ခါ၌၊ မှန်စွာသို့ပင်၊ ဆင်၌ဆင်သည်၊ စီရင်တတ်စွာ၊ ဆင်တန်းဆာကို၊ သိသာခဲခက်၊ အဖိုးတွက်သော်၊ လေးဖက်ခြေတွင်၊ ဆင်သည်တန်းဆာ၊ ဖိုးသာထက်လိုက်၊ လေးသိန်းထိုက်၍၊ ခေါင်း၌ဖြိုးဖြိုး၊ ရေခမိုးက၊ ဦးကင်းစသည်၊ နားကနှစ်ဖက်၊ ညှံ့သက်နာမောင်း၊ စွယ်နှစ်ချောင်းတွင်၊ ဆင်သည်တန်းဆာ၊ ဖိုးသာထိုက်လိုက်၊ ရှစ်သိန်းထိုက်၍၊ ကျော၌ဆင်ပြား၊ ပတ္တမြားကွန်ရွက်၊ ရွှေကွန်ရွက်က၊ စသည်မကွဲ၊ ပုလဲကွန်ရွက်၊ ဤသို့ချက်လည်း၊ တွက်သော်အမှန်၊ သုံးသိန်းတန်၍။ ခင်းပြန်ကျောမှာ၊ ကမ္ဗလာလည်း၊ ဖိုးသားတွက်လိုက်၊ တသိန်းထိုက်၍။ ဝမ်း၌အောက်က၊ ဆင်ရတန်းဆာ၊ ဖိုးသာအနေ၊ တသိန်းပေတည်း၊ ဝေဝေချပြား၊ နားနှစ်ဖက်လျှင်၊ အဖျားတွင်၌၊ ဆင်ယင်တင့်တယ်၊ ပုလဲသွယ်သို့၊ ဝယ်လျှင်အမှန်၊ နှစ်သိန်းတန်၍။ နံပါးနှစ်ဖက်၊ နှစ်သိန်းတွက်တော့၊ ဆင်တက်လှေကား၊ ဆင်စားခွက်က၊ အမြီးစသည်၊ မှန်လှအနေ၊ သုံးသိန်းပေလျှင်၊ ထိုက်လေသည်ချည်း၊ ပေါင်းစည်းစုရုံး၊

mgyoe.com

mgyoe.com


တကိုယ်လုံးတွင်၊ ဆင်ယင်တန်းဆာ၊ အဖိုးမှာကို၊ သိသာစေလို၊ ပေါင်းလိုက်ဆိုက၊ အကျုံမခန်း၊ နှစ်သန်းလေးသိန်း၊ တွက်ကိန်းအမြိုက်၊ အဖိုးထိုက်၏။ ဆင်၌ကုဂြား၊ ဆေးသမားက၊ ဆင်ထိန်း စသည်၊ များလှတုံသေး၊ ဆင်ကံကျွေးလည်း၊ ပေးသည်ငါးရာ၊ အိမ်ထောင်ပါလျက်၊ များစွာတုံပေ၊ လှူလိုက်လေသည်၊ ဖြိုးထွေသတ္တဝါ၊ ဝေနေယျာကို။ ။ နောင်ခါကယ်လိုသောကြောင့်တည်း။

ထိုသို့များစွာ၊ လှူလေပါပြား၊ ပုဏ္ဏားများလည်း၊ အားရဝမ်းသာ၊ ရတနာယာဉ်ကြီး၊ ဆင်ဖြူစီးလျက်၊ ပြည်မှထွက်က၊ နောက်ဆက်ထပ်ကာ၊ လူများစွာလည်း၊ ပါလေတုံပြား၊ ခေါ်၍သွားက၊ ဆင်နောက်ကလျှင်၊ လိုက်ကြတုံရှာ၊ ငိုမျက်နှာနှင့်၊ ရာဇာမှန်ကင်း၊ တို့ရှင်မင်းလျှင်၊ ဆင်မြင်းကျွဲနွား၊ စပါးရွှေငွေ၊ လှူချေစရာ၊ မရှိပါသို့၊ မရာမရေ၊ တို့တတွေကို၊ လှူလေဘိချက်၊ ခက်ကြီးခက်က၊ ဖြူညက်လှစွာ၊ ဆင်ကိုသာလျှင်၊ တောင်းပါမူလျက်၊ လူကိုစွက်၍၊ ရက်ရက်လွယ်ကူ၊ လှူတော်မူသည်၊ ကလူတို့လေ၊ တို့ကံပေတည့်၊ သူ့မြေသူ့ရွာ၊ ဝေးမြေတာသို့၊ ပါခဲ့တုံတွန့်၊ ပုဏ္ဏားကျွန်လျှင်၊ ဖြစ်မည်မြင်ခဲ့၊ မိခင်ဆွေဝါး၊ ပေါက်ဖော်များနှင့်၊ ကွဲပြားကိုယ်စီ၊ ရှိခဲ့ပြီဟု၊ စီလျှဉ်ငိုကာ၊ နောက်ကသာလျှင်၊ လိုက်ရှာတုံကြ၊ ထိုခဏာ၌၊ ဖြပြအုန်းအုန်း၊ တပြည်လုံးလျှင်၊ ရုံးရုံးကျွက်ကျွက်၊ ကမ္ဘာပျက်သို့၊ ခက်ခဲ့သည်ခါ၊ မရာမရေ၊ ဖြစ်လေတုံပြန်၊ မင်းဝေသံန်လျှင်၊ အကြံတစ်၊ ပဓာရှိ၍၊ ပြည်ကြီးကျက်သရေ၊ ဖြစ်ပေတုံစွာ၊ ရတနာဆင်ဖြူ၊ မြတ်ကိုမူလျက်၊ လှူဖြစ်လေခြင်း၊ မပယ်လျှင်းတည့်၊ ဆင်မင်းရတနာ၊ ရှိ၍သာလျှင်၊ ရေစာဝပြော၊ လွန်စွာပေါလျက်၊ သောသောပြည်ရွာ၊ စည်ပင်သာ၍၊ လယ်ယာမသောင်း၊ မိုးလေကောင်းလျက်၊ အပေါင်းသူငါ၊ မိုနိုရာလျှင်၊ ချမ်းသာမညိုး၊ ရေကမိုးသို့၊ ငြိမ်းမျိုးမက၊ ရှိပါကြလျက်၊ ပြည်ကိုဖျက်သို့၊ ရက်ရက်ခုမူ၊ မြတ်ဆင်ဖြူကို၊ လှူလေသည်မှာ၊

mgyoe.com

mgyoe.com


မဖွယ်ရာသား၊ ဆင်မြင်းများကို၊ စိတ်အားစိတ်ရှိ၊ လှူပါဘိလော့၊ ရွှေတိငွေက၊ လှူခြင်းကလည်း၊ များလှဥစ္စာ၊ လှူရပါ၍၊ မရာအကျင့်၊ သည်အခွင့်သည်။ ။ မသင့်အကြူးအလွန်တည်း။

မသင့်အကြံ၊ နောက်ဖန်တခါ၊ ပုဏ္ဏားလာ၍၊ လျင်စွာခုမူ၊ မြို့ကိုလှူဟု၊ အပူအဆာ၊ တောင်းခံလာက၊ မကြာသွက်သွက်၊ ချရေစက်နှင့်၊ မကွက်ကြည်ဖြူ၊ လှူတော်မူက၊ ပြည်သူပြည်သား၊ အများပေါင်းရုံး၊ တမြို့လုံးလျှင်၊ မရုန်းထွက်သာ၊ အာဏာအလွန်၊ ပုဏ္ဏားကျွန်လျှင်၊ ဖြစ်မည်ထင်စွ၊ ခုလျှင်မှန်စွာ၊ ပြည်ရွာကိုပင်၊ မလှူခင်က၊ ဌာနတမြေ၊ သွားလေစေကြောင်း၊ နှင်သော်ကောင်းဟု၊ အပေါင်းမြို့လုံး၊ စုရုံးတိုင်ပင်၊ ပြီးတုံချင်မှ၊ ဖခင်ရန်နှင်း၊ သိဥ္စည်းမင်းသို့၊ အုန်းအင်းများစွာ၊ ပြည်လုံးလာ၍၊ ထိပ်ချာဦးမြှောက်၊ ရွှေနားလျှောက်၍၊ ဘုန်းတောက်ရောင်ဝင်း၊ တို့ရှင်မင်း။ ။ သတင်းအာဏာ၊ ကြီးတေဇာနှင့်၊ ဝေဿန္တရာ၊ မင်းရာဇာဟု၊ ကြေငြာထင်ပေါ်၊ ရှင့်သားတော်လျှင်၊ မလျော်တုံပါ၊ မဖွယ်ရာဘဲ၊ အကြံလွဲ၍၊ ရခဲစလှ၊ နာဂယာဉ်ကျော်၊ ဆင်ဖြူတော်အား၊ ခုသော်မြေဝေး၊ ဟိုတကျေးသို့၊ ပေးလိုက်ခဲ့ပြီ၊ မဤစိတ်တွင်၊ ပြည်ကိုပင်လည်း၊ နောင်လျှင်တစိ၊ လှူဖွယ်ရှိခဲ့၊ မင်းကြီးသားတော်၊ မင်းကျော်ဝေဿန်၊ လူတံခွန်အား၊ အမှန်ယခု၊ မင်းပြုစိမ့်ငှာ၊ ရွှေပြည်သာဟု၊ တို့သာနှောင့်နှေး၊ ခွင့်မပေးတည့်၊ ရပ်ဝေးတမြေ၊ သွားလေစေလော့၊ နှင်လေခုပက်၊ ထွက်စေခုလျှင်၊ မြို့တွင်ကြာရှည်၊ မနေစေနှင့်၊ နေချေတကား၊ တို့အများလည်း၊ ပုဏ္ဏားကျွန်ပင်၊ ဖြစ်မည်မြင်ဟု၊ ပြစ်တင်စကား၊ ဆိုကြငြားကာ၊ နရမှန်ကင်း၊ သိဥ္စည်းမင်းလည်း၊ သံညင်းမြမြ၊ ရွှေနှုတ်ဟ၍၊ ပုတ္တအပြား၊ လေးပါးတို့တွင်၊ တပါးဝင်၍၊ ဦးတင်ညွှတ်ကြ၊ ငါ့ခြံသည်၊ များလှပြည်သား၊ သူတော်များတို့။ ငါ့သားသက်နှံ၊ မင်းဝေဿန်ကို၊ စိတ်မှန်ပြေက၊ မေတ္တာမျှလော၊ ဌာနဤမြေ၊ မနေစေနှင့်၊ နှင်ထုတ်လွှင့်ဟု၊

mgyoe.com

mgyoe.com

ပန်ခွင့်ရလျှောက်ပြား၊ ဤစကားကို၊ ဖီတားမဆန်၊ ငါသည်းခံ၍၊ အမှန်ဆက်ဆက်၊ တညရက်ကို၊ မကွက်စိတ်ကျ၊ ကြည်ဖြူကြလော့၊ များလှရုံးပေါင်း၊ ရွှေထောင်သောင်းနှင့်၊ သွားရကောင်းဝေသန်၊ ငါ့သက်နှံကို၊ စံပါစေဦး၊ ရက်ကိုကျူးမခံ၊ နက်ဖြန်ပြည့်မှ၊ ထွက်စေရအံ့၊ တညတနေ၊ ဤတွင်ရွှေကို၊ စက်မွေ့ပါစေ၊ မိန့်တုံပေသည်။ သွားစေပြည့်မှ နက်ဖြန်တည်း။

ဤသို့မင်းသား၊ ပြည်သားများကို၊ စကားသဘယာ၊ ဆိုပြီးခါမှ၊ သားလှဝေသန်၊ မင်းအထံသို့၊ တမန်စေပြား၊ အမတ်များကို၊ သွား၍မနေ၊ ပြောလေစေ၍၊ မရေမရာ၊ သွားသည်းချာလျှင်၊ ရတနာဆင်ဖြူ၊ ငါလျှင်လှူဟု၊ ပြည်သူပြည်သား၊ လူအများတို့၊ မျက်အားကြီးလှ၊ မာန်ဆိုးထ၍၊ ပြည်ကအမှန်၊ နက်ဖြန်နှင့်လေ၊ ထွက်သွားစေဟု၊ ဗိုလ်ခြေအများ၊ ဆိုကြပြားဟု၊ လျှောက်ထားနားတော်၊ ကြားလေသော်တည့်၊ အော်ဤသို့လား၊ ပြည်သားများလျှင်၊ ငါ့အားခုမူ၊ ဆင်ဖြူရတနာ၊ လှူခြင်းရာကြောင့်၊ လျင်စွာခုံမင်၊ ပြည်ကပင်တည့်၊ နှင်လိုနှင်စေ၊ အသေလတ်လတ်၊ ခုပင်သတ်လည်း၊ သတ်လိုသတ်စေ၊ လှူထွေဒါန၊ ပုညကောင်းမှု၊ မပြုဘဲသွေ၊ ငါမနေဟု၊ လှူချေစရာ၊ မရှိပါက၊ လျင်စွာမငြို၊ ငါ၏ကိုယ်ကို၊ လိုတော်တစိ၊ လှူချင်မိ၍၊ ကြီးဘိဒါန၊ ပုညကြည်ဖြူ၊ ပြည်သူပြည်သား၊ လူအများတို့၊ ငါ့အားမြစ်ခွင့်၊ မပြုသင့်တည့်၊ မသင့်စိတ်တွင်၊ ပြည်ကပင်လျှင်၊ နှင်ချင်တစိ၊ နှလုံးရှိက၊ နေ့မျှခန့်တွက်၊ ခုနစ်ရက်မျှ၊ ငံ့ပါကြလော့၊ သတ္တမှန်စွာ၊ ခုနစ်ရာဟု၊ များစွာသီးသီး၊ အလှူကြီးကို၊ ပေးပြီးသည်လျှင်၊ ထွက်ပါကျင်အံ့၊ ခုလျှင်မကျန်၊ လျှောက်လေပြန်ဟု၊ တမန်တို့ခေါက်၊ စေပြီးနောက်မှ၊ အလျှောက်ခုမူ၊ အလှူဆော်လတ်၊ ထိုအမတ်ကို၊ ထက်ကြပ်ပါစေ၊ ခုခေါ်ချေဟု၊ စေပေထုတ်ချောက်၊ ရှေ့တော်ရောက်က၊ မိန့်တော်ချ၍၊ ထက်လှပညာ၊ လိမ္မာခွဲခြမ်း၊ စူးစမ်းစိတ်ဖြာ၊ နက်နဲစွာ၍၊

mgyoe.com

mgyoe.com


များစွာမကွေ၊ ငါဝယ်နေသည်၊ ကာဝေမြောက်ပြီး၊ အမတ်ကြီး၊ ငါ၊ ဂါသီးတထူး၊ မပေးဘူးပြား၊ အလှူအားကို၊ ခုကားငါလျှင်၊ မြေးပါကျွင်စွ၊ ရှေ့လျှင်ခုနစ်ရက်၊ ဆက်ဆက်ပြီးစေ၊ စီရင်လေလော့၊ တွေတွေများစွာ၊ လှူစရာကား၊ ဆင်သာမြင်းမှ၊ ရထားစသည်၊ သတ္တမှန်စွာ၊ ခုနစ်ရာလီ၊ အညီရှိစေ၊ ရွှေငွေမှာလည်း၊ ထို၏နည်းတည့်၊ ပေါင်းစည်းတခြား၊ နို့ညှစ်နွားနှင့်၊ နံ့ကားပုလဲ၊ လှည်းနှင့်ကျွဲကာ၊ နွားလားစသည်၊ ထိုမှ တခြား၊ ကျွန်ယောက်ျားကာ၊ ကျွန်မိန်းမနှင့်၊ ကုန်းကွမလွတ်၊ အဝတ်ပုဆိုး၊ သေရက်အိုးနှင့်၊ ချိုမြိုးမုန့်ပဲ၊ ထမင်းပွဲကာ၊ စသည်များစွာ၊ ဤသည်မှာ လည်း၊ ရာခုနစ်လီ၊ အညီရှိစေ၊ စီရင်လေလော့၊ မြို့နေမြို့သား၊ သူတောင်း စားကာ၊ သူကောင်းစသည်၊ ရှေ့မှခုနစ်ရက်၊ မထွက်ပြည်ကာ၊ ဒါနအလှူ ခံကြပါစေ၍၊ ခုမူမနေ၊ စည်လှည်စေလော့၊ ဘုန်းဝေညွန့်လူ၊ မိန့်တော်မူ သည်။ ။ ကြည်ဖြူလှူအံ့အမှန်တည်း။

လှူအံ့အမှန်၊ မိန့်တော်ပြန်က၊ မြန်သန်ကျေပွန်၊ မှုဝန်ကုန်ပြီး၊ အမတ်ကြီးလည်း၊ ပြီးစေချက်ချင်း၊ ခြောက်ရက်တွင်းဝယ်၊ ဆင်မြင်းရထား၊ ကျွဲနွားရွှေငွေ၊ ဆန်ရေစပါး၊ ကျွန်ယောကျ်ားကာ၊ ကျွန်မိန်းမကို၊ တွက်ဆ မှန်စွာ၊ ခုနစ်ရာလီ၊ အညီစီရင်၊ ထားပြီးကျင်မှ၊ ဦးတင်သံတော်၊ လျှောက် လေသော်လျှင်၊ စံတော်မူခန်း၊ အိမ်ရှေ့နန်းမှ၊ များလှမတ်ပေါင်း၊ ခြောက် သောင်းရံကာ၊ ထွက်ခဲ့လာသော်၊ လှူရာမဏ္ဍာပ်၊ စက်မြတ်ခြေတော်၊ ရောက်လေသော်လျှင်၊ ဖျော်ဖျော်မည်၊ ရွှေနှုတ်သံဖြင့်၊ စီမံပြီးမှ၊ လှူစေ ရ၏၊ မငမရှိ၊ ကြီးဘိဒါန၊ သတ္တမှန်စွာ၊ ခုနစ်ရာလီ၊ မမှိုပြိုင်ဖော်၊ အလှူ တော်ကို၊ စိတ်တော်မငြီး၊ လှူ၍ပြီးမှ၊ လှည့်ကြွစက်တော်၊ ပြန်ခဲ့သော်လျှင်၊ နန်းတော်ထုတ်ချောက်၊ တိုင်သို့ရောက်က၊ နှစ်ယောက်သားမိ၊ ပျောင်းအိ လှညီ၊ မယ်မဒ္ဒီနှင့်၊ တူညီနှစ်ပါး၊ စားတော်စားမှ၊ ပြီးထမနေး၊ လုပ်တော် ဆေး၍၊ ငြိမ်းအေးသာရွှင်၊ နေပြီးကျင်မှ၊ ရွှေနှုတ်ဟ၍၊ မြွက်ထသံချို၊

mgyoe.com

mgyoe.com


ဤသို့ဆိုရာ၍၊ ငါ့ကိုချစ်ကြင်၊ သခင်တပါး၊ လင်တပါးလျှင်၊ မှတ်သားရှိသော၊ မြတ်နိုးပေ၍၊ တောင်နေညာက၊ အစိုးရသည်၊ နှစ်မအညီ၊ စောမဒွိ။ ။ စုံစီကြောင်းစ၊ မှာသမျှကို၊ သားလှမယ်တော်၊ မနော် နတ်သွင်၊ ရွှေနားတင်လော့၊ ချစ်ခင်ရှေးကျူး၊ အိမ်ထောင်ဦးက၊ သားလှရင်သွေး၊ နှစ်ယောက်မွေးအောင်၊ ရပ်ခေါင်မြေကူး၊ မခွာဖူးတည့်၊ ဝေးကျူးမြေရှည်၊ သွားရမည်ကို၊ ကြီးစည်ဝမ်းက၊ ကြောင့်ကြတစိ၊ မယ်မရှိနှင့်၊ မွေးမိမြတ်ထွား၊ ငါ့စကားကို၊ မှတ်သားမြဲထွေ၊ နားဝင်စေလော့၊ ရွှေငွေဥစ္စာ၊ ရတနာမူ၊ သေရာလက်ကိုင်၊ မဆောင်နိုင်ပြား၊ ငါးပါးရန်သူ၊ ဖျက်ဆီးမူလည်း၊ ပူပူပင်ပင်၊ မရွှင်နှလုံး၊ ညှိုးချုံးမပြတ်၊ ကုန်ပျောက်တတ်၍၊ သက်မှတ်သက်သွင်၊ တောင်နန်းရှင်လျှင်၊ လိုလျှင်နောင်ခါ၊ ရအောင်သာဟု၊ မြဲစွာအယူ၊ မြှုပ်သောသူတည်း၊ အလှူမကင်း၊ စောင့်သတင်းနှင့်၊ မယ်မင်းနေတော်မူနှင့်ရစ်။

အလှူရွှေအိုး၊ မြှုပ်သောကျိုးလျှင်၊ ထက်မိုးရပ်မှာ၊ ပဒေသာသို့၊ လိုရာမတ၊ ကြဲတိုင်းရ၍၊ သီလကဲမြင့်၊ ထပ်ပြန်ဆင့်က၊ မြင့်ရာမြင့်ရာ၊ နတ်ခြောက်ရွာနှင့်၊ ဗြဟ္မာတို့ထံ၊ ပျော်မြူးစံမှ၊ နိဗ္ဗာန်အောင်ခန်း၊ ရွှေဘုံနန်းသို့၊ လက်လှမ်းလျင်ဆော၊ ရလွယ်သောတည့်၊ သဘောဖြူစင်၊ နားတော်တင်လော့၊ သွန်သင်ဆုမ္မ၊ ငယ်ကဆရာ၊ မာတာပီတ၊ မိနှင့်ဖကို၊ စိတ်ကအမှတ်၊ အိမ်ရှေ့နတ်သို့၊ မပြတ်ရှိသော၊ ကိုးကွယ်လေလော၊ ချွေရွှေသောင်းသောင်း၊ မောင်းမပေါင်းနှင့်၊ တကြောင်းနှီးနှော၊ စကားပြောလည်း၊ မနောဖြူစွ၊ သံချို့မြနှင့်၊ ညီမမနှောင်း၊ အစ်မကောင်းဟု၊ တောင်းသည်ဝါဒ၊ ဆုံးမစကား၊ ဆိုသည်များလည်း၊ ကြားကနားမှာ၊ ပျားသကာသို့၊ လိမ္မာရစ်စေ၊ ပေးဝေဥစ္စာ၊ ဖြန့်ဖြူးကာလည်း၊ မျက်နှာမကျည်း၊ နည်း၍သူ့အား၊ များ၍သူ့မှာ၊ မရှိသာတည့်၊ တော်စွာဖြောင့်ပြား၊ သပ်သည့်မြားသို့၊ လေးပါးသင်္ဂဟ၊ သင်္ဂြိုဟ်မ၍။ ။ မယ်လှဖွေတော်မူနှင့် ရစ်။

mgyoe.com

mgyoe.com



အတွင်းစေကြောင်း၊ သူတို့အားကို၊ တခြားပြင်မှာ၊ မစေရာတည့်၊ ပြင်မှာစေကြောင်း၊ သူတို့အားကို၊ စိတ်ထားကြည်လင်၊ ချစ်သည်လျှင်ဟု၊ မယ်ခင်သက်နှင်း၊ တွင်းမသွင်းနှင့်၊ ထိန်ဝင်းညီးညီး၊ မီးနှစ်မီးလျှင်၊ ဖျက်ဆီးနိစ္စ၊ လောင်တတ်စွတည့်၊ နှမကြင်သူ၊ မှတ်တော်မူလော့၊ ထိုတူမယွင်း၊ အတွင်းယောက်ျား၊ ပြင်ယောက်ျားနှင့်၊ စကားရောပြွမ်း၊ မပျော်လွန်းနှင့်၊ ကျွမ်းကျွမ်းဝင်ဝင်၊ ပြုချေလျှင်လည်း၊ ပေါ်လွင်သူများ၊ ပြစ်တင်ကြောင်းလိမ့်၊ ရင်သားလှညီ၊ မောင်ဇာလီနှင့်၊ တူပြီမခြား၊ တဝမ်းဖွားသည့်၊ နှံထွားပြင်လျာ၊ မယ်ကဏှာဟု၊ သည်းချာတူပေါက်၊ သားနှစ်ယောက်ကို၊ မျက်မှောက်ကွယ်ရာ၊ မရှိပါအောင်၊ မြားမြောင်ထိန်းယ၊ ချီမစ၍၊ နေ့ညမကင်း၊ ရွှေနန်းတွင်ဝယ်၊ မိမင်းပျံ့ပျူး၊ ရွှေသို့ဦးလော့၊ စုံပူးတူပေါက်၊ သားနှစ်ယောက်လျှင်၊ လွမ်းလှောက်ပူဆာ၊ ဖပီတာကို၊ ဖွေရှာမမြင်၊ မေးမြန်းလျှင်လည်း၊ မိခင်ပျံ့ပျူး၊ ရွှေနှုတ်ကျူး၍၊ မင်းဦးမင်းလွင်၊ မောင့်ဖခင်သည်၊ ရပ်ခွင်ဝေးမြေ၊ ပျော်ပါးလေဟု၊ ထွေထွေရာရာ၊ မပြောပါနှင့်၊ ရောက်လှာလိမ့်မည်၊ ဘယ်သည်နေ့ရက်၊ ဘယ်လပက်ဟု၊ ချင့်တွက်ကြောင်းလျား၊ သားနှစ်ပါးကို။ ။ မယ်ဖွားဖြေတော်မူနှင့်ရစ်။

။ ဝေသန္တရာ၊ မင်းရာဇာလျှင်၊ ချစ်စွာစကား၊ မှာဟန်များကို၊ နှံထွားကြန်ညီ၊ မဒ္ဒီမိဖုရား၊ ရွှေနားကြားက၊ ညွတ်တွားလက်အုပ်၊ ပုဆစ်တုပ်၍၊ ရွှေနှုတ်သာမြ၊ လျှောက်ဖော်ဟ၍၊ မိလှတူရင်း၊ ဖမင်းတူတော်၊ ယှဉ်ဖော်ကျွမ်းဝင်၊ ငယ်ကကျင်သည်၊ ငယ်လင်သက်နှင်း၊ ဝေသန်မင်း။ ။ အခင်းကြောင်းလျား၊ ဘယ်ဖြစ်လားကြောင့်၊ မှတ်ထားဤသို့၊ ဆိုတုံမြို့ရှင့်၊ ဘယ်သို့ချင်းရာ၊ ဘယ်ပုဇ္ဈာဟု၊ မြွက်ကာဖော်ပြ၊ မိန့်ပါမှလျှင်၊ ကျွန်မကြောင်းချာ၊ သိရပါအံ့၊ လှစ်ကာနှုတ်တော်၊ မပြောသော်ကား၊ တွေးခေါ်တစိ၊ ကျွန် မသိခဲ့၊ မွေးမိတူပင်၊ ပြောစေကျင်ဟု၊ ဦးတင်ရှေ့တော်၊ လျှောက်မေးသော်လျှင်၊ မြွက်ဖော်စကား၊ ဤသို့ကြား၏၊ မြောက်သား

mgyoe.com

ရှင်းစစ်၊ ၂ အမှန်ဖြစ်၍၂ ပျိုမျစ်နုနယ်၊ ၄ ရှယ်လှည်းရွယ်ချင်း၊ ၁၀ မင်းလည်း မင်းပင်၊ ၁ မျိုးသန့်စင်လျက်၊ ၄ မိခင်ဖရင်း၊ ၄ လုးရဲ့ထုပ်နှင်းကျ၊ ၆ လွှန်ပြဲ ချစ်ခင်၊ ၂ တောင်နန်းတွင်သည်၊ ၁၁ သက်စင်လှညီ၊ ၆ မင်္ဂါ အိမ်ရှင်၊ ၈ ရွှေနားဆွဲ ရှလော့၊ ၉ ဖခင့်ရန်နှင်း၊ ၄ သို့ညည်းမြဲ့နှင့်၊ ၄ ပြည့်တွင်းပြည်သား၊ ၅ လူအများ လျှင်၊ ၆ ငါ့အားခုလျှင်၊ ၇ အမျက်ဝင်၍၊ ၁ ငွေဘွင်နည်းတူ၊ ၆ မြတ်ဆင့်ဖြူကို၊ လျှော့လှဲ့အိုခြင်း၊ မဖွယ်လျှင်းဟု၊ ၁ ဗမင်းခုလျှင်၊ ၉ ပြည်ကူနှင်၍၊ ၈ ရပ်ခွင်ဝေး မြေ၊ စုံတော့ခြေသို့၊ ဖျော်ရွှေမနီး၊ ၈ ရထားစီးလျက်၊ ၃ ခရီးဝွန်ရှည်၊ ၁ သွားလိမ့် မည်ဟု၊ ၇ နတ်ရည်နှိုင်းတူ၊ ရှင်တုမူကြား၊ ၄ သားဖြူသက်မျှ၊ ၆ မောင့်နှမနှင့်၊ တူကွမျှော်ဖြစ်၊ ၁ နေနှင့်ရစ်ဟူ၍၊ ၃ တွဲစစ်စကား၊ ၃ မိန့်ပေမြွက်ကာ၊ ၁ မိဖုရားမင်္ဂါ၊ ဂါထာချီ၍၊ စုံစီကြောင်းအင်၊ ၈ လျှောက်လှေချင်သည်၊ ၆ ၁၂ ။ နားတွင်နာ၍ မငြိုးတည်း။ ။

ရှိကလေပိမ ၊လယမှူဂါလတာခနမိတ္တာ ၊ဒါဟူဂါလယခတံနုးလယ ၊ဒါတားဒါမနင်ဥဒါမ ၊ဂြံနားကလဂါနတ္ထုဓ ၊နျုပ၊ပုံဒါမမိ ၊ဝိဂှတဒါ၊တားခိုမါးမခ

ဓဇော ရထဿပညာဏံ၊ ရူမော ပညာဏမဂ္ဂိနော။ ရာဇာ ရထဿ ပညာဏံ၊ ဘတ္တာ ပညာဏမိတ္ထိယာ။ ဝေဓဗျံ ကဋုကံ လောကေ။ (ဆဋ္ဌသံဂီတိမူ)

သာမိ၊ အရှင်ဝေဿန္တရာမင်းကြီး။ ရထဿ၊ ရထား၏။ ပညာဏံ၊ တင့်တယ်ကြောင်းကား။ ဓဇော၊ တံခွန်လျှင်တည်း။ အဂ္ဂိနော၊ မီး၏။ ပညာဏံ၊ တင့်တယ်ကြောင်းကား။ ဓူမော၊ အခိုးတည်း။ ရဋ္ဌဿ၊ ပြည်၏။ ပညာဏံ၊ တင့်တယ်ကြောင်းကား။ ရာဇာ၊ မင်းတည်း။ ဣတ္ထိယာ၊ မိန်းမ၏။ ပညာဏံ၊ တင့်တယ် ကြောင်းကား။ ဘတ္တာ၊ လင်တည်း။ ဝေဓဗျံ၊ မုဆိုးမအဖြစ်သည်။ လောကေ၊ လောက၌။ ကဋုကံ၊ မတင့်တယ် မသာယာခြင်းတည်း။ ဒုက္ခော၊ ဆင်းရဲ၏။ [ထည့်ပါဦး]

ဤသို့ကြောင်းလျား၊ ပြန်ထွေကြားသော်၊ နတ်လားနိုင်းဆွယ်၊

mgyoe.com

mgyoe.com



နှစ်ပေါ်ကျော်မပယ်ကား၊ ပြိုင်သွယ်ရွန်းဖြာ၊ ရွှေမျက်နှာမှ၊ ဂျလာစက်စက်၊
မျက်ရည်ထွက်၍၊ နက်နက်ပြောင်ပြောင်၊ ပိတုန်းရောင်သို့၊ သုံးတောင်ကံ
သော်၊ တစ်ထွာကျော်သည်၊ ဆံတော်ကေသာ၊ ဖြေပြီးကာမှ၊ ခြေမှာလည်း
ပွဲတုတ်၊ ပြားပြားဝပ်၍၊ တွတ်တွတ်သံတော်၊ လျှောက်လေဖော်၍၊ ဘုန်း
တော်တောက်ပ၊ ဆင်ဖြူရှင်၊ မွေးဖမိခင်၊ လက်ငင်နှစ်ပါး၊ ပေးထိမ်းမြား
ကာ၊ ရှင်အားမေတ္တာ၊ စုံကြရာတွင်၊ ယူလာသည်နှင့်၊ စွဲလှာနေ၍၊ နုပေလှသေး၊
ကျွန်မမွေးသည်၊ ရင်သွေးလှည့်၊ တလီကျော်၊ စုံအင်္ဂါနှင့်၊ ဆင့်ကာလည်း
ရောက်၊ တဝမ်းပေါက်သည်၊ နှစ်ယောက်ဖခင်၊ ကျွန်မလင်၊ ၂၁ သခင်
ဘုန်းမဲ့ခါ၊ ရွှေနားတော်လျှော့၊ ဝေးခေါင်ရပ်မြေ၊ ထွက်တို့လေမူ၊
မိခွေကျူကွဲ၊ ကျွန်တော်မလေသည်း၊ နိုးစွဲနောက်တွင်၊ လိုက်ပါချင်၏၊
ချမ်းလျှင်အတူ၊ ပူလျှင်ပူချင်း၊ မယှဉ်းအမြန်၊ သေတန်ခံအံ့၊ နန်းယံဘုံရွှေ
မနေရစ်ချင်၊ သည်ဖင့်ရည်သွေး၊ ၂၂ နှစ်ယောက်မွေးမှ၊ ကွာပြန်ရသော်၊
မောင်လှို့အလီ၊ အညီကာကျော် ဖုံကိုရှာ၍၊ ပူဆာသော်ကာ၊ ကြီးပြန်ရအံ့၊
သားလှနှစ်ပါး၊ ဘုံဇယ်များလည်း၊ ဝမ်းပါးဝမ်းကွဲ၊ ကာဆွဲကာနှဲ၊ အမ်မဲ့လျှင်၊
ဖြစ်ခဲ့တုံကာ၊ မရှင်ပျတည့်၊ မိန်းမဖွယ်ရာ၊ ဥပမာမူ၊ ရတနာတိ၊ စိဘိ
ဆန်းပြား၊ ၂၃ ရွှေရထားလည်း၊ ကြီးမားရွက်ချွန်၊ တံခွန်စွင့်စွင့်၊ မထောင်
လွှင့်ကာ၊ မတင့်မတယ်၊ မသပ္ပါယ်တည့်၊ ရောင်ဝယ်ညီးညီး၊ တောက်သည့်
မီးလည်း၊ ၂၄ တက်စီးဖြိုးဖြိုး၊ အခိုးမရှိ၊ မထင်ဘိတည့်၊ မြို့ကြီးအင်္ဂါ၊
ပြည့်စုံပါလည်း၊ အာဏာနှိမ်နိုင်း၊ မင်းမရှိသည်၊ အကြင်ပြည်လည်း၊
သာမည်ဝေးစွာ၊ ဆိတ်ညံရာ၍၊ ရေသာပြည့်လျှမ်း၊ တင်းကြမ်းမောက်ဖြိုး၊
ကမ်းတံရိုးလည်း၊ ကြာမျိုးငါးပါး၊ သားငှက်များတို့၊ လားလားမမြင်၊
မနှပေါ်ရှင်ကုံ၊ ကန်လျှင်ထိုခါ၊ မထင်ပါတည့်၊ ကြီးစွာမားမား၊ ဆင်တို့များ
လည်း၊ ၂၅ ဖြူဖြားရှည်သွယ်၊ အစွယ်မရှိ၊ မတင့်ဘိတည့်၊ မိုက်ဖိတုံစွာ၊
မိန်းမမှာလည်း၊ မောင်တရာစင်၊ ရှိပါကျင်လည်း၊ မထင်မပေါ်၊ မကျော်

mgyoe.com

mgyoe.com


မစော၊ ဖြင်ပေါ်ဥစ္စာ၊ ရတနာရွှေငွေ၊ ကြီး ထွေရိပ်ငြိမ်၊ နန်းရွှေအိမ်တွင်၊ စံပျော်ရှင်လည်း၊ လင်မဲ့မိန်းမ၊ မုဆိုးမလျှင်၊ ဖြစ်ရတုံလျှင်း၊ ဆင်းရဲပြင်း၍၊ လူချင်းမလေး၊ ရယ်သွမ်းသွေး၍၊ ပုံရေးတူစွာ၊ မိန်းမမှာမူ၊ လင်သာစင်စစ်၊ တင့်ကြောင်းဖြစ်ရှင့်၊ မြနှင့်ရတနာ၊ လင်တန်းဆာကို၊ ဆင်ပါမှပင်၊ လူ၌ထင်သည်၊ မှန်ကျင်တုံငြား၊ ဤကြောင်းလျား ကြောင့်၊ သားနှင့်တကွ၊ နောက်တော်ကလျှင်၊ လိုက်ပါရစေ၊ မနေရစ်ကျင်၊ ကျွန့်ကိုကြင်သည့်၊ ငယ်လင်ဘုရား၊ ကျွန်ုပ်အားကို၊ သနားကြည်ဖြူ၊ ခေါ်တော်မူလော၊ ။ အိမ်သူဆွေလင်ဇနီးတည်း။

ဇနီးဆွေလင်၊ ငှက်လွန်းကြင်သို့၊ သည်ပင်တူကွ၊ မောင်နှမကို၊ ယုယချီပိုက်၊ နောက်တော်လိုက်အံ့၊ တော၌တခါ၊ နေကျင်ပါ၍၊ ပြည်ရွာရွှေအိမ်၊ မင်းစည်းစိမ်ကို၊ ကြိမ်ကြိမ်ဖန်ဖန်၊ အမှန်ပျော်ညောင်း၊ စံရရောင်းသည်၊ လင်ကောင်းမယား၊ ဖြစ်ပေငြား၍၊ ခေါင်းပါးသောကာ၊ ချမ်းသာလှလျက်၊ နေ့ညမကင်း၊ ရွှေနန်းတွင်းတွင်၊ များခြင်းကိုယ်တန်၊ ခြွေရွှေရံလျက်၊ ရှင်စံတုံပြီး၊ ကျွန်မငြီး၍၊ သစ်သီးအမှန်၊ တောရပ်ထံမှာ၊ ရှင်စံမွေ့လျော်၊ တခါပျော်အံ့၊ နန်းတော်ဘုံသာ၊ နေသောခါလည်း၊ ရွှေသာပြောင်ပြောင်၊ ရွှေရောင်ဝင်းဝင်း၊ ရွှေခြေနင်းကို၊ မယွင်းကျွန်မ၊ စီးနေကျတည့်၊ တောဝဟောမာ၊ ဟောဝန္တာမှာ၊ လျော်သာလည်းတပ်၊ သစ်* ဖနပ်ကို၊ မပြတ်တခါ၊ စီးချင်ပါ၍၊ သိင်္ဂါထွန်းပေါ်၊ ရွှေနန်းတော်တွင်၊ မပျော်မရှင်၊ မနေချင်တည့်၊ တူပင်စိုက်စိုက်၊ နောက်တော်လိုက်အံ့၊ တော၌မပါ၊ အိမ်မှာပျော်ရှင်၊ နေဘိချင်မူ၊ လင်မဲ့မိန်းမ၊ မုဆိုးမလျှင်၊ ဖြစ်ရချေသော၊ လွန်နှမြောစွ၊ စောကြောတဖန်၊ အောက်မေ့ပြန်သော်၊ နန်းရံရွှေဘုံ၊ စံကာတုံလည်း၊ တူစုံတကွ၊ မောင်နှမသို့၊ နှိစ္စပျော်မြူး၊

* ဖဝါး၊ ဖမျက်၊ ဖနောင့်၊ ဖမိုးတို့တွင် ဖနင့်အနက်တူ ဖနပ်သာသင့်၏။ ဗိနပ် မသင့်စွ။

mgyoe.com

mgyoe.com


လင်ကျေးဇူးကို၊ အထူးအမှန်၊ ကျွန်ုပ်ခံအံ့၊ တောထံမခေါ်၊ နေခဲ့သော်မူ၊ အကျော်အကျူး၊ လင်ကျေးဇူးကို၊ ထိမ်မြူးပေသည်၊ ကျွန်ုပ်မည်ချိမ့်၊ လူ့ပြည်လူ့ခွင်၊ လူတို့ပင်လည်း၊ ဆိုးလျှင်မခံ၊ ကောင်းလျှင်စံဟု၊ အမှန်စင့်စစ်၊ သို့ရာဖြစ်ချိမ့်၊ ကြင်ချစ်မငြီး၊ သားသမီးနှင့်၊ ကြီးသည်ဂုဏ်အင်၊ လင်သခင်ကို၊ တောခွင်တခါ၊ ကျွန်ုပ်မာလျှင်၊ ဖွေရှာတဖန်၊ လုပ်ကျွေးပြန်အံ့၊ မိန့်သံကြည်ဖြူ၊ ခေါ်တော်မူလော့၊ အတူမကွေ၊ သွားချင်လေသည်။ ။ ဝေးမြေဌာနခရီးတည်း။

ဝေးမြေခန်းဝါ၊ ဟေဝန္တာဌ်၊ ခုခါတုံသော်၊ ရွက်ယော်ကုန်ပြောင်း၊ ရွက်သစ်လောင်း၍၊ တပေါင်းတန်ကူး၊ မင်းလွင်မြူးက၊ ဖြူးဖြူးလေပြင်း၊ ထလတ်လျှင်းသော်၊ ပင်ချင်းမရှိ၊ နွဲ့ကြူမှီကာ၊ ခက်ဖျာညွန့်ပုံ၊ လေသံသောသော၊ ဟောဟောဟုန်းဟုန်း၊ နှလုံးကျဉ်းမြောင်း၊ ရှိကောင်းဖွယ်ပင်၊ ပန်းသစ်ပင်လည်း၊ ဘယ်တွင်မလပ်၊ ပင်ချင်းထပ်၍၊ ရှစ်ရပ်မျက်နှာ၊ မွှေးကြိုင်စွာနှင့်၊ ခတ္တာနှင်းဆီ၊ သရဖီကြက်မောက်၊ ပိတောက်ကံ့ကော်၊ စွယ်တော်အင်ကြင်း၊ ပျဉ်းမင်းရင်ခတ်၊ ခံစပ်ပုန်းညက်၊ ဒန့်သလက်က၊ တောင်ကြာစသည်၊ များလှသွယ်သွယ်၊ စမွှာယ်ခရား၊ ပန်းစကားနှင့်၊ ဆတ်သွားအိမ်ဒန်း၊ ခေါင်ရန်းသဇင်၊ ဂမုန်းအင်နှင့်၊ ညွန့်ရှင်လန်းလန်း၊ သစ်ခွပန်းတို့၊ ထူးဆန်းဖွယ်ပင်၊ စီကုံးဆင်သို့၊ ညွန့်ရှင်ခက်ဝေ၊ ပွင့်ရှာပေလိမ့်၊ ထွေထွေများစွာ၊ ယခုခါကို။ ။ ဟေမာသာပြန့်လေခန့်လော။

ပန်းမျိုးစုံစွာ၊ တောသာယာကို၊ တခါဖူးမျှ၊ မရောက်ရတည့်၊ မွှေးဖငယ်လင်၊ ကြွစေကျင်၍၊ ရပ်ခွင်ဟေမာ၊ သို့ချိန်ခါတွင်၊ သကာယှဉ်မှီး၊ သစ်သီးမျိုးလည်း၊ ခက်ကျိုးညွတ်ဝေ၊ သီးရှာပေလိမ့်၊ ချိုတွေဓမြ၊ ရသအမျိုး၊ ကနစိုးက၊ အုန်းထန်းစသည်၊ ဘဂံဇင်ပြွန်း၊ ကြွေးသဖန်းနှင့်၊ မှည့်ရွှမ်းဇမျက်၊ သရက်ပိန္နဲ၊ နရွဲထောက်ရှာ၊ သံပုရာငှက်ပျော၊ ကျွဲကောလိမ္မော်၊ သစ်တော်သစ်ကျား၊ ကြီးမားခက်ရှည်၊ သစ်မည်စည်

mgyoe.com

mgyoe.com



နှင့်၊ ပျားရည်လိုလို၊ သစ်တိုစွံပလွံ၊ နွေပြန်သရစ်၊ ဥသျှစ်မှည့်ဝင်း၊ တိန်ညှင်းနာနတ်၊ သနတ်တနရွှဲသလဲမော်လ်ကာ၊ ဩဇာမရမ်း၊ မှည့်ရွှမ်း မနိုကျည်း၊ တောင်စိလည်းနှင့်၊ သလည်းသျှိသျှား၊ သဖန်းခါးကာစောင်း လျှားနှင့်တယ်ဿ၊ ချိုချိုဖွယ်ကို၊ တောဝယ်ရွေးကောက်၊ နှစ်ယောက်တူကွ၊ စားပါရအောင်၊ တောချောင်ခုပင်၊ ကြွစေချင်၏၊ ရပ်ခွင်ပဟော်မာ၊ ဝေးမြေ တာမှာ၊ ခွန်းဝါမြမြ၊ သို့ကာလကို။ ။ ပြွမ်းမျှမှည့်ရှာလေခန့်လော။

သစ်သီးပန်းစုံ၊ ရဂုံသာနီး၊ တောတရီးတွင်၊ မြတ်နိုးတူကွ၊ ငှက် ဖိုမတို့၊ ပျော်ကြမစဲ၊ တသဲသဲကို၊ မင်းရဲ့ရာဇာ၊ မြင်ရပါလိမ့်၊ မကွာစုရုံး၊ တအုန်းအုန်းလျှင်၊ မိုးလုံးကောင်းကင်၊ ပြည့်မျှပင်တည်း၊ သစ်ပင်နားတုံ၊ ပြန်ဝဲတုံလျှင်၊ မြူးခုန်သာယာ၊ ချင်းဘာသာဖြင့်၊ မြည်ရှာကုန်ကာ၊ ဖိုမ မပြောင်း၊ ငှက်အပေါင်းကား၊ ဥဒေါင်းကြိုးကြာ၊ သာလိကာနှင့်၊ ဟင်္သာ ဝမ်းဘဲ၊ တွန်မြဲတိန်ညှင်း၊ သောင်တင်းမြစ်တွေး၊ ပဲထွေးစင်ရော်၊ ငှက် တော်ငှက်ကျား၊ ငှက်ငနွားနှင့်၊ ငှက်ခါးတောကြက်၊ ဆက်ရက်ဝလို၊ ဝံပိုဒိုးကြီး၊ ဘုံပတီးနှင့်၊ ငှက်ထီးလိုင်ကာ၊ ငှက်ဝါဝလက်၊ ကရဝိက် အောက်ချင်း၊ ငှက်ဖျင်းလင်ယုန်၊ မြူးခုန်ရွှင်နှိုင်း၊ ငှက်တလိုင်းနှင့်၊ သင်တိုင်းလည်ပတ်၊ ချည်ခင်စွပ်ကာ၊ တီတွတ်ဖောင်းကား၊ ကျေးကုလား နှင့်၊ လွှမ်းငြားတယောင်၊ ငှက်ဖိုးခေါင်ငိကာ၊ မျက်မှောင်စီစီ၊ တီတီမြည် တုပ်၊ ငှက်ခင်ပုပ်ကာ၊ ထိုမှတကွဲ၊ ငြိုးမွဲလင်းပြာ၊ ရင်ပေါင်စာနှင့်၊ ငုံးစာ ဥဗျိုင်း၊ သစ်ပင်တိုင်းကို၊ ရွှင်နှိုင်းပျော်ရာ၊ သူ့ဘာသာလျှင်၊ မိုးစာခိုကာ၊ ဘုတ်ဝါစသည်၊ ကျီးအခေါက်ရှာ၊ တွန်သံသာမော၊ ငှက်ဥသြတို့၊ သောသော်ရွှင်စွာ၊ သို့ချိန်ခါကို၊ တွန်အာသောင်းသောင်း၊ နားမငြောင်း သည်။ ။ ငှက်ပေါင်းမြူးရှာလေခန့်လော။

ခရီးဝေးမြေ၊ စုံတောခြေကို၊ သက်ဝေတူကွ၊ ကျွန်တော်မနှင့်၊ ကျွန်မသခင်၊ လိုက်ပါကျင်၏၊ ရွှေစင်ပြောင်ပြောင်၊ နန်းဆောင်ဆောင်ကို၊

mgyoe.com

mgyoe.com


မင်းခေါင်စေ့ရေ၊ စိတ်တော်ပြေအောင်၊ မသွေတည့်တည့်၊ စိမ်းစိမ်းကြည့်လော့၊ နုသည့်ကိုယ်သား၊ ဝမ်းလျပါးနှင့်၊ ခါးစည်းတင်ကျယ်၊ မျက်ဆံသွယ်နှင့်၊ နားဝယ်ကားကား၊ မေးပါးသွယ်သပ်၊ လျှောက်ပတ်ဣန္ဒြေ၊ သားရေနုဦ၊ မဆူမကျုံ၊ ဖယောင်းပုံသို့၊ တင့်တုံ့သဖြင့်၊ ငါးကြန့်တင့်သည်၊ နတ်နှင့်မခြား၊ မောင်းမများကို၊ ရှင့်သားစည့်စည့်၊ စိမ်းစိမ်းကြည့်၍၊ ချစ်သည့်သဘော၊ စကားပြောခဲ့၊ တောထဲမြိုင်ခွင်၊ မရောက်ခင်ကို၊ နောင်လျှင်နောင်တ၊ မရှိရအောင်၊ သောကကင်းထွေ၊ စိတ်တော်ဖြေခဲ့၊ ဖော်ရွေမနီး၊ ခရီးမြိုင်စည်၊ သွားရမည်ကို၊ တလည်စာနာ၊ အောက်မေ့ရှာသော်၊ လမ်းသာကျယ်ကြီး၊ လွင်တီးတီးမှာ။ ။ ခရီးသာပြန့်လေခန့်လော။

ဤသို့စုံစီ၊ ရှင်မဒ္ဒီကား၊ တောဆီဟေမာ၊ ဝေးမြေတာကို၊ တခါတထူး၊ ရောက်လေဘူးသို့၊ ချီးကျူးသာယာ၊ တောကိုသာလျှင်၊ စုံစွာမငြီး၊ ချီးမွမ်းပြီးမှ၊ မင်းကြီးဝေဿန်၊ လူ့တံခွန်လျှင်၊ တားပြန်မည်ပင်၊ စိတ်ကထင်၍၊ အလျင်ထပြီး၊ သမီးနှင့်သား၊ နှစ်ယောက်အားကို၊ ယူငြားချီလျက်၊ ရထားထက်သို့၊ ရွှေလက်သန္တာ၊ စွဲကာမွေ့ညက်၊ လျင်ဆောတက်၍၊ ထွက်တော့ဘုရား၊ သွားတော့ခုပင်၊ ပြင်တော့တန်းဆာ၊ လာတော့သခင်၊ လျင်စေခုသော်၊ ခြေတော်ဆန့်လျက်၊ ရထားထက်သို့၊ မွေ့သက်လွယ်ကူ၊ တက်တော်မူဟု၊ သာဖြူနုနယ်၊ နှစ်ယောက်မယ်လျှင်၊ နာဖွယ်သာယာ၊ ခေါ်သော့ခါ၌၊ မုံအာရင့်ညောင်း၊ ဘုရားလောင်းကား၊ ညှိုးပျောင်းမရှင်၊ သားမိခင်ကြောင့်၊ လမ်းတွင်ခရီး၊ နေညီးညီးနှင့်၊ ချွေးစီးယိုငြား၊ ဖဝါးပေါက်ပြ၊ ရှိပြန်ကလည်း၊ နုလှကိုယ်သား၊ သားနှစ်ပါးနှင့်၊ မယ်ဖွားမဒ္ဒီ၊ မဤမသာ၊ ရှိရှာခဲ့နိုး၊ စိုးလည်းစိုးခဲ့၊ သားမျိုးမယ်တော်၊ ဆင်းမနော်ကို၊ မခေါ်ချင့်ချင့်၊ ခေါ်ချင့်ချင့်နှင့်၊ မရှင်တခါ၊ ရှင်တခါလျှင်၊ မသာနှလုံး၊ သာနှလုံးနှင့်၊ ယူကြုံးမရ၊ တိုင်းတွပွဲပြင်၊ ကြံဆင်ခြင်သည်။ ။ စိတ်တွင်နှောင်နှိုနှောင်နှေးတည်း။

mgyoe.com

mgyoe.com


နှောင့်နှီနှောင်နှေး၊ စိတ်တော်တွေး၍၊ ရွှေသွေးအလား၊ သားနှစ်ပါးနှင့်၊ မိဖုရားမြတ်၊ တောင်နန်းထွတ်ကြောင့်၊ သည်းပွတ်ဦးလိမ်၊ မိုးအုံးကြိမ်သို့၊ စိုးရိမ်ပူပင်၊ နေသည်မြင်က၊ ဆွေလင်ဘုရား၊ ကြည့်မှားတစိ၊ စိတ်မရှိနှင့်၊ သတိခိုင်ထွေ၊ တည်တံ့လေလော့၊ လူ့မြေလူ့ခွင်၊ လူတို့တွင်မူ၊ ဖြစ်လျှင်ပျက်မြဲ၊ မှန်မလွဲတည့်၊ မင်းရဲသက်ဝေ၊ စိတ်တော်ပြေတော့၊ ပေးထွေဒါန၊ သီလမြဲစွာ၊ ကံကူပါက၊ ရတနာတွေ၊ ရွှေငွေအတိ၊ ခြေတိုက်မိ၍၊ ကြီးဘိစည်းစိမ်၊ ရွှေအိမ်နန်းမ၊ မြို့ပြရွာပြည်၊ ထီးယာည်ဆင်မြင်း၊ ဤအချင်းမူ၊ နံ့နွှင်းလှစွာ၊ ခဏာသာတည့်၊ ဆင်းပါမတည်၊ မျက်လှည့်သည်သို့၊ မတည်လျှင်ဆော၊ ပျက်တတ်မော၍၊ မင်းစောသက်ဝေ၊ စိတ်တော်ဖြေ၍၊ ရွှေခြေဆန့်လျက်၊ ရထားထက်သို့၊ တက်တော့သခင်၊ ကြွစေချင်၍၊ ရပ်ခွင်မနီး၊ ခရီးတာရှည်၊ ဝေးခဲ့သည်ဟု၊ နတ်ရည်ရောင်ဆင်း၊ သားမင်းမယ်တော်၊ ကြိမ်ကြိမ်ခေါ်က၊ ယာဉ်ကျော်လေးစီး၊ ကတုံပြီးငြား၊ ရွှေရထားသို့၊ ဘုရားလောင်းတော်၊ တက်ပြီးသော်လျှင်၊ မိခင်ဘုရား၊ ဖမင်းဖျားအား၊ ပန်ကြားတုံရှောင်း၊ ခွင့်တောင်းအံ့ငှာ၊ မာတာပီတ၊ မိဖနှစ်ပါး၊ စုံငြားရှင်ပျော်၊ ရွှေနန်းတော်သို့၊ ထိုရော်ရထား၊ နှင်လေသွားလျက်၊ ရွှေနန်းထက်သို့၊ ရွှေစက်ဖဝါး၊ လေးပါးတူစုံ၊ တက်လေတုံမှ၊ လက်စုံထိပ်တွင်၊ ရှိဦးတင်သည်။ ။ ဝမ်းတွင်အလုံးအထွေးတည်း။

ဤတွင်တခါ၊ လင်္ကာထူးဆန်း၊ ဒါနခန်းဟု၊ နိဒါန်းလုံးခြုံပြီးပြည့်စုံ၍၊ ချီတုံလင်္ကာ၊ များသြဇာကို၊ ရသာစိတ်ကြိုက်၊ စီကုံးလိုက်သည်၊ နောက်၌နောင်ဖွား၊ သူကောင်းသားတို့၊ အံ့မှားကန့်ကွက်၊ စာသွားပျက်လည်း၊ ဆက်၍ကောင်းစွာ၊ ပြင်လိုက်ပါတော့၊ မေတ္တာရှေးရှေး၊ ငါခွင့်ပေး၍၊ နှောင့်နှေးစိတ်မှာ၊ မရှိပါနှင့်၊ ဤစာသာရ၊ ဂေါသီတကို၊ နားဝနှစ်ဖက်၊ မြကျောက်ခွက်၌၊ ဉာဏ်လက်ကိုင်ထွေး၊ ဖြည်းဖြည်းသွေး၍၊ နံ့မွေးတသုံ၊ လိမ်းပါကုန်တော့၊ ကြီးတုံပုညာ၊ စာဂလည်းသန်၊ ဒါန

mgyoe.com

mgyoe.com


ထန်သည်၊ ဝေဿန္တရာ၊ မင်းရာဇာကား၊ ဤစာပင်ကို၊ မယွင်းယိုဟု၊ ဆိုရသောလား၊ စိတ်ထားသေချာ၊ နာကြပါက၊ ချမ်းသာကေန်၊ ရမည်မှန်စ။ ။ နိဗ္ဗာန်မနီးမဝေးတည်း။

ဒါနကဏ္ဍ၊ အလှူစကားကို ဆိုရာဆိုကြောင်းဖြစ်သောအခန်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

ခမည်းတော်ရင်း၊ မယ်တော်မင်း၏၊ ထွန်းဝင်းစက်တော်၊ စုံနှစ်ဖော်ကို၊ ထိပ်ပေါ်ကေသာ၊ ဝန္ဒနာဖြင့်၊ သိသာတုပ်ကွ၊ ဦးနှိမ်ချ၍၊ သင့်လှလျောက်ပတ်၊ နေရာမြတ်၌၊ နီးကပ်ရိုသေ၊ ရှိခိုးနေ၍၊ ထိပ်ဖွေလက်မြှောက်၊ နားတော်လျှောက်၏၊ ဘုန်းတောက်ရောင်ဝင်း၊ မွေးဖမင်းနှင့်၊ မယွင်းခုသော်၊ စမ္မာယ်ပျော်သည်၊ မယ်တော်ဖုရား၊ မင်းနှစ်ပါးကို၊ ရှေးနားကြည်လင်၊ နာစေချင်၏၊ သွန်သင်ဆုံးမ၊ ငယ်ရွယ်ကလည်း၊ ခုပတိုင်အောင်၊ မရှောင်နိုင်ငြား၊ ကံသုံးပါးတွင်၊ ပြစ်မှားသတိ၊ စိုးစဉ်းရှိလည်း၊ မငြိစေပါ၊ ကန်တော့ပါ၏၊ ကြည်သာစိတ်ဖြူ၊ လွှတ်တော်မူလော့၊ ငယ်မူငယ်ယာ၊ ငယ်လှစွာသည်၊ ကဏှာဇာလီ၊ တူညီတကွ၊ မြေးတော်လှနှင့်၊ ချွေးမမဒ္ဒီ၊ အင်ညီနုနယ်၊ နှစ်ယောက်မယ်က၊ ဘုရားကျွန်တော်၊ တူတော်မပြား၊ လေးယောက်သားကို၊ သနားမြတ်လေး၊ သွားခွင့်ပေးလော့၊ ဝေးသည်ခရီး၊ မနီးမြေတာ၊ ဝင်္ကပါသို့၊ သွားပါလိမ့်မည်၊ မှန်သည်ဘုရား၊ လျှောက်ပေကြားက၊ နန်းမစံပျော်၊ မွေးမယ်တော်လည်း၊ မြေးတော်နှစ်ပါး၊ ချွေးမအားကို၊ သနားဝမ်းက၊ စုံမက်လှ၏၊ ကျသားမျက်ရည်၊ ဆည်၍မနိုင်၊ သည်းကန်ယိုင်သို့၊ မခိုင်ကိုယ်လှ၊ နွမ်းလျလျှနှင့်၊ ထိပ်စလက်တင်၊ ရှိပန်ဆင်၍၊ ဘုရင်ရန့်နင်း၊ သိဥ္စည်းမင်းကို၊ သံညင်းချိုသာ၊ လျှောက်လိုဌာဖြင့်၊ ဂါထာမယွင်း၊ လျှောက်လေလျှင်းသည်။ ။ မိမင်းဖုသဝတီတည်း။
mgyoe.com

mgyoe.com


ယဿာ မုဒုတလာ ဟတ္ထာ၊ စရဏာ စ သုခေ ဓိတာ။
သကထဒ္ဓ အနုဇ္ဈဂိ၊ ပထံ ဂစ္ဆတိ ပတ္တိကာ။
ယဿာ မုဒုတလာ ပါဒါ၊ စရဏာ စ သုခေ ဓိတာ။
ပါဒုကာဟိ သုဝဏ္ဏာဟိ၊ ပီဠမာနာဝ ဂစ္ဆတိ။
သာကထဒ္ဓ အနုဇ္ဈဂိ၊ ပထံ ဂစ္ဆတိ ပတ္တိကာ။

သာမိ၊ အရှင်သိဋ္ဌည်းမင်းကြီး။ ယဿာ၊ အကြင်ချွေးမ မဒ္ဒီ၏။ ဟတ္ထာ၊ လက်တို့သည်။ သုခေ၊ ချမ်းသာ၌။ ဓိတာ၊ တည်ကြည်ကုန်သည်ဖြစ်၍။ မုဒုတလာ စ၊ နူးညံ့သောအဖြစ်လည်း ရှိကုန်၏။ စရဏာ စ၊ အကျင့်နှင့်လည်း ပြည့်စုံကုန်၏။ အနုဇ္ဈဂိ၊ မကဲ့ရဲ့အပ်သော အင်္ဂါရှိသော။ သာ၊ ထိုချွေးမမဒ္ဒီသည်။ အဒ္ဓ၊ ယခု။ ပထံ၊ ခရီးကို။ ပတ္တိကာ၊ ခြေကျင်ဖြင့်။ ကထံဂစ္ဆတိ၊ အဘယ်သို့သွားတတ်လေအံ့နည်း။
သာမိ၊ ကြီး။ ယဿာ၊ ၏။ ပါဒါ၊ ခြေတို့သည်။ သုခေ၊ ၌။ ဓိတာ၊ ၍။ မုဒုတလာ စ၊ ကုန်၏။ စရဏာ စ၊ ကုန်၏။ သုဝဏ္ဏာဟိ၊ ရွှေဖြင့် ပြီးကုန်သော။ ပါဒုကာဟိ၊ ခြေနင်းတို့ဖြင့်။ ပီဠမာနာဝ၊ တုန်လှုပ်၍ တုန်လှုပ်၍ ရပ်သကဲ့သို့။ ဂစ္ဆတိ၊ သွား၏။ အနုဇ္ဈဂိ၊ သော။ သာ၊ သည်။ အဒ္ဓ၊ ယခု။ ပထံ၊ ကို။ ပတ္တိကာ၊ ဖြင့်။ ကထံဂစ္ဆတိ၊ အသို့ သွားတတ်လိမ့်နည်း။ န ဂစ္ဆေ ယာဝ၊ မသွားနေဘိလော့။

ဝေဿန္တရာ၊ မည်တော်သာနှင့်၊ တေဇာကျော်သောင်း၊ ဘုရား လောင်းက၊ သားလုနှစ်ပါး၊ မယားမဒ္ဒီ၊ တူညီမပြား၊ မင်းလေးပါးတို့၊ ညွှတ်တွားတုံ့ရှောင်း၊ သွားခွင့်တောင်းသော်၊ အလောင်းမယ်တော်၊ နတ်

mgyoe.com

mgyoe.com


နှင့်လျော်သည်၊ မနော်နှိုင်းညီ၊ ဖုဿတီဟု၊ ဒေဝီထင်ရှား၊ မိဖုရားကား၊ မြောက်သားသက်နှင်း၊ သိဋ္ဌည်းမင်းကို၊ သံညှင်းတဲ့ခေါက်၊ ငိုကြွေးလျှောက်၍၊ နှစ်ယောက်မမြင်၊ ဇမ္ဗူပြင်၌၊ ကြီးကျင်တေဇာ၊ ဘုန်းအာဏာနှင့်၊ နရာဓိပတိ၊ သီရိပရ၀၊ လောကမှန်ကင်း၊ ဝေဿန်မင်း၍၊ ဖရင်းလည်းဟုတ်၊ မည်သမုတ်သည်၊ စေတုတ္တရာ၊ ပြည်သာစိုးခြင်း၊ သိဋ္ဌည်းမင်းဟူ၊ တွင်ခြင်းနာမ၊ မည်တော်ရသည်၊ ကျွန်မငယ်လင်၊ ရွှေနန်းရှင်။ ။ သိခင်ဘုန်းခေါင်၊ နားတော်ထောင်လော့၊ လူ့ဘောင်ကြားဝှန်၊ မင်းဝေဿန်ဟု၊ ဖက်စံမမြင်၊ သားတော်လျှင်မူ၊ ရေတွင်မနစ်၊ မီးမချစ်တည့်၊ စင်စစ်ယောကျ်ား၊ မှန်သောအားကြောင့်၊ သွားတိုင်းလည်းပေါက်၊ နှစ်ယောက်သားမိ၊ ပျောင်းဣလုညီ၊ မယ်မဒ္ဒီကား၊ လိပ်(ခြေ)ခြီတိုသွင်၊ လူလျှင်စင်စစ်၊ မိန်းမဖြစ်၍၊ ကျစ်လစ်ဘိခြင်း၊ ရွှေနန်းတွင်းက၊ ပြင်ပ ဖဝါး၊ မသွားဘူးပါ၊ ကိုယ်မှာရွှေသား၊ နုနယ်ငြား၍၊ သနားဖွယ်သာ၊ လင်နောက်ပါသော်။ ။ ပူဆာမချိလေတို့ဘူး။

မချိပူဆာ၊ လင်နောက်ပါသော်၊ ဆင်းဝါနုနယ်၊ သားများမယ်လျှင်၊ ညှိုးငယ်ပူပင်၊ ရှိလေကျင်လိမ့်၊ နန်းတွင်သောခါ၊ သူ့ဆင်းဝါမူ၊ သော်တာစန္ဒ၊ ဆန်းသည်လသို့၊ လှပဘိခြင်း၊ ရွှယ်ရောင်ဆင်းနှင့်၊ များခြင်းမိဿံ၊ ခြွေရွှေရံလျက်၊ ရွှင်စံသောခါ၊ ကေသာနက်ဆုံး၊ ဆံထုံးရကင်၊ စီဆင်ကျောက်မျိုး၊ ဆံကျင်ထိုး၍၊ တင့်နိုးဖွယ်ပင်၊ ရွှေကုံးဆင်လျက်၊ ရွှေပင်ပြိုးပြက်၊ ရွှေပန်းခက်လည်း၊ လက်လက်ညွှန့်ရှင်၊ စီကာဆင်မှ၊ နားတွင်ရောင်မောင်း၊ မြနားတောင်းနှင့်၊ ကျောက်ကောင်းခြယ်စီ၊ ရွှေဒါလီလည်း၊ ရှုညှိမရဲ၊ လည်တွင်ဆွဲ၍၊ ပုလဲတဝက်၊ မြတဝက်နှင့်၊ ရွှေဝက်ညီးညီး၊ ရွှေပုတီးလည်း၊ ယိုစီးမည်လောက်၊ မှုတ်လျှင်တောက်လိမ့်၊ လက်ကောက်နီဖလံ၊ မင်းစံအကျော်၊ ဆယ်မီးလော့်နှင့်၊ မြင်သော်အံ့ဖွယ်၊ လက်ဝယ်လက်စွပ်၊ နဝရတ်ကျောက်မျိုး၊ ဂုဏ်နှန်ထိုးလျက်၊ အဖိုးပြည်တိ၊ တိုင်းမသိ

mgyoe.com

mgyoe.com


တည့်၊ လှဘိလှဖွယ်၊ နတ်သူငယ်သို့၊ ခါးဝယ်နဂါးပါသ်၊ ရစ်ပတ်လည်ထိုး၊ ရွှေခါးကြိုးလည်း၊ ကျောက်မျိုးစုံစီ၊ ရွှေထဘီနှင့်၊ အင်္ကျီရွှေဖျင်၊ ရွှေပင်ပြိုးပြက်၊ ရွှေတံပက်ကို၊ သို့ပက်မချွတ်၊ နေ့တိုင်းဝတ်၍၊ စီစွတ်ဝင်းဝင်း၊ ရွှေခြေချင်းနှင့်၊ နန်းတွင်းနန်းပြင်၊ ထွက်ဝင်လူးလာ၊ ပျော်မြူးပါသည်၊ သည်းချာကျွန်မ၊ ငါ့ချွေးမကား၊ ပြင်ပဖဝါး၊ မသွားဘူးပါ၊ နန်းရိပ်သာတွင်၊ လူးလာထွက်ဝင်၊ စံပျော်ရွှင်၍၊ တောခွင်ခရီး၊ နေညီးညီးနှင့်၊ မနီးမြေတာ၊ လင်နောက်ပါသော်၊ ခြေမှာပြောက်ပြောက်၊ ဖုများပေါက်၍၊ နှစ်ယောက်မယ်တော်၊ ထင်ပေါ်နှိုင်းမျှ၊ ငါ့ချွေးမလျှင်။ ။ ကိုယ်လှမရွှင်လေတို့ဘူး။

မရွှင်ကိုယ်လှ၊ ချွေးမမဒ္ဒီ၊ မူးရီယစ်ခွေ၊ ရှိပလေလိမ့်၊ နေလည်းညှိုပြင်း၊ ရွှေခြေချင်းနှင့်၊ သံလျှင်းမစီး၊ ရွှေထီးမဆောင်း၊ ပူပျောင်းညှိုးငယ်၊ သနားဖွယ်နှင့်၊ တောဝယ်ဟေမာ၊ ရောက်သောခါလျှင်၊ များစွာကြံ့ဆင်၊ သမင်သစ်ကျား၊ တောသားတောကျွဲ၊ မဲနှင့်လူဝံ၊ မျက်ဆံပြူးတူး၊ ဘီလူးသဘက်၊ ဝက်နှင့်ဒရယ်၊ ဂျိုငယ်စိုင်ဆတ်၊ ခုန်လတ်စွေ့စွေ့၊ ခြသေ့နှင့်ခွေး၊ စည်းဝေးရံခြွေ၊ ဝံပုလွေက၊ စသည်တထွေ၊ မြွေပွေးမြွေဟောက်၊ ငန်းပြောက်ငန်းကျား၊ ငန်းကုလားက၊ ငန်းပုတ်စသည်၊ များလှထွေထွေ၊ သချော်သချာ၊ ဘေးတကာကို၊ မြင်ကာမျက်စိ၊ တွေ့သည်ရှိက၊ သတိမတည်၊ ကြောက်လိမ့်မည်တည့်၊ ဝေးသည်ခရီး၊ တောကြီးမြိုင်မြိုင်၊ အင်တိုင်ရဂုံ၊ ပျစ်ခြံပိတ်ပေါင်း၊ နှာမောင်းရှက်တင်၊ တပင်တခက်၊ တပင်တက်၍၊ တိုးဝှေ့မသာ၊ ရှိသောခါလျှင်၊ ပူဆာနွမ်းနယ်၊ နှစ်ယောက်မယ်မူ၊ ညှိုးငယ်ကိုယ်သား၊ လွန်လျှော့ပါးလိမ့်၊ ဖန်ခါးစပ်ငံ၊ တည်နှင့်လွှံသီး၊ အပြီးပြီးကို၊ သမီးဘယ်မှာ၊ ရောင့်ရဲရှာလိမ့်၊ နန်းမှာစံစား၊ ပျော်ပါးသောခါ၊ ခါသာရမထိ၊ တုံသလိကမွလာ၊ နိတျာသက္ကလတ်၊ ထည်ပေါင်းထပ်၍၊ မပြတ်ပေါ်ရုံ၊ စံပယ်ခြုံ၍၊ တောပုံရောက်ခါ၊ လေသာ

mgyoe.com

mgyoe.com


သောသော၊ ဟောဟောဟုန်းဟုန်း၊ မိုးလုံးမှိုင်းစေ၊ မပြတ်ဆွေက၊ ချမ်းလေဘိတုံ၊ လျှော်တေခြံလည်း၊ မလုံရွှေရင်၊ မေည်ထင်ခဲ့၊ နေလျှင်ပူလတ်၊ ချွေးဖတ်စိုရွှဲ၊ အသားမဲနှင့်၊ ဆင်းရဲကသီ၊ ကစီကယင်၊ တောခွင်ညီမ၊ ကိုယ်လှည့်ပျောင်း၊ မရှိကောင်းတည့်၊ စုံပေါင်းတကွ၊ မောင်နှမနှင့်၊ တကွခေါ်ကာ၊ နန်းမှာညီမ၊ နေရစ်ပတည့်၊ နောက်ကကောက်ကောက်၊ သားနှစ်ယောက်နှင့်၊ လင်နောက်မကွေ၊ မလိုက်လေနှင့်၊ ညက်ချေလှည်၊ မဒ္ဒီပျောင်းပျ၊ ငယ်ညီမသည်။ ။ နန်းကမခွါသင့်တို့ဘူး။

ဖုဿတီဟု၊ ဒေဝီထင်ရှား၊ မိဖုရားလျှင်၊ ဆိုတားမေတ္တာ၊ မြိုင်သာတောခြေ၊ မလိုက်လေနှင့်၊ နေသော်သင့်ဟု၊ ဆင့်ဆင့်စကား၊ ဆိုသည်ကြားက၊ နှုထွားအင်ညီ၊ ရှင်မဒ္ဒီလည်း၊ ထိပ်ဆီတင်မြှောက်၊ နားတော်လျှောက်၏၊ တောက်သည်ဘုန်းတော်၊ ကျော်သည်သတင်း၊ ဝေဿန်မင်း၏၊ မိရင်းလည်းမှန်၊ ရွှေနန်းစံသည်၊ နတ်ဟန်နှိုင်းလျော်၊ မွေးမယ်တော်။ ။ မြွက်ဖော်ကြောင်းလျား၊ ကျွန်ုပ်စကားကို၊ ရွှေနားစိမ့်အေး၊ နာဘိသေးလော့၊ ရင်သွေးတူပေါက်၊ နှစ်ယောက်ဖခင်၊ ငယ်လင်သက်နှင်း၊ သားတော်ရင်းနှင့်၊ မယွင်းနန်းမှာ၊ စံသောခါတုံ၊ များစွာမိဿံ၊ ခြံရွှေရံလျက်၊ ခြူးပုံတွန့်ချွန်၊ သလွန်ပြိုးပြက်၊ မျက်နှာကြက်မှာ၊ ညောင်ရွက်လည်ဆွဲ၊ ရွှေမှော်ကြဲ၍၊ မှီနွဲ့အုန်းဝန်း၊ ကာသန်းတင်းတိမ်၊ ခြူးအိမ်ခြူးခက်၊ ခြူးရွက်ခြူးပင်၊ စိုက်သော်ရှင်မျှ၊ စီဆင်အဟုတ်၊ ခြေဆုပ်ရပ်ခံ၊ ကိုယ်လုပ်ရံ၍၊ ရွှင်စံတထူး၊ လင့်ကျေးဇူးကို၊ နဖူးလက်တင်၊ အောက်မေ့ကျင်က၊ နန်းတွင်းမပျော်၊ နောက်တော်တူပင်၊ လိုက်ပါချင်စွ၊ မိခင်မနှေး၊ သွားခွင့်ပေးလော့၊ သားထွေးသားဦး၊ စုံပူးတကွ၊ မောင်နှမနှင့်၊ လင်လှသွားရာ၊ နောက်တော်ပါက။ ။ မကွာလိုက်ချင်လေ၏တည်း။

မကွာမကွေ၊ လိုက်ပါလေအံ့၊ ဖော်ရွှေမပါ၊ ဟောဝန္တာမှ၊ ပျော်ကာအတူ၊ ပူလျှင်ပူချင်း၊ မကင်းချစ်ကျွမ်း၊ ချမ်းလည်းတူပေ၊ သေလည်း

mgyoe.com

mgyoe.com


တူကွ၊ နေချင်စွဟု၊ လိုက်ရမည်ကြောင်း၊ ခွင့်တောင်းနိုးနှော၊ စကားပြော၍၊ ထိုသည်နေ့နှိုက်၊ ရွှေခဲစက်ခြည်၊ ရောင်ခြည်တထောင်၊ ဆောင်တုံမသွေ၊ ယုဂန်ဘွေက၊ တနင်္ဂနွေကြိုဟ်၊ ခေါ်ဆိုတွင်ခြင်း၊ ရှင်နေမင်းလျှင်၊ နောက်ခွင်မတ်မတ်၊ မွန်းတည့်လတ်က၊ မြောက်မှနေပေါ်၊ တောင်သော်နေဝင်၊ ဖြစ်ခဲ့ကျင်၍၊ မြောက်ခွင်ပြိုပျက်၊ အလုံးထွက်က၊ တောင်ဖက် ဇမ္ဗူ၊ နေပူဝင်မြောက်၊ အလုံးပျောက်၍၊ ထိုသည်နေ့တွင် မရွေ့နန်းတွင်၊ နေကျင်တည၊ အိပ်ပြီးမှတည့်၊ မွေးဖမယ်တော်၊ မင်းနှစ်ဖော်ကို၊ နှုတ်တော် သံညောင်း၊ သွားခွင့်တောင်းက၊ ကောင်းစွမနေး၊ အခွင့်ပေးမှ၊ ထိုညကုန်မြောက်၊ မိုးသောက်စက်ဝန်း၊ နေမင်းထွန်းက၊ ထိပ်စွန်းဝန္နာ၊ လက်တင်ကာလျှင်၊ သွားအံ့ပြင်သည်။ ။ ဦးတင်ချတုံလေ ၏တည်း။

တတော ဝေဿန္တရော ရာဇာ မာတာပိတရော ဝန္ဒိတွာ နဂရ နိက္ခမိ။

တတော၊ ထိုနောက်မှ။ ဝေဿန္တရော ရာဇာ၊ ဝေဿန္တရာမင်းသည်။ မာတာပိတရော၊ အမိအဖတို့ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ နဂရာ၊ ပြည်မှ။ နိက္ခမိ၊ ထွက်လေ၏။

ဤသို့ဝန္ဒနာ၊ ပြုပြီးစွာကြား၊ မင်းလေးပါးကား၊ ဖဝါးတော်လှ၊ ဆန်ကြွတုံကြား၊ ရွှေရထားသို့၊ တက်ကြားအတူ၊ စီးတော်မူမှ၊ သားလှနှစ်ပါး၊ မိဖုရားကို၊ ရထားလယ်တွင်၊ စီးစေချင်မှ၊ ကိုယ်တော်လှကား၊ ဦးကထိုင်ကာ၊ ကြိုးလေးမြွာကို၊ လက်မှာချည်တွဲ၊ မိစွာဆွဲမှ၊ နေးလှစနိုး၊ တံပြာမိုး၍၊ ရွှေကြိုးလျှော့တုံ၊ မလျှော့တုံလျှင်၊ ရွှေစင်စင်ဝင်း၊ နန်းတော်တွင်းမှ၊ ထွက်ခဲ့ကြွသော်၊ မြင်ကသနား၊ လူအများတို့၊ ဝမ်းပါးဝမ်းကွဲ၊ ဖြစ်ရနဲ့ဟု၊ သဲသဲကျော်မျှ၊ မျှော်ကြည့်ကြ၏၊ ရင့်လှသမ္ဘာ၊ ဘုရားလျာ

mgyoe.com

mgyoe.com


ကား၊ ရပ်လှာပြောထူ၊ ပြည်သူတကာ၊ ရှိလေရာကို၊ ယာဉ်သာရထား၊ ရှေးရှုသွား၍၊ စကားသာနွဲ့၊ နှုတ်ဆက်ခဲ့မှ၊ မငဲ့မမှား၊ တရားဖြောင့်ထွေ၊ မြဲကြစေဟု၊ ဆိုထွေစကား၊ ဆုံးမကြားက၊ တရားမင်းကျော်၊ ထွက်ခဲ့သော်လျှင်၊ မယ်တော်ထွတ်ဖျား၊ မိဖုရားကား၊ ငါ့သားဝေသန်၊ လျှုပြန်စွန့်ကြဲ၊ လွန်စွာရဲ၍၊ တောထဲမြိုင်ခွင်၊ မရောက်ခင်ကို၊ လမ်းတွင်စိတ်ဖြေ၊ လှူပါစေဟု၊ ရွှေငွေရတနာ၊ များစွာလှည်းတွင်၊ အပြည့်တင်၍၊ နောက်တွင်မကွာ၊ လက်ယာလက်ဝဲ၊ ဝန်လှဲအများ၊ လိုက်ရငြား၍၊ ဘုရားအလောင်း၊ ယောကျ်ားကောင်းလျှင်၊ ဖုန်းတောင်းယာစကာ၊ များစွာနန္တ၊ ရှိသမျှကို၊ ယူကြမနှေး၊ လိုတိုင်းပေး၍၊ မဝေးတူမျှော်၊ ဖွားဖက်တော်ဟု၊ ထင်ပေါ်တုံ့ရှောင်း၊ မတ်ခြောက်သောင်းလည်း၊ သောင်းသောင်းဖြင်မျှ၊ ပို့လိုက်ကြ၍၊ မြို့ကကွာမြောက်၊ မနည်းပေါက်က၊ ဝမ်းမြောက်ကြည်လင်၊ မြို့ကိုပင်လျှင်၊ မြင်ချင်စိတ်က၊ ကြည့်ချင်လှ၍၊ ယာဉ်လှရထား၊ တန့်ရပ်နားသော်၊ ရထားနှင့်မျှ၊ ပမာဏလျှင်၊ လှည့်ထတသီး၊ ဤမြေကြီးကား၊ လှည်းဘီးသဖွယ်၊ ချာချာလည်၍၊ ရှေ့ဝယ်တူရူ၊ မြင်တော်မူက၊ ဌာနနန်းမြေ၊ မိဖနေသည်၊ စေတုတ္တရာ၊ ပြည်သာရပ်ခွင်၊ မဝေးခင်ကို၊ မျက်မြင်ဝါးဝ၊ နှမအိမ်သူ၊ ကြည့်တော်မူဟု၊ ဘုန်းလူဝေသန်၊ မိန့်တော်ပြန်က၊ ကြိမ်ဖန်လှည့်လှည့်၊ စိန်းစိန်းကြည့်လျက်၊ ရထားထက်က၊ စုံမက်ဆပွား၊ မင်းလေးပါးလျှင်၊ မျက်ဝါးဝဝ၊ ကြည့်ပြီးမှတည့်၊ များလှတုံ့ရှောင်း၊ မတ်ခြောက်သောင်းအား၊ ပြန်သွားစိမ့်ငှာ၊ မိန့်တော်လှာသည်။ ။ နားမှာနာပျော်ပေ၍တည်း။

နာပျော်ကြည်ညို၊ ဤသို့ဆို၍၊ ငါ့ကိုရှိညွှတ်၊ အရှင်ဝတ်၌၊ လျှောက်ပတ်သမှု၊ ကုံစွာပြု၍၊ ကြီးထုစီးပွား၊ ငါ့ဘုန်းအားကြောင့်၊ ခံ့ညားကုံလုံ၊ အင်ပြည့်စုံသည်၊ ကျွန်ယုံအပေါင်း၊ မတ်ခြောက်သောင်းတို့၊ လမ်းကြောင်းခရီး၊ မနီးမြေတာ၊ ယခုကွာပြီး၊ ပြည်ရွာတိုင်းခွင်၊ လှည့်စေ

mgyoe.com

mgyoe.com


ချင်၏၊ ဤတွင်၍ပ၊ နေရစ်ကြတော့၊ ဌာနနန်းမြေ၊ ပြန်ကြလေတော့၊ ရဝေဘုံကျော်၊ ရွှေနန်းတော်မှာ၊ မယ်တော်ဖုရား၊ ဖမင်းများကို၊ ညွတ်တွား သံတော်၊ ဦးတင်ဖော်၍၊ သားတော်ငါက၊ ချွေးမမဒ္ဒီ၊ ဇာလီကဏှာ၊ ဆင့်ကာမြွက်ကြား၊ မြေးနှစ်ပါးက၊ ထိပ်ထားစုံကာ၊ လျှောက်လိုက်မှာ၏၊ တင်ကာဦးထား၊ မင်းနှစ်ပါးကို။ ။ ရွှေနားစေ့ရေ၊ လျှောက်လေကြ လော့။ ။ လျှောက်ရမည်ကား၊ များကြောင်းလျားကို၊ မှတ်သားမြဲမြဲ၊ နှလုံးစွဲက၊ ဘုရားကျွန်တော်၊ တို့လေးဖော်ကို၊ ဘုန်းတော်တေဇ၊ တန်ခိုး မ၍၊ ပို့သမေတ္တာ၊ တော်ကြောင်းသာလျှင်၊ ကိုယ်မှာသောက၊ ဘေးဘယ တို့၊ လွဲကြရှောင်ခွာ၊ အဇ္ဈုတ္တာနှင့်၊ ဗာဟိရက၊ ကိုယ်ပကိုယ်တွင်း၊ ချမ်းသာလျှင်း၍၊ မြေးမင်းနှစ်ပါး၊ ဘုရားကျွန်တော်၊ သားတော်ဝေဿန်၊ သက်နှံ့မြောက်သား၊ မယားမဒ္ဒီ၊ တူညီမကွာ၊ ဝဏ်ပါသို့၊ သွားပါလိမ့် မည်၊ လျှောက်လိုက်သည်ဟု၊ နတ်ရည်ရောင်ဆင်း၊ မယ်တော်မင်းက၊ မွေးဖဘုရား၊ စံစားရွှင်ပျော်၊ ရွှေနန်းတော်သို့၊ တဖော်ရုံးစု၊ ညီညွတ်ပြု ၍။ ။ ယခုမနေတက်ကြလေ။ ။ ရွှေပြည်ရပ်သာ၊ နေရာဌာန၊ ရောက်လေကလည်း၊ ဆုံးမတုံကြား၊ ငါ့စကားကို၊ မှတ်သားမသွေ၊ မြဲကြ စေလော့၊ ပေးထွေဒါန၊ သီလထန်စွာ၊ ဘာဝနာကမ္မဋ္ဌာန်း၊ ရွတ်စီးဖြန်းကြ၊ မေတ္တာမျှလော့၊ သင်္ဂဟလေးပါး၊ ဤတရားလည်း၊ မြဲကြားကြစေ၊ မယွင်း သွေနှင့်၊ ကာမေသုမိစ္ဆာ၊ အဒိန္နာနှင့်၊ ပါဏာတိပါ၊ မုသာဝါဒ၊ သူရာ စသား၊ ဤငါးပါးကို၊ ရှောင်ရှားကုန်ဘိ၊ မစွမ်းငြိနှင့်၊ ဂတိလေးပါး၊ ဖြောင့်မှတ်သား၍။ ။ တရားဆယ်ထွေစောင့်ကြလေ။

ဤသို့မှာတော်၊ မူလတ်သော်တည့်၊ ဂုဏ်တော်အပေါင်း၊ မတ် ခြောက်သောင်းလည်း၊ ညွတ်ပျောင်းတုပ်ကွ၊ ဦးနှိမ်ချ၍၊ ယိုကျမျက်ရည်၊ မဆည်တို့တက်၊ ခေါင်းသို့ညွတ်မျှ၊ လွမ်းဆွတ်မရှင်၊ ကိုယ်တို့ရှင်ကို၊ မျှော်ကျင်စောင်းငဲ့၊ တနွဲ့နွဲ့နှင့်၊ နောက်လှဲ့နောက်လှဲ့၊ ပြန်ကြခဲ့၍၊ တုမှဲ့

mgyoe.com

mgyoe.com


ကင်းစင်၊ ပွင်အံ့ထင်သည်၊ လူ့ခွင်ကျော်သောင်း၊ ဘုရားလောင်းကား၊ လျှင်ကြောင်းခုံမင်၊ ရထားနှင်၍၊ ဆောလျှင်မနေ၊ ထွက်ကြလေသော်၊ ဆထွေရှေးက၊ တောင်းနှင့်ကြသား၊ သူတို့အားကို၊ ဘုရားအလျာ၊ ကိုယ်တော်မှာဥ္၊ ဆင်ကာဝတ်ငြား၊ တန်းဆာများကို၊ ချွတ်ငြား၍သာ၊ ဆယ့်ရှစ်ခါလျှင်၊ လှူတုံကျင်၏၊ ထိုတွင်မနေ၊ လာခဲ့ပေသည်။ ။

မကွေတူစုံလေးပါးတည်း။

မကွေတူစုံ၊ သွားလေတုံက၊ ဝေးလှခရီး၊ ရောက်လေပြီးမှ၊ ရွှေနှုတ်ဟာ၏၊ တူကွမကွာ၊ ငါ့နောက်ပါသည်၊ အင်္ဂါစုံညီ၊ စောမဒ္ဒီ။ မမှီတုံငြား၊ သူတောင်းစားကို၊ သွားရာစိုက်စိုက်၊ လိုက်လှာသောသွင်၊ ငါခုထင်စွ၊ မျှော်ချင်မျက်နှာ၊ နောက်ကိုသာလျှင်၊ ကြည့်ပါလိုက်လား၊ မိန့်တော်ငြားက၊ မိဖုရားလှညီ၊ ရှင်မဒ္ဒီလည်း၊ နောက်ဆီတည့်တည့်၊ မျှော်၍ကြည့်က၊ မြင်၏ဘုရား၊ ပုဏ္ဏားယုတ်သွင်၊ လေးယောက်မြင်ဟု၊ လျှောက်ကျင်တုံက၊ မြင်းလှဇက်အုပ်၊ မလှုပ်ရထား၊ မသွားရစေ၊ ငံ့၍နေမှ၊ မိုက္ကန်ကြ၍၊ မြွက်ဟာစကား၊ လျှောက်လိုက်ကြား၏၊ အများသတ္တဝါ၊ ဝေနေယျာကို၊ ချမ်းသာအမှန်၊ ကယ်အံ့ကြံသည်၊ ဝေဿန္တရာ၊ မင်းရာဇာကား။ ။ သတ္တာသတ္တက၊ ဒါနထင်ပေါ်၊ အလှူတော်ကို၊ တို့သော်မှန်စွာ၊ မမှီပါခဲ့၊ တကာတော်မင်း၊ လေးစီးမြင်းကို၊ မယွင်းခုလျှင်၊ လှူစေချင်ဟု၊ ဆိုလျှင်ချက်ချင်း၊ လေးစီးမြင်းကို၊ လျှင်ပြင်းလွတ်လွတ်၊ ထမ်းပိုးချွတ်၍၊ သွတ်သွတ်သွက်သွက်၊ ချရေစက်ဖြင့်၊ မကွက်စိတ်နေ၊ လှူတုံလေသည်။ ။

ပေးထွေအကျန်မထားတည်း။

မကျန်မကျွင်း၊ လေးစီးမြင်းကို၊ လျှင်ပြင်းမနေ၊ လှူတုံပေငြား၊ ပုဏ္ဏားများလည်း၊ အားရဝမ်းသာ၊ နှုတ်ပျူငှာနှင့်၊ မကြာလျင်မှု၊ လိုသောဆုကို၊ ရမှုမသွေ၊ ပြည့်လျှင်းစေဟု၊ ဆိုထွေသြဇာ၊ ချီးမြှောက်ကာလျှင်၊ နေရာဌာန၊ ပြန်လေကြ၏၊ နဝရတနာ၊ စီကာလုပ်ငြား၊ ရွှေရထားကို၊

mgyoe.com

mgyoe.com


နတ်သားလေးယောက်၊ မျက်မှောက်ပြုပြင်၊ ရွှေသမင်ကို၊ စီဆင်ဖန်ဆင်း၊ ထင်စေလျှင်းမှ၊ ချိုလှသန္တာ၊ ကိုယ်မှာရွှေသား၊ သွားကားပုလဲ၊ နီရဲမျက်စိ၊ ပြည်တိထိုက်ငြား၊ ပဒုမြားသို့၊ လေးပါးသမင်၊ ရထားငင်၍၊ လမ်းတွင်တူရူ၊ ရှေးရှုမမှား၊ ရှန်း၍သွား၏၊ ဘုရားအလောင်း၊ ကျော်သောင်းလူ့ရွာ၊ မင်းရာဇာလည်း၊ နတ်သာချိုမြ၊ ဤသို့ဟာ၏၊ နမမဒ္ဒီ၊ ဤသည်ဥပမာ၊ အံ့စရာကို၊ ကြည့်ပါတုံလှာ၊ တူကာရှေးကျူး၊ မမြင်ဘူးတည့်၊ အထူးမှန်စွာ၊ ခုမှသာလျှင်၊ ရွှေသမင်သည်၊ မြင်းသွင်ရထား၊ ရှန်း၍သွားဟု၊ မိန့်ငြားလတ်သော်၊ မောင်တော်ဘုရား၊ အိုရှင့်ဘား၊ ပျော်ပါးနန်းမှာ၊ စံသောခါ၌၊ ခြင်းရာတထူး၊ မမြင်ဘူးတည့်၊ အကျူးခုလျှင်၊ တောသို့ဝင်မှ၊ မြင်ပြန်ရသည်၊ ပြောပစရာ၊ မထိုက်စွာဟု၊ သာယာချောမော၊ စကားပြော၍၊ မင်းစောဆွေလင်၊ လွှားလေကျင်သည်။ ။လမ်းတွင်တွေ့လေ ပုဏ္ဏားတည်း။

လမ်းတွင်တခါ၊ ပုဏ္ဏားလာ၍၊ ပန်ထွာတုံမြော်ကာ်၊ ဤသို့လျှောက်၏၊ ထက်အောက်များစွာ၊ ဝေနေယျာဟု၊ သတ္တဝါနန္တ၊ ရှိသမျှကို၊ ကယ်မကူးတို့၊ နိဗ္ဗာန်သို့လျှင်၊ ပို့အံ့အားသန်၊ ဝမ်းကကြံသည်၊ ဝေဿန္တရာ၊ မင်းရာဇာ။ ။သတ္တာသတ္တက၊ လှူဒါနကို၊ နောက်ကျ၍သာ၊ မမှီပါခဲ့၊ တကာမင်းဖျား၊ ရွှေရထားကို၊ ငါ့အားခုလျှင်၊ လှူစေချင်ဟု၊ ကြည်လင်ပန်ထွာ၊ တောင်းသောခါလျှင်၊ ဆီမှာဗိုင်းကျ၊ အစိမ်ရသို့၊ နှုန်းမျှဖရဏာ၊ လှူချင်ပါလည်း၊ ဝမ်းမှာတဖန်၊ အောက်မေ့ပြန်၏၊ အမှန်ခုကား၊ ဤပုဏ္ဏားအား၊ ရထားငါလျှင်၊ လှူတုံကျင်က၊ သားလှနှစ်ပါး၊ ငါ့မယားလျှင်၊ ဖဝါးပေါက်ပြ၊ သွားရှာရ၍၊ မိန်းမဘာသာ၊ စိတ်မာန်ပါက၊ စေတနာတဖန်၊ ပျက်ပြန်အံ့သော၊ လွန်နှမြောဟု၊ မပြောဝံ့က၊ ကြံတွေးဆငြား၊ မိဖုရားကို၊ မျက်ဝါးစောင်းလှည့်၊ ပြန်၍ကြည့်သော်၊ သားမယ်တော်လည်း၊ ထိပ်ပေါ် လက်မြှောက်၊ ပန်ကြားလျှောက်၏၊ မောက်သည်ဘုန်းတော်၊ ကျော်သည့်

mgyoe.com

mgyoe.com


သတင်း၊ ပြင်းသည်တန်ခိုး၊ စိုးသည်ရွှေနန်း၊ မြန်းသည်ရွှေပြည်၊ ပေးသည် ဒါန၊ ပုညစွန့်ကြဲ၊ အလှူရဲသည်၊ မင်းရဲဝေဿန်၊ လူ့တံခွန်။ အကျွန်ုပ် အား၊ ဖိထားမေတ္တာ၊ ဆိုရှာမည်ပင်၊ စိတ်တွင်နှစ်ခွ၊ မတွေးဆနှင့်၊ ဒါန ကြည်ညို၊ လှူကျင်လိုက၊ ခဏဆောလျှင်၊ လှူစေကျင်ဟု၊ ကြည်လင် မနှေး၊ လှူခွင့်ပေးသည်။ ။ ရင်သွေးနှစ်ပါးမယ်တော်တည်း။

မဒ္ဒီဒေဝီ ရထံ ဩတရိတွာ ပထဝီ ကမ္ပမာနော အပေဟာသိ။

မဒ္ဒီဒေဝီ၊ မဒ္ဒီမိဖုရားသည်။ ရထံ၊ ရထားမှ။ ဩတရိတွာ၊ သက်လတ်သည်ရှိသော်။ ပထဝီ၊ မြေကြီးသည်။ ကမ္ပမာနော၊ တုန်လှုပ်သည်။ အပေဟာသိ၊ ဖြစ်၏။

ဇာလီကဏှာ၊ ဆင့်ကာလည်းဖွား၊ နှစ်ပါးမယ်တော်၊ ထိုရော် မနှေး၊ လှူကျင်ပေးက၊ နရထွတ်ချာ၊ မင်းရာဇာလည်း၊ ယာဉ်သာရထား၊ ပုဏ္ဏားအားကို၊ စိတ်ထားဖြောင့်မှန်၊ လှူမည်ကြံက၊ ဖန်တုံပြုပြင်၊ ရွှေ သမင်ကို၊ ထင်စေတုံမြောက်၊ လေးယောက်နတ်သား၊ ကွယ်လေငြား၍၊ ဘုရားအလျာ၊ မင်းရာဇာလည်း၊ သိင်္ဂါပြိုးပြက်၊ ရထားထက်က၊ ရွှေစက် ပဒုံ၊ ဆင်းသက်တုံမှ၊ သားလှနှစ်ပါး၊ ရင်သွေးများကို၊ ပိုက်ဖြားယုယ၊ ချီ၍ချမှ၊ မိန့်ဟာစကား၊ မိဖုရားကို၊ မင်းဖြားကြည်ညို၊ ဆင်းတော့ဆိုမှ၊ နန်းမညာထား၊ မိဖုရားလည်း၊ ဖဝါးညှံ့နု၊ ဆင်းမည်ပြုက၊ ဒါနထပ်ပွား၊ သီလအားကြောင့်၊ ကြည်းအာ ခံပေ၊ ဤသည်မြေလျှင်၊ ရေဆူပွက်ပွက်၊ ပွေးစုံ့တက်သို့၊ ထိလျက်ရထား၊ ခံလေငြားက၊ မိဖုရားကြီး၊ ထွန်းဆီမီး သို့၊ ကြန်သီးစုံညီ၊ မဒ္ဒီမည်ခေါ်၊ သားမယ်တော်လည်း၊ ခြေတော်ညှံ့ခြင်း၊ မြေထက်နင်းက၊ စောင်းမင်းမြေမိုး၊ တုန်လှုပ်ကြိုး၍၊ ချိုးချိုးချွန်းချွန်း၊ အုန်းအုန်းမည်ဟစ်၊ ပဲ့တင်ထစ်သို့၊ ကြီးလစ်ပုညာ၊ ဒါနထပ်ပွား၊ သီလအား

mgyoe.com

mgyoe.com


ကြောင့်၊ မြေသားကြံ့ခိုင်၊ မခံနိုင်ပေ၊ တုန်လှုပ်လေ၍၊ ဝေသသန္တရာ၊ ခေါ်မည်သာနှင့်၊ ကြေငြာကျော်သောင်း၊ ဘုရားလောင်းလည်း၊ တောင်းသည်ဆုတော်၊ ယာဉ်ကျော်ရထား၊ လှူရငြားသား၊ အကျိုးအားကြောင့်၊ များသည်ဝေနေ၊ သဗ္ဗေသတ္တာ၊ သတ္တဝါကို၊ ချမ်းသာကူးတို့၊ နိဗ္ဗာန်သို့လျှင်၊ ပို့အံ့ကယ်တင်၊ ယာဉ်မဂ္ဂင်ဖြင့်၊ ငါလျှင်ဘုရား၊ ဖြစ်စေသားဟု၊ ကြီးမားဆုရော်၊ ပြုပြီးသော်လျှင်၊ ရွှေပင်ပြိုးပြက်၊ ကျောက်မျက်စီငြား၊ ရွှေရထားကို၊ မင်းဖြားရက်ရက်၊ ပုဏ္ဏားလက်သို့၊ မကွက်မျက်နှာ၊ သဒ္ဓါကြည်ဖြူ၊ လှူတော်မူသည်။ ။ ပြိုင်သူအတုမမြော်တည်း။

ပြိုင်တူမမြင်၊ ဇမ္ဗူပြင်ဝယ်၊ ဘုရင်ခေါင်ဖျား၊ မင်းတရားကား၊ ပုဏ္ဏားပဏ္ဍိတ်၊ ပုရောဟိတ်အား၊ ရွှေရထားကို၊ လှူငြားပြီးသော်၊ ရွှေနှုတ်တော်ဖြင့်၊ မြွက်ဖော်သံမြ၊ ဤသို့ဟ၍၊ နှမ မဒ္ဒီ၊ မောင်ဇာလီကို၊ ချီအံ့ငါလျှင်၊ နောက်မြင်ငယ်စွာ၊ မယ်ကဏှာကို၊ လျှင်စွာခုပင်၊ ချီစေချင်ဟု၊ ရွှေစင်နှုတ်တော်၊ မိန့်ပြီးသော်လျှင်၊ သားတော်လှညီ၊ မင်းဇာလီကို၊ ချီကာယူငြား၊ ရှေ့ကသွား၍၊ မိဖုရားမြတ်၊ တောင်နန်းထွတ်လည်း၊ သည်းပွတ်အူချာ၊ ကဏှာနောက်မွေး၊ သမီးထွေးကို၊ လေးမြတ်ကြည်လင်၊ တင့်ထက်တင်၍၊ ချီကျင်စိုက်စိုက်၊ နောက်ကလိုက်၍၊ မကိုင်ရွံ့သရဖူ၊ သုံးပါးလူတွင်၊ ဝှန်ဆူကျော်သောင်း၊ ဘုရားလောင်းလည်း၊ လမ်းကြောင်းရှေ့ရှူ၊ သွားတော်မူသော်၊ ရှေ့တူတခါ၊ ပုဏ္ဏားလာ၍၊ ပန်ထွာတုံမြွောက်၊ ဆီး၍လျှောက်၍၊ အံ့လောက်ထင်ပေါ်၊ အလှူတော်ကို၊ လွဲချော်၍သာ၊ မမီပါခဲ့၊ ကိုယ်မှာခုတုံ၊ တစုံတရာ၊ ကြွင်းကျန်ပါက၊ လှူပါစေချင်၊ လျှောက်ဦးတင်သော်၊ ငါ့တွင်ရွှေငွေ၊ ပါချေသမျှ၊ မြင်းကရထား၊ ပုဏ္ဏားများကို၊ လှူငြား၍တုံ၊ ငါ့မှာကုန်ခဲ့၊ တူစုံပျော်ငြား၊ သားနှစ်ပါးတို့၊ ကစားသည်ငှာ၊ ရွှေဝါဖူးရောင်၊ ရွှေကြက်ပေါင်လျှင်၊ တခုပင်သား၊ ကြွင်းကျန်ပါ၍၊ နည်းစွာလှချင်၊ စိတ်မထင်နှင့်၊ လိုလျှင်ရော့ရော့၊ ယူလေ

mgyoe.com

mgyoe.com


တော့ဟု၊ အသော့ရင်ကြောင်း၊ ပေးလိုက်ရှောင်းသည်။ ။ အလောင်း ဗုဒ္ဓသတ္တော်တည်း။

ဗုဒ္ဓသတ္တော်၊ မင်းရဲကျော်ကား၊ ရွှေသားပြောင်ပြောင်၊ ရွှေကြက် ပေါင်ကို၊ ယူဆောင်မနေး၊ လျှင်စေပေးမှ၊ ဖြေးဖြေးညှံ့သက်၊ ကြွလေ ထွက်သော်၊ နောက်ဆက်ထပ်ကာ၊ မမှီပါပြား၊ မိဖုရားကား၊ ဖဝါးပေါက် ပြ၊ နေကညီးညီး၊ ချွေးတီးတီးနှင့်၊ တိမ်းပီးတိမ်းပါး၊ မသွားတို့နိုင်၊ မခိုင်ကိုယ်တော်၊ ညှိုးယော်တုံခဲ့၊ တနွဲ့နွဲ့လျှင်၊ နောက်တော်တွင်၌၊ ခြေပင်တောင့်ဆတ်၊ မလှမ်းတတ်၍၊ ကျိန်းစပ်ပူဆာ၊ ရှိတုံပါသော်၊ တွယ်တာတူကွ၊ ကြည်းဆောင်မ၍၊ ဘုရားအလျာ၊ သွားသောခါလျှင်၊ ယူဇနာငါးပြန်၊ အမှန်ချင့်တာ၊ ပြည်ကကွာမှန်၊ သုဝဏ္ဏတာလ၊ မည်ရ လူ့ဘောင်၊ ထိုသည်တောင်ကို၊ ဆွေမောင်တူကွ၊ ရောက်လေကြလျှင်၊ သစ်ရိပ်တွင်၌၊ ပင်ပန်းဖြေပြား၊ သင့်ရုံနား၍၊ ဖဝါးစက်ခြေ၊ ကြွပြန်လေ သော်၊ ဝေးထွေယူဇနာ၊ ငါးပြန်ကွာတွင်၊ ကြည့်ပါဘိချင်၊ မြအဆင်သို့၊ သမင်ဖွေးဖွေး၊ ချမ်းတော့ဘိ၊ ကောန္တိမာရာ၊ မည်သာတွင်လစ်၊ ထိုသည် မြစ်သို့၊ စင်စစ်ကိုယ်တော်၊ ရောက်လေသော်လျှင်၊ သားတော်နှစ်ပါး၊ မိဖုရားနှင့်၊ ရေအားပြည့်ဝ၊ သောက်ချိုးမှလျှင်၊ ဓမြပန်းပြေ၊ သင့်ရုံနေမှ၊ ဆွေလင်နှစ်ပါး၊ တဖန်သွားသော်၊ ကြီးမားတောဖော်၊ ရွှေဘုန်းတော်ကြောင့်၊ ထင်ပေါ်ဟိုးဟိုး၊ တောတရိုးကို၊ စိုးသည်နတ်များ၊ မနေအား၍၊ ဖန်ပြား စီရင်၊ တောတခွင်တွင်၊ စုံလင်ပန်းပေါင်း၊ ခါမညောင်းတည့်၊ ခက် ကောင်းညွန့်ဝေ၊ ပွင့်ကြပေ၍၊ စားထွေမငြီး၊ သစ်သီးတကာ၊ ခါမဟုတ် ဘဲ၊ တွဲရရွဲလျှင်၊ ရှေ့တော်ပြင်ကို၊ ကြည်လင်ဆွတ်ဆွတ်၊ နိမ့်ကာညွတ်၍၊ ဆွတ်စေချင်ဟန်၊ ဆီးကာခံ၍၊ မောင်နှံနှစ်ပါး၊ တောကစားသို့၊ ပျော်ပါး ကုန်ကြ၊ ရွှင်ဆွဆွနှင့်၊ သားလှနှစ်ပါး၊ သူငယ်များလည်း၊ ဆင်းသွား ရှေ့က၊ မိဖခေါ်ကာ၊ ငယ်သံသာနှင့်၊ ရွှင်ပါကုန်ကြ၊ ရယ်ဟဟနှင့်၊

mgyoe.com

mgyoe.com


မွေးဖမယ်တော်၊ မင်းနှစ်ဖော်လည်း၊ သားတော်တို့အား၊ သနားဝမ်းက၊ စုံမက်လှ၍၊ ယုယချီကာ၊ သွားလေပါသော်၊ ဝေးစွာခရီး၊ မနီးရှင်လူ၊ ငါးယူဇနာ၊ တဖန်ကွာက၊ အစွရကွ၊ မည်ရလူ့ဘောင်၊ ထိုသည်တောင်သို့၊ မင်းခေါင်ဝေဿန်၊ နတ်ဟန်မခြား၊ မိဖုရားနှင့်၊ နှစ်ပါးတူကွ၊ ရောက်လေကြသည်။ ။ ဌာနခရီးကျူးကျော်တည်း။

ခရီးကျူးကျော်၊ တိုင်ရောက်သော်လျှင်၊ ထိုတွင်ပန်းဖြေ၊ သင့်ရုံနေမှ၊ ရွှေခြေစကတ်တော်၊ ကြူးပြန်သော်ရှင့်၊ မှန်ချင့်ယူဇနာ၊ ငါးပြန်ကွာသား၊ နာလိဒဏ္ဍ၊ နာမသညာ၊ ပုဏ္ဏားရွာသို့၊ မချာထုတ်ချောက်၊ တိုင်လေရောက်က၊ နှစ်ယောက်မယ်တော်၊ မနော်နတ်ပြီ၊ ရှင်မဒ္ဒီနှင့်၊ တူညီတကွ၊ နေနားမှလျှင်၊ ထိုကတဖန်၊ သွားလေပြန်က၊ ဝေးလှခရီး၊ မနီးမြေတာ၊ တောသာပြိုင်းပြိုင်း၊ ပင်တိုင်းရဂုံ၊ ပွင့်တုံပန်းပေါင်း၊ နံ့လှောင်းလှောင်းနှင့်၊ ငှက်ပေါင်းမြူးကာ၊ တမာဖောင်ကား၊ ကျေးသားညီမြ၊ မဂဓဖြင့်၊ မြည်ကြခဲခဲ၊ ဝမ်းပဲဟသာ၊ ကြိုးကြာဥဒေါင်း၊ သံညောင်းညောင်းနှင့်၊ သောင်းသောင်းကြော်ငြာ၊ သူ့ဘာသာလျှင်၊ တပင်ပျံလွှား၊ တပင်နား၍၊ ပျားနှင့်တူစွာ၊ သီးမျိုးမှာလည်း၊ သကာမက၊ ချိုဧမြသည်၊ သီးကြပြွတ်ပြွတ်၊ ပင်လုံးညွတ်လျှင်၊ ခိုင်ပြွတ်လက်ဆောင်၊ သစ်သီးတောင်သို့၊ များမြောင်ထွေထွေ၊ သပြေသဖန်း၊ အုန်းထန်းငှက်ပျော၊ ကျွဲကောလိမ္မော်၊ သစ်တော်သစ်ကျား၊ စားကောင်းသမျှ၊ သီးကြတုံစွာ၊ တောသာယာကို၊ ရာဇာမင်းကျော်၊ သားတော်နှစ်ပါး၊ မိဖုရားနှင့်၊ ဖဝါးစက်ခြေ၊ ရောက်ကြလေသော်၊ သာပေဘိခြင်း၊ သစ်ပင်ရင်း၌၊ လင်မင်းဆွေစုံ၊ နားကြတုံသော်၊ သားတော်နှစ်ပါး၊ သစ်သီးများကို၊ မြင်ငြားသောခါ၊ ဖပီတာကို၊ ခုသာမနေး၊ ဆွတ်၍ပေးဟု၊ ဧသံညောင်း၊ ငို၍တောင်းက၊ အလောင်းဘုရား၊ သားဦချစ်ခြင်း၊ စုံမက်ပြင်း၍၊ မင်းကြီးဝေဿန်၊ တက်အံ့ကြံသော်၊ သဏ္ဍာန်လူ့သွင်၊ ထိုသစ်ပင်လည်း၊ လဲချင်လူလူ၊ ညွတ်လာပြ၍၊

mgyoe.com

mgyoe.com


တစုတရုံး၊ ပင်လုံးဣကာ၊ ရွှေ့တော်မှာလျှင်၊ ကြည်သာဆွတ်ဆွတ်၊
ပြားပြားဝပ်က၊ လက်တော်လှနှင့်၊ ကိုင်ထမနှေး၊ ဆွတ်ကာပေးမှ၊ တူကွ
နှစ်ပါး၊ သားတော်များလည်း၊ အားရအင်တက်၊ မြိန်ရှက်စိတ်အား၊
ဝစွာစား၍၊ ဘုရားအလောင်း၊ ကျော်သောင်းလူ့ရွာ၊ မင်းရာဇာလည်း၊
ချိုသာစကား၊ ဤသို့ကြား၍၊ ငါးပါးကြန်သင့်၊ နိမ့်မြင့်မည်းဖြူ၊ ကျုံ့ဆူ
မထင်၊ ပြစ်မျိုးစင်သည်၊ သည်ပင်တူပေါက်၊ နှစ်ယောက်မိခင်၊ ဉာဏ်စင်
လှညီ၊ ရှင်မဒ္ဒီ။ ။ ဤသည်တခါ၊ အံ့စရာကို၊ ကြည့်ပါတုံလား၊
မြွက်ဖော်ကြားက၊ မိဖုရားကြီး၊ ကြန်သီးစုံညီ၊ ရှင်မဒ္ဒီလည်း၊ ထိပ်ဆီ
လက်မြှောက်၊ ဤသို့လျှောက်၍၊ ကြီးမြှောက်တော်ဖော်၊ ရွှေဘုန်းတော်ကို၊
ထင်ပေါ်နိုင်းမျှ၊ မြင်ပြန်ရသည်၊ ရက္ခသစ်ပင်၊ လူအသွင်သို့၊ ဦးလျှင်
နှိမ့်ဟန်၊ ညွတ်၍ခံသည်၊ ကြိမ်ဖန်များစွာ၊ အံ့ရာမကုန်၊ ဖြစ်ခဲ့တုံလျှင်၊
ရွှေဘုံရှင်ပျော်၊ ရွှေနန်းတော်မှာ၊ နေသောခါနှိုက်၊ တခါဘူးမျှ၊ မမြင်ရ
တည့်၊ ဌာနတထူး၊ တောကျေးဇူးကြောင့်၊ ကြည်နူးကျွန်မ၊ မြင်ပြန်ရဟု၊
ဦးချတုံမြှောက်၊ ချီးမွမ်းလျှောက်မှ၊ စိတ်ရောက်ရာရာ၊ ချိုစွာရွှေးပြား၊
နွေးကာစားမှ၊ ပန်းအားလည်းပြေ၊ သွားပြန်လေသော်၊ တွေ့လေလမ်းတွင်၊
လူသူမြင်က၊ သိချင်ခြင်းရာ၊ ဝက်ပါသည်၊ နီးပါပြီလား၊ မနီးလားဟု၊
မင်းဖြားဘုန်းတူ၊ မေးတော်မူသော်၊ ဗိုလ်လူတကာ၊ ဦးသာနှိမ်မြှောက်၊
ပြန်ကြားလျှောက်၍၊ တာတောက်သချာ၊ ဝက်ပါကား၊ ဝေးစွာလှပေ၊
မနီးခြေတည့်၊ ပန်းဖြေနေငြား၊ ကြိုးစားအားရ၊ ကြွတော်မူဟု၊ လျှောက်
ထားပြုမှ၊ လူထိုမျှလည်း၊ ဖြစ်ရလေဟန်၊ မင်းမောင်နှံကို၊ ဖန်ဖန်ဝမ်းက၊
စုံမက်ကြ၍၊ သုံးပါးနောက်တွင်၊ ပွင့်အံ့ရင်သည်၊ လူ့ခွင်ကျော်သောင်း၊
ဘုရားလောင်းကား၊ လမ်းကြောင်းမမှား၊ ရှေ့ရှုသွားသော်၊ မှန်ငြားဆယ်ခါ၊
ယူဇနာလျှင်၊ ရောက်လေကျင်က၊ မည်ပင်တွင်လှစ်၊ စေတရစ်သို့၊
သားချစ်နှစ်ပါး၊ မိဖုရားနှင့်၊ နေကားဝင်နီး၊ ရောက်လေပြီးသည်။ ။

mgyoe.com

mgyoe.com


ဝရီးမင်း၏ပြည်တော်တည်း။

စေတုတ္တရာ၊ ရွှေပြည်သာက၊ စေတတွင်သည်၊ ဝရီးပြည်ကို၊ ဓွန့်ရှည်ယူဇနာ၊ ကွာသည်သုံးဆယ်၊ ခရီးကျယ်ကို၊ ရောက်လွယ်နေ့ချင်း၊ ပေါက်လေလျှင်းက၊ မြို့တွင်းမဝင်၊ မြို့ပြင်ဥဒ္ဒမှာ၊ သာယာတွင်မှတ်၊ ထို ဇရပ်ကို၊ စက်မြတ်ပါဒေါ်၊ တက်ပြီးသော်လျှင်၊ သားတော်နှစ်ပါး၊ မိဖုရားနှင့်၊ ပန်းအားဖြေကာ၊ ခြေညောင်းညာ၍၊ ထိုင်ခါနေတော်၊ မူ သရော်တည့်၊ တောင်သော်ညာထား၊ မိဖုရားလည်း၊ နွမ်းပြေားမရွှင်၊ ညှိုး ပူပင်လျက်၊ ဆွေလင်ဘုရား၊ မင်းတရား၏၊ ခြေဖျားပါဒ၊ ဆုပ်နယ်မှ လျှင်၊ မိဖဒ္ဒာနေ၊ ချက်မြုပ်မြေကို၊ စိတ်စေသောမန၊ ကြည့်ချင်လှ၍၊ ထွက်ကြွပြုကာ၊ ပြင်ကသာလျှင်၊ မျက်နှာမလှည့်၊ စိန်းစိန်းကြည့်၍၊ တည့်တည့်ဖြောင့်စွာ၊ နေသောခါလျှင်၊ များစွာပြည်သူ၊ ဗိုလ်ပါလူတို့၊ ထွက်ပြုဒ္ဒါရ၊ မြို့ပြင်ကလျှင်၊ ကြည့်ကြလူများ၊ တို့မအားတည့်၊ နတ်လား နှိုင်းကျင်၊ သူ့ဆင်ပြင်ကို၊ မြင်ကျင်သောအား၊ တချို့များလည်း၊ ဟိုကား ကြည့်ပ၊ သူ့မူလမူ၊ လှပါဘိခြင်း၊ နတ်မယွင်းလျှင်၊ ပြစ်ကင်းစွာ၍၊ လွန်သိမ်မွေ့ဟု၊ စေ့စေ့ရှာရှာ၊ ပြောကြပါ၏၊ ခြင်းရာစကား၊ တချို့များ လည်း၊ တပါးမဟုတ်၊ နတ်ရုပ်အသွင်၊ ဤသခင်ကား၊ တို့ရှင်သမီး၊ ကြန်သီးစုံညီ၊ ရှင်မဒ္ဒီနှင့်၊ အညီတကွ၊ တူမောစွဟု၊ ပြောကြစကား၊ တချို့မှာလည်း၊ ဟုတ်ပြေားမထင်၊ တို့ရှင်မျက်ဖျော်၊ သမီးတော်ကား၊ တိုင်းကားသမုတ်၊ စေတုတ္တရာ၊ ပြည်သာစိုးခြင်း၊ ဝေဿန်မင်း၏၊ သည်ရင်းမယား၊ မိဖုရားဟု၊ ဖြစ်ပြေားတုံပြီး၊ ဘုန်းတန်းကြီး၍၊ ခရီးမြေ တာ၊ သို့လောက်ကွာကို၊ မပါခြွေရွေ၊ မလာပေတည့်၊ စိတ်နေထင်ကာ၊ တူသည်သာဟု၊ စ ကာတွေးဆ၊ မယုံကြ၍၊ မုချတည့်တည့်၊ ချဉ်း၍ကြည့် မှ၊ ဟုတ်၏ဆိုကြ၊ တချို့ကလည်း၊ တူလှသည်သာ၊ မဟုတ်ပါဟု၊ သင်္ကာ တွေးဆ၊ မယုံကြ၍၊ မြွက်ဟသံလေး၊ ဤသို့မေး၏၊ ရွှေသွေးတမျှ၊

mgyoe.com

mgyoe.com


သားညီမကား၊ ဌာနဘယ်ရွာ၊ ဘယ်ပြည်သာက၊ ဘယ်ဌာတစ်၊ အလိုရှိ၍၊ ဝေးဘိမြေတာ၊ ဘယ်ကလာသည်၊ ဘယ်ရွာတိုင်းခြေ၊ ဘယ်သည်ပြေက၊ လာပေသနည်း၊ ဖော်လည်းနည်းစွာ၊ မပါခြွေရွေ၊ ဘယ်သည့်ပြေသို့၊ လာလေအံ့နည်း၊ ဖြည်းဖြည်းသာသာ၊ မေးသောခါလျှင်၊ ခြင်းရာဖော်ပြ၊ ဤသို့ပာ၍၊ ညီမငယ်နှောင်း၊ အစ်မကောင်းတို့၊ နှစ်ကြောင်းနှစ်ခွ၊ မတွေးကြနှင့်၊ နာမတွင်လစ်၊ စေတရစ်ဟု၊ ဖြစ်တုံလေပါ၊ ဤပြည်သာကို၊ အာဏာစိုးခြင်း၊ စေတမင်း၏၊ ရင်တွင်းသမီး၊ ဘုန်းတန်းကြီးသည်၊ ကြန်သီးစုံညီ၊ မဒ္ဒီခေါ်တွင်၊ ငါသာပင်တည့်၊ ဆွေလင်သက်နှံ၊ မင်းဝေဿန်ကား၊ အမှန်ဤလျှင်၊ ဤသူပင်တည့်၊ မြင်တုံရင်သွေး၊ နန်းထက်မွေးသည်၊ သားထွေးကဏှာ၊ ဇာလီမင်းသား၊ ဤနှစ်ပါးလည်း၊ ငါ့သားစင်စစ်၊ ဖြစ်၏အမှန်၊ တို့လာဟန် ကား၊ ဖ,မင်းဖြားနှင့်၊ ပြည်သားပြည်သူ၊ မတူစိတ်တွင်၊ တို့ကိုနှင်၍၊ တောင်ဝင်္ကပါ၊ ကိုလျှင်သာတည့်၊ သွားပါလိမ့်မည်၊ လာခဲ့သည်ဟု၊ ပြန်သည်စကား၊ ခြင်းရာကြားက၊ ဝမ်းပါးဝမ်းကွဲ၊ ဆီးနှင်းဖွဲ့သို့၊ မစဲ ငိုယို၊ အိုအိုသခင်၊ ညက်စင်ရွှေသား၊ ဖြစ်ရငြားသည်၊ လားလားမသင့်၊ ပါတမင့်တည့်၊ သခင့်မယ်တော်၊ ဖခင်ကျော်ကို၊ ခုသော်အလျှင်၊ လျှောက် ဦးတင်အံ့၊ ဆွေလင်နှစ်ပါး၊ တခြားမရွေ့၊ ပျော်မွေ့ဤတွင်၊ နေစေချင်ဟု၊ ဦးတင်ပြီးမှ၊ ဝင်ကြတုံမြောက်၊ မင်းကိုလျှောက်မှ၊ စေတရာဇာ၊ မင်းကြီး စွာလည်း၊ ခြင်းရာစကား၊ သနားစုံမက်၊ သားသမက်ကြောင့်၊ ထွက်တုံ လျှင်ကြောင်း၊ မင်းခြောက်သောင်းနှင့်၊ အလောင်းဘုန်းလျှံ၊ မင်းဝေဿန် ၏၊ စက်ထံတော်ရင်း၊ ရောက်လေလျှင်းက၊ ဝပ်စင်းရိုသေ၊ သင့်ရာနေသည်။ . ။ များထွေခြောက်သောင်းဆွေတော်တည်း။

တတော ဝေဿန္တရော ရဇ္ဇေန နိမန္တေ အာဟ။ ။

တတော၊ ထိုရောအခါ၌။ ဝေဿန္တရော၊ ဝေဿန္တရာ

mgyoe.com

mgyoe.com


မင်းကြီးကို။ ရဇ္ဇေန၊ ပြည်ဖြင့်။ နိမန္တေ၊ ဖိတ်လိုရကား။ အာဟ၊ ဆို၏။ ။

ဆွေတော်ခြောက်သောင်း၊ မင်းအပေါင်းတို့၊ ဥက္ကောင်းလက်တင်၊ ရှေ့တော်ပြင်ဝယ်၊ မွမ်းဖြင်မြားမြောင်၊ လက်ဆောင်စာတော်၊ ဆက်လတ်သော်လျှင်၊ သားတော်နှစ်ပါး၊ မိဖုရားနှင့်၊ လေးပါးတူကွ၊ စားပြီးမှလျှင်၊ ချမ်းမြရေအေး၊ လုပ်တော်ဆေးမှ၊ ဆွေးနွေးနှီးနှော၊ စကားပြောသော်၊ သဘောဖြူစွ၊ လျှောက်မေးကြ၏၊ တရာ့တပါး၊ မင်းအများတို့၊ ခံ့ညားရွှံ့ရှာ၊ ကြောက်ညင်စွာသည်၊ ရာဇာမှန်ကင်း၊ ဝေဿန်မင်း။ ကြောင်းခြင်းပြစ်ဆာ၊ ဘယ်ရေးရာကြောင့်၊ ယာဉ်သာမစီး၊ ရွှေထီးမဆောင်း၊ မှူးပေါင်းမတ်ရာ၊ မိုလ်ပါနတ္ထိ၊ မရှိမပါ၊ ကိုယ်ချည်းသာလျှင်၊ ခြင်းရာထူးခဲ့၊ အမှတ်မဲ့လျှင်၊ သို့စင်ရှင့်သား၊ မအားမရာ၊ ဘယ်ကြောင့်လာဟု၊ ကြည်သာဖြေးဖြေး၊ လျှောက်ကြမေးသော်၊ အရေးကုန်စင်၊ ပြန်လေကျင်၏၊ ချစ်ခင်ကြင်ကျွမ်း၊ ဆွေခင်ပွန်းနှင့်၊ တဝမ်းထွက်တူ၊ လေးမြတ်မူသည်၊ မျိုးတူဆွေဝါး၊ အိုမင်းများတို့၊ ငါကားအမှန်၊ ခုလာဟန်ကို၊ နှိုင်းတန်ငွေတူ၊ မြတ်ဆင်ဖြူကို၊ လှူမိသောအား၊ ဖမင်းဖြားနှင့်၊ ပြည်သားပြည်သူ၊ မတူစိတ်တွင်၊ တို့ကိုနှင်၍၊ တောင်ဝင်္ကပါ၊ သို့လျှင်သာတည့်၊ သွားပါလိမ့်မည်၊ လာခဲ့သည်ဟု၊ ပြန်သည်စကား၊ မင်းများကြားက၊ သနားစုံမက်၊ ခေါ်စိုက်စက်နှင့်၊ နှစ်သက်ဝမ်းက၊ တောင်းပန်ကြ၏၊ နန်းမပစ်ခွာ၊ တောသို့လာသည်၊ မရာတကား၊ တပါးမကြွ၊ ဌာနသာစည်၊ ကျွန်တို့ပြည်ကို၊ စက်ခြည်နေသွင်၊ ဘုန်းလျှင်ကြီးမား၊ အပိုင်စား၍။ ။ မင်းဖြားပြုတော်မူဦးတော့။

မရေမရာ၊ ဝင်္ကပါကား၊ ဝေးစွာခရီး၊ လူမနီးခဲ့၊ တောကြီးမည်းမည်း၊ ဆီးလည်းကျုံကျုံ၊ လေသံသောင်းသောင်း၊ မနေကောင်းတည့်၊

mgyoe.com

mgyoe.com


ဖော်ပေါင်းလည်းကွဲ၊ နှစ်ယောက်ထဲလျှင်၊ ဆင်းရဲပူပင်၊ ရှိမည်ထင်စွ၊ ကိုယ်ပြင်နုထွား၊ သားတော်များလည်း၊ ငယ်ငြားလှပေ၊ တောဝေးမြေမှာ၊ ဆွေခင်မပါ၊ လွန်ပူဆာလိမ့်၊ အောင်ချာပြည်မ၊ မြို့ဇေယျကို၊ ပိုင်သစိုးအုပ်၊ အာဏာချုပ်၍၊ မင်းလုပ်တော်မူ၊ လူလူညောင်ရွက်၊ ထီးရွှေချက်နှင့်၊ ကွမ်းခွက်ကွမ်းလောင်း၊ တကောင်းစလင်၊ သောက်ရေတင်နှင့်၊ မင်းလျှင်ယခု၊ သခင်ပြုလော့၊ ပြိုင်တုမမြင်၊ ရွှေနန်းတွင်အံ့၊ မင်းတွင်မင်းဖျား၊ မင်းတရားပဲ့၊ ကြီးမားဘုန်းတန်း အခေါင်မြန်း၍။ ။ ရွှေနန်းတက်တော်မူဦးတော့။

ဝင်္ကပါတောင်၊ တောမြိုင်ချောင်မှာ၊ ဆွေမောင်နှစ်ပါး၊ နေငြားသဖြင့်၊ မတော်တင့်တည့်၊ မသင့်တုံငြား၊ ဖော်လည်းရှားခဲ့၊ သနားစဖွယ်၊ သူငယ်နှစ်ပါး၊ သားတော်များလည်း၊ ဝမ်းပါးဝမ်းကွဲ၊ တောကြီးထဲမှာ၊ ဆင်းရဲပူပင်၊ ရှိမည်ထင်စွ၊ စားချင်အစာ၊ လွယ်ကာမရ၊ ရှိပြန်ကလည်း၊ သောကထပ်ကာ၊ ကိုယ်မှာလျော့ပါး၊ သွေးသားခြောက်ခန်း၊ လွန်ပင်ပန်း၍၊ မကျန်းကိုယ်တော်၊ ရှိပြန်သော်လည်း၊ ဖော်လော့်မနီး၊ မြိုင်တောကြီးမှာ၊ ခရီးခဲစွာ၊ မရောက်ရာခဲ့၊ တောမှာမပျော်၊ ဤပြည်ကျော်ကို၊ ထင်ပေါ်ယခု၊ မင်းလျှင်ပြုလော့၊ အတုမမြော်၊ ခမည်းတော်ဟု၊ ကျော်သည်သတင်း၊ သိစ္စည်းမင်းကို၊ ကြောင်းခြင်းတုံ့ခေါက်၊ တဖန်လျှောက်အံ့၊ တောက်သည်ရွှေရောင်၊ နန်းဆောင်ဆောင်မှာ၊ အခေါင်လည်းစိုး၊ လူ့ထိပ်မိုးဟု၊ ဟိုးဟိုးတောက်ပ၊ တေဇပြောင်ပြောင်၊ ဘုန်းတော်ရောင်ဖြင့်၊ စိုးဆောင်လုံးလုံး၊ ရွှေလက်ရုံးဖြင့်။ ။ မင်းဆုံးပြုတော်မူဦးတော့။

ဤသို့သံညောင်း၊ မင်းခြောက်သောင်းတို့၊ တောင်းပန်သောခါ၊ ဘုရားလျာကား၊ ဩဇာချိုမြ၊ ရွှေနှုတ်ဟ၍၊ တူကွလည်းဖွား၊ တမိသားတို့၊ ငါ့အားခုလျှင်၊ ရွှေနန်းတင်သည်၊ ချစ်ခင်ဆပွား၊ အိုမင်းဖျားတို့၊ ဖဖွားရည်ရော်၊ ခမည်းတော်လျှင်၊ မလျှော်ပြည်တွင်၊ တောသို့နှင်က၊ တောင်

mgyoe.com